# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁၃)ရက် ၊ သောကြာနေ့ ၊ (27-10-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၈၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၅/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၅/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၅/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်တွင်နိုင်ငံရေးအနှစ်သာရရှိရှိ၊အဓိပ္ပာယ် ပြည့်ဝခမ်းနားထည်ဝါစွာဖြင့် ကျင်းပနိုင်ခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်တွင် နိုင်ငံရေးအနှစ်သာရရှိရှိ၊ အဓိပ္ပာယ် ပြည့်ဝခမ်းနားထည်ဝါစွာဖြင့် ကျင်းပနိုင်ခဲ့ကြောင်း၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်
အယ်ဒီတာ့အာဘော်

# မသန်စွမ်းအားကစားသမားများ၏ ယှဉ်ပြိုင်မှုစိတ်ဓာတ်

သက်ရှိသတ္တဝါများထဲတွင် လူသားတို့သည် ဉာဏ်ရည်အထက်မြက်ဆုံးနှင့် အစွမ်းဆောင်နိုင်ဆုံးသော သတ္တဝါများဖြစ်ကြသည်။ လူသားတို့သည် အစွမ်းအစရှိကြသူများဖြစ်သည်။ ဘဝပေးအကြောင်း အမျိုးမျိုးကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းချို့ယွင်းအားနည်းမှုများရှိခဲ့သော်လည်း ဉာဏ်ရည်အစွမ်းအစ၊ ကျန်အင်္ဂါအစိတ်အပိုင်းတို့ဖြင့် ဘဝကို ကြိုးစားရုန်းကန်အသက်ရှင်နေနိုင်ပေသည်။

ထို့ပြင် လူသားတို့မည်သည် မွေးရာပါချို့ယွင်းမှုကြောင့်သော်လည်းကောင်း၊ မတော်တဆ ထိခိုက်မှုကြောင့်သော်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ကိုယ်ကာယဆိုင်ရာ ခန္ဓာကိုယ်အစိတ်အပိုင်းများ ချို့တဲ့အားနည်းခြင်း၊ ပျက်စီးဆုံးရှုံးခြင်းများဖြင့် ဘဝကို အရှုံးမပေးဘဲ ရပ်တည်နေကြသော မသန်သော်လည်း စွမ်းကြသည့် မသန်စွမ်းများလည်း ရှိကြပေသည်။

ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်ထိ ကျင်းပလျက်ရှိသည့် (၄)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာအားကစားအဖွဲ့သည် ပြေးခုန်ပစ်အားကစားနည်းမှ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိထားပြီးဖြစ်သည်။ (၄)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲ၏ အပြေးပြိုင်ပွဲကို အောက်တိုဘာ ၂၃ ရက်က ဟန်ကျိုးမြို့ရှိ အားကစားကွင်း၌ကျင်းပရာ အမျိုးသား မီတာ ၂၀၀ အထောက်အကူပစ္စည်းသုံး ဒူးအောက်တစ်ဖက် **T64** ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် တတိယကြေးတံဆိပ်ကို စိုးပေက ရယူပေးနိုင်ခဲ့ခြင်းဖြစ်ပေသည်။ အဆိုပါပြိုင်ပွဲသို့ နိုင်ငံပေါင်း ၄၄ နိုင်ငံမှ အားကစားသမားများက အားကစားနည်း ၂၂ နည်းတွင်ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့က ပြေးခုန်ပစ်၊ ရေကူးနှင့် ထိုင်လျက်ဘော်လီဘောပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိပေသည်။

အားကစားဟူသည် ပြောင်းလဲလာသည့်အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။ မိမိအသင်း၊ မိမိနိုင်ငံအတွက် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အပိုင်းအခြားထိ ပြိုင်ဘက်ကို အလျှော့မပေးဘဲ အားကစားစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ခြင်းသည် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်မည်ဟူသောခံယူချက်ပင်ဖြစ်သည်။

နိုင်ငံ၏ပုံရိပ်ကို ကောင်းမွန်စွာဖော်ပြနိုင်သည့်အရာများထဲတွင် အားကစားကဏ္ဍလည်း ပါဝင်သည်ကိုတွေ့ရသည်။ အားကစားသမားများ၏ ထက်သန်ပြင်းပြသောစိတ်ဓာတ်၊ မဆုတ်မနစ်သောကြိုးပမ်းအားထုတ်မှု၊ အနိုင်မခံ အရှုံးမပေးသော ဇွဲ၊ စိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်မှုတို့မှ ရရှိခဲ့သောအောင်မြင်မှုတို့သည် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ပေးခြင်းဖြစ်ပေသည်။ မည်သည့်အားကစားနည်းမျိုးမဆို ယှဉ်ပြိုင်ခြင်းသည်သာ အဓိကဖြစ်ပြီး စိတ်ဓာတ်ကြံ့ခိုင်၍ ခွန်အားအပြည့်ဖြင့် ယှဉ်ပြိုင်နိုင်ရန်လိုပေသည်။

သို့ဖြစ်ရာ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပလျက်ရှိသော (၄)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် နိုင်ငံ၏ပုံရိပ်ကို မြှင့်ပေးမည်ဟူသော ခံယူချက်ဖြင့် အနိုင်မခံ အရှုံးမပေးသော ဇွဲ၊ လုံ့လစိတ်ဓာတ်တို့ဖြင့် ယှဉ်ပြိုင်နေကြသော မသန်စွမ်းအားကစားသမားများ၏ ယှဉ်ပြိုင်မှုစိတ်ဓာတ်ကို ဂုဏ်ယူအားပေးရေးသားလိုက်ရပေသည်။

# MNA လေကြောင်းလိုင်းက အောက်တိုဘာ ၂၇ ရက်မှစ၍ မန္တလေး-သံတွဲခရီးစဉ် စတင်ပျံသန်းပြေးဆွဲမည်



မန္တလေး အောက်တိုဘာ ၂၆

မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) အနေဖြင့် အောက်တိုဘာ ၂၇ ရက်မှစ၍ မန္တလေး-သံတွဲခရီးစဉ် စတင်ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း (မန္တလေး)မှ မန်နေဂျာ ဦးအောင်မင်းဆွေက ပြောပြ၍ သိရသည်။

သီတင်းကျွတ်ကာလတွင် ခရီးသွားများ MNA လေကြောင်းလိုင်းဖြင့် လိုက်ပါစီးနင်း၍ ရခိုင်ပြည်နယ်ရှိ ဘုရားစေတီ၊ ပုထိုးများ၊ ငပလီကမ်းခြေနှင့် အခြားစိတ်ဝင်စားစရာနေရာများသို့ အချိန်တိုအတွင်းသွားရောက်လည်ပတ်နိုင်စေရေးအတွက် မန္တလေး-သံတွဲ ခရီးစဉ်ကို အောက်တိုဘာ ၂၇ ရက်မှစ၍ စတင်ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သီတင်းကျွတ် ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်တွေမှာ မန္တလေးမြို့ကနေ ရခိုင်ပြည်နယ်ဘက်ကိုသွားရောက်လည်ပတ်နိုင်အောင် MNA လေကြောင်းလိုင်းအနေနဲ့ မန္တလေး-သံတွဲခရီးစဉ်ကို အောက်တိုဘာ ၂၇ရက်ကစပြီး စတင်ပျံသန်းပြေးဆွဲပေးသွားမှာပါ။ အဓိကကတော့ မန္တလေးကနေ သံတွဲဘက်ကို အလည်အပတ်အပြင် စီးပွားရေးကိစ္စတွေနဲ့ခရီးသွားမဲ့ ခရီးသွားတွေအတွက် အဆင်ပြေအောင် ခရီးစဉ် ထပ်မံတိုးချဲ့ပျံသန်းပြေးဆွဲပေးသွားမှာပါ"ဟု မြန်မာအမျိုးသားလေကြောင်းလိုင်း (မန္တလေး)မှ မန်နေဂျာ ဦးအောင်မင်းဆွေက ပြောပြသည်။

MNA လေကြောင်းလိုင်းဖြင့် အောက်တိုဘာလ တတိယပတ်မှစ၍ မန္တလေးမြို့မှ ဗန်းမော်၊ မြစ်ကြီးနား၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး စသည့်မြို့များသို့ လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၅၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။ (၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

မန္တလေး အောက်တိုဘာ ၂၆

မန္တလေး ကားဈေးကွက်အတွင်း မော်ဒယ်မြင့်ကားများနှင့် အတူ ကားဟောင်း၊ ကားသစ်မျိုးစုံ ကျဈေးဖြင့် အရောင်းအဝယ်ဖြစ်နေပြီး လျှပ်စစ်ကားများ အရောင်းအဝယ်အေးကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ကားဈေးနှုန်းများ စက်တင်ဘာလကုန်ပိုင်းမှစတင်၍ ကျဆင်းလာပြီး ယခုအခါ ငွေကျပ် သိန်း ၁၀၀၀ အထက် ကားများနှင့် သိန်း ၅၀၀ အောက်ကားများ ဈေးနှုန်း ဆက်လက်ကျဆင်းလျက်ရှိကြောင်း၊ ဈေးနှုန်းကျဆင်းမှုကြောင့် ကားဟောင်း၊ ကားသစ် နှစ်မျိုးစလုံး အရောင်းအဝယ်ရှိလာသော်လည်း ဘယ်မောင်းကားများ ပို၍အရောင်းအဝယ်ဖြစ်ကြောင်း၊ လက်ရှိအချိန်ထိ ရောင်းချင်သူများပြီး ဝယ်ယူသူနည်းနေကြောင်း သိရသည်။

ထို့ပြင် ဈေးကွက်အတွင်းသို့ ဝင်ရောက်နေရာယူလာသော လျှပ်စစ်သုံးကား(EV)များမှာ ယခင် ငွေကျပ် သိန်း ၁၇၅၀ ခန့်ထိ ရှိခဲ့ရာမှ ယခုအခါ ငွေကျပ်သိန်း ၁၅၀၀ ခန့် သို့ရောက်ရှိလာကြောင်း သိရသည်။

ပြည်တွင်းတပ်ဆင်ထုတ်လုပ်သော SKD ကားများတွင်လည်း ငွေကျပ်သိန်း ၁၀၀၀ ခန့်ထိ ရှိခဲ့ရာမှ ယခုအခါ ၂၀ ရာခိုင်နှုန်းခန့်ထိ ကျဆင်းလာကြောင်း သိရသည်။

ကားဟောင်းများမှ ငွေကျပ်သိန်း ၄၀၀ ခန့် ဈေးတန်းရှိကားများ အရောင်းအဝယ်ရှိနေပြီး ၆၆၀ စီစီပစ်ကပ် ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ် ၁၆၅ သိန်းခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူဦးမောင်ထံမှသိရသည်။

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် Auto ဂီယာဘီးများနှင့် တရုတ်တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ပြန်ရှိလာပြီး လျှပ်စစ်သုံးဆိုင်ကယ်(EV)ဘီးများ ကုမ္ပဏီအမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းကွာခြားချက်ရှိကာ ငွေကျပ် ၁၅ သိန်းမှ သိန်း ၅၀ ခန့်ထိ ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

လျှပ်စစ်သုံးဆိုင်ကယ်(EV များကို လိုင်စင်သက်တမ်း လေးနှစ်ပေးထားခြင်းကြောင့် လူငယ်အများစုစိတ်ဝင်စားမှု မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click (ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၃ သိန်းမှ ၄၁ သိန်း၊ အခြားမော်ဒယ်ဘီးများမှာ ငွေကျပ် ၂၈ သိန်း ၅ သောင်းမှ ၃၂ သိန်းခန့်၊ Scoopy i အမျိုးအစား ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၆ သိန်းမှ ၂၂ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၇ သိန်းမှ ၁၃ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၉ သောင်းမှ ၁၅ သိန်းခန့်ထိရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးပြည့်ဖြိုးထံမှ သိရသည်။ (၁၇၃)

# မန္တလေးတိုင်းဒေသကြီး ခရိုင် ၁၀ ခရိုင်တွင် မြစိမ်းရောင်အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

မန္တလေး အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခရိုင်တွင် မြစိမ်းရောင်အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြ၍ သိရသည်။

ခရိုင် ၁၀ ခရိုင်ရှိ ကျေးရွာ ၄၈ ရွာတွင် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်ပံ့ပိုးငွေဖြင့် မြစိမ်းရောင်အသားကဏ္ဍကျေးရွာများ တည်ထောင်ဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မွေးမြူရေးဖွံ့ဖြိုးတိုးတက်သည့် ကျေးရွာများကို ရွေးချယ်ပြီးဆောင်ရွက်ခဲ့ကြောင်း၊ အသားကဏ္ဍကျေးရွာစီမံကိန်းအတွက် ငွေကျပ်သိန်း ၃၀၀ ကိုပံ့ပိုးပြီး ကျေးရွာတွင် မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ကြကြောင်း သိရသည်။

"မြစိမ်းရောင်အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင် ၁၀ ခရိုင် ကျေးရွာ ၄၈ ရွာမှာ နိုင်ငံတော်ပံ့ပိုးငွေနဲ့ တည်ထောင်ဆောင်ရွက်နေပါတယ်။ အရင်းမပျောက် မတည်ငွေသဘောပါ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကနေစပြီး အခုဘဏ္ဍာနှစ်ထိ အသားကဏ္ဍကျေးရွာဆောင်ရွက်တာ အောင်မြင်မှုတွေ ရရှိနေပါတယ်။ အခုလိုဆောင်ရွက်တာက အသားကဏ္ဍဖွံ့ဖြိုးဖို့၊ လူနေမှုဘဝတွေတိုးတက်ဖို့၊ ဆင်းရဲမှုလျှော့နည်းဖို့ ဆောင်ရွက်တာပါ။ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်နဲ့ ဆောင်ရွက်ပါတယ်။ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာအဆင့် ကြီးကြပ်မှုကော်မတီတွေရှိပါတယ်။ ကျေးရွာမှာ မွေးမြူရေးဖွံ့ဖြိုးဖို့ကိုပဲ လုပ်ဆောင်တာပါ"ဟု ဒေါက်တာ ခင်ဇော်က ပြောပြသည်။

မြစိမ်းရောင်အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့် ခရိုင် ၁၀ ခရိုင်မှာ အမရပူရခရိုင်၊ အောင်မြေသာစံခရိုင်၊ သပိတ်ကျင်းခရိုင်၊ ကျောက်ဆည်ခရိုင်၊ တံတားဦးခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်၊ ရမည်းသင်းခရိုင်၊ ပြင်ဦးလွင်ခရိုင်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝရေက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စဥ့်ကူးမြို့နယ် ရေပြာအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**စဥ့်ကူး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဥ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပြာအိုင်ကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဥ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျော့ချနိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ်အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စဥ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၄၇၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက ရေပြာအိုင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၇၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သက်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့နေ မဝေဝေအောင်၊ မသင်းသင်းအောင် မိသားစုက ဒေါက်တာဦးသန်းထွန်းအား ရည်စူး၍ ဆေးပဒေသာသင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၅၈၀၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၅၈၀၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၆၈၁၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၈၀၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် အရာတော်မြို့နယ်မှာ ဝါသီးနှံဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ အထွက်နှုန်းကောင်းပြီး သက်တန်းတိုတဲ့ စက်မှုကုန်ကြမ်းသီးနှံ ချည်မျှင်ရှည်ဝါတွေ တိုးချဲ့စိုက်ပျိုးဖို့အတွက် တောင်သူပညာပေးလုပ်ငန်းတွေကို အချိန်အဟုန်မြှင့်ဆောင်ရွက်နေတယ်။ ဝါသီးနှံလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်နေပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ဝါသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မလိုင်ဝါ ၂၂၉၂ ဧက၊ မိုးကြိုချည်မျှင်ရှည်ဝါ ၁၂ ဧက၊ မိုးချည်မျှင်ရှည်ဝါ ၂၅၇၅ ဧက၊ မိုးနှောင်းချည်မျှင်ရှည်ဝါ ၉၆၇ ဧက စုစုပေါင်း ၅၈၀၆ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မလိုင်ဝါ ၃၃၄၁ ဧက၊ မိုးကြိုချည်မျှင်ရှည်ဝါ ၁၀ ဧက၊ မိုးချည်မျှင်ရှည်ဝါ ၂၆၁၃ ဧက၊ မိုးနှောင်းချည်မျှင်ရှည်ဝါ ၈၅၁ ဧက စုစုပေါင်း ၆၈၁၅ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် အရာတော်မြို့နယ်အတွင်း ဝါသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များရရှိစေရန်၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန်၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမွန်စေရန်၊ စိုက်နည်းစနစ်မှန်ကန်စေရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# သာစည်မြို့နယ် နတ်မြောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**သာစည် အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်ကုန်းအုပ်စု နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက အုတ်ကုန်းအုပ်စု နတ်မြောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

သာစည်မြို့နယ် နတ်မြောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၆၄၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လနောက်ဆုံးပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။ **မင်းမြင့်မိုရ်**

# မြိတ်မြို့နယ် ကျွဲကူးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြိတ် အောက်တိုဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတွင်းလမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျွဲကူးကျေးရွာ၌ အရှည် ပေ ၄၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာ ၂၆ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြိတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပြောပြ၍ သိရသည်။

**ကိုညို**



# တာဝတိံသာပွဲ၊ မီးမြင်းမိုရ်ပွဲနှင့် အဘိဓမ္မာအခါတော်နေ့

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**"မီးဖြူဝါထိန်ဝင်းလို့၊ သီတင်းကျွတ်ဝါအချိန်၊ ဓာတ်ဝါယောမငြိမ်တယ်၊ တူအိမ်ငယ်မယွင်း၊ ဓိတြ-သဝဏ်၊ နေညဥ့်မိုထွန်းလျှံလို့လင်း။ ကျီးတာရာအနင်းမို့၊ အိုင်အင်းမှာတွေတွေ၊ ငါးကြာမျိုးဝတ်ဆံကြွေသည်၊ ရေနဒီမောက်ဖြိုး၊ မြတ်ဗုဒ္ဓနွယ်တော်ကို၊ ရှိကော်ရော်ဦးချလို့မိုး"**။ ။

အမည်မသိစာဆိုတော်တစ်ဦးက သီတင်းကျွတ်လဖွဲ့ကို ရှေးတေးရိုးဖြင့် ညွှန်းဆိုခဲ့ရာတွင် အဿဝနီနက္ခတ်မွန်းတည့်ချိန် ကျီးတာရာနင်းခိုက်မှာ ရွာသွန်းသောမိုးသည် မြတ်ဗုဒ္ဓစွယ်တော်ကို ရှိခိုးပူဇော်သည့်မိုး၊ ကြာမျိုးငါးပါးနှင့်အတူ၊ ပလ္လင်ဆေးမိုး၊ ပလ္လင်ဆင်းမိုး၊ သွန်းဖြိုးပူဇော်သည့်မိုးဟု ဖွဲ့ဆိုထားခြင်းဖြစ်သည်။

ဘုရားကျောင်းကန်၊ စေတီပုထိုးများရှိ ဆွမ်းတော်တင်ပလ္လင်များ၌ တစ်ဝါတွင်းလုံး စွန်းထင်းပေကျံနေသောအကြွင်းအကျန်များကို မိုးဒေဝါက သန့်ရှင်းစင်ကြယ်သွားအောင် ရွာသွန်းပေးသည့်မိုးဖြစ်သောကြောင့် **"ပလ္လင်ဆေးမိုး"**ဟုလည်းကောင်း၊ ဝါတွင်းသုံးလပြည့်၍ မြတ်ဗုဒ္ဓသည် တာဝတိံသာရှိ အပရာဇိတပလ္လင်ထက်မှ အဘိဓမ္မာတရားတော်ကို ဟောကြားအပြီး ဆင်းသက်လာခဲ့သောကြောင့် **"ပလ္လင်ဆင်းမိုး"**ဟုလည်းကောင်း အမှတ်အသားပြုခဲ့ကြသည်။ ထို့ကြောင့် **"သီတင်းကျွတ်တွင် ပလ္လင်ဆေးမိုး၊ ပလ္လင်ဆင်းမိုး၊ ရွာသွန်းဖြိုး"**ဟု ဆိုစမှတ်ပြုခဲ့ကြသလို မိုးကုန်သည့်လ၊ ဝါတွင်းသုံးလပြည့်သွားသည့်လဖြစ်သဖြင့် **"ဝါလည်းကျွတ် မိုးလည်းလွတ်"**၊ **"ဝါလကင်းလွတ် သီတင်းကျွတ်"**ဟုလည်း ပြောဆိုခဲ့ကြသည်။

သီတင်းကျွတ်လ၏ရာသီအမည်က **"တူ"**၊ စန်းပြည့်နက္ခတ်က **"အဿဝနီ"**၊ ယှဉ်တာရာက **"ကျီးတာရာ"**၊ ရာသီရုပ်က **"ချိန်ခွင်ကိုင်ယောကျ်ား"**၊ ရာသီပန်းက **"ကြာပန်း"**၊ ရာသီပွဲက **"မီးမြင်းမိုရ်ပွဲ(ဝါကျွတ်ပွဲ)"**၊ လပြည့်သန်းခေါင်နတ်ပေါင်းခပင်က **"သစ်လင်းလေပင်"**၊ ရက်ရာဇာက **"အင်္ဂါ"**၊ ပြဿဒါးက **"တနင်္ဂနွေ၊ တနင်္လာ"**စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

ပုဂံခေတ်ကျောက်စာတွင် **"သီတင်းကျွတ်လ"** အမည်ကို ရေးထိုးမထားဘဲ သီတင်းကျွတ်ဆိုသည့် အသုံးအနှုန်းကို **"ဝါကျွတ်"**ဆိုသောစကားနှင့်တွဲဖက်သုံးနှုန်းထားကြောင်း၊ ရှေးဟောင်းပုရပိုက်များတွင် "သန်တူလ"ဟု ခေါ်ဆိုထားကြောင်း၊ သန်-သန်မာခွန်အားကြီးခြင်း၊ သန့်စွမ်းထက်မြက်ခြင်း။ တူ-ထောင်မတ်ခြင်း၊ ကြွတက်ခြင်း။ **သန်တူလ-"ပေါ်းကောက်ပင်သီးနှံများ၊ သန်စွမ်း၊ ထောင်မတ်ကြွတက်နေသည့်လ"** ဟု အဓိပ္ပာယ်ရသည်။ အင်းဝခေတ် သက္ကရာဇ်ရှစ်ရာသံယာရာဇာကျောက်စာတွင် **"သီတင်းကျွတ်လ"**ဟု အခိုင်အမာရေးသားထားပါသည်။

သီတင်းကျွတ်လတွင် ဗုဒ္ဓဘာသာဝင်များ အလေးထားမြတ်နိုးပူဇော်သည့်နေ့မှာ သီတင်းကျွတ်လပြည့်နေ့ **"အဘိဓမ္မာအခါတော်နေ့"**ဖြစ်သည်။ သုံးလူ့ထွတ်ထားမြတ်ဘုရားသည် ခြောက်ဝါအလွန် ခုနစ်ဝါအရောက် မဟာသက္ကရာဇ် ၁၀၉ ခုနှစ်တွင် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်းရှိ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာနေရာ၊ အပရာဇိတပလ္လင်ထက်တွင် မယ်တော်နတ်သား(သန္တုသိတနတ်သား)ကို ကျေးဇူးဆပ်သည့်အနေဖြင့် နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော် ခုနစ်ကျမ်းကို ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ ဝါတွင်းသုံးလကာလပတ်လုံး နေ့ညမစဲဟောကြားတော်မူခဲ့သည်။

မြတ်စွာဘုရားရှင်သည် တာဝတိံသာ၌ အဘိဓမ္မာခုနစ်ကျမ်းကို နေ့ညမစဲဟောကြားတော်မူခဲ့ရာတွင် ဘုရားရှင်ဆွမ်းခံနေချိန်၊ ဆွမ်းဘုဉ်းပေးနေချိန်နှင့် သီးခြားနားနေချိန်များ၌ ဘုရားရှင်၏ကိုယ်စား နိမ္မိတရုပ်ပွားတော်ကိုဖန်ဆင်းပြီး စဉ်ဆက်မပြတ်ဟောကြားတော်မူခဲ့သည်။ ဘုရားရှင်သည် မြောက်ကျွန်းတွင် နေ့စဉ်ဆွမ်းခံကြွခဲ့ပြီး ဟိမဝန္တာအနောက်ဘက် ရေအိုင်အနီး ဆေးဒန်းမြင်းသီလာများနှင့်ပြည့်နေသော ကျောက်ဖျာပေါ်သို့ ကြွရောက်ခဲ့သည်။ ရှင်သာရိပုတ္တရာမထေရ်က ဘုရားရှင်၏ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်ကို ပြုစုအလုပ်အကျွေးပြုနေခဲ့သည်။ မြတ်ဗုဒ္ဓဆွမ်းဘုဉ်းပေးပြီးချိန်တွင် ရှင်သာရိပုတ္တရာမထေရ်ကို တာဝတိံသာနတ်ပြည်၌ တစ်နေ့တာဟောကြားခဲ့သော အဘိဓမ္မာတရားကို အကျဉ်းသင်္ခေပနည်းဖြင့် နေ့စဉ်ဟောကြားခဲ့သည်။ ဘုရားရှင်သည် စန္ဒကူးနံ့သာတောတွင် တစ်နေ့တာနားနေသီတင်းသုံးပြီးမှ ညနေချမ်းအချိန်၌ တာဝတိံသာနတ်ပြည်သို့ ပြည်လည်ကြွမြန်းတော်မူခဲ့သည်။ ရှင်သာရိပုတ္တရာမထေရ်ကလည်း ဘုရားရှင်ထံမှ နာယူထားသော အဘိဓမ္မာအကျဉ်းကို အတူနေ ရဟန်း ၅၀၀ တို့အား မကျဉ်းမကျယ်အလယ်အလတ်အားဖြင့် ပြန်လည်ဟောကြားခဲ့သည်။

ဝါတွင်းသုံးလပတ်လုံးဟောကြားမူခဲ့သော အဘိဓမ္မာတရားတော်သည် သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးသွားသောအခါ မြတ်ဗုဒ္ဓက လူ့ပြည်သို့ပြန်ကြွရန် သိကြားမင်းကို မိန့်တော်မူခဲ့သည်။ သိကြားမင်းက မြင်းမိုရ်တောင်ထိပ်တွင် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း စသည့် စောင်းတန်းသုံးသွယ်ကိုဖန်ဆင်းပေးခဲ့သည်။ လက်ယာဘက်ရွှေစောင်းတန်းက ဗြဟ္မာကြီးများအတွက်ဖြစ်ပြီး လက်ဝဲဘက်ငွေစောင်းတန်းက နတ်များအတွက်ဖြစ်သည်။ အလယ်တွင်ရှိသော ပတ္တမြားစောင်းတန်းမှ မြတ်ဗုဒ္ဓက ရောင်ခြည်တော်ခြောက်သွယ်နှင့် ဆင်းသက်လာခဲ့သည်။ နတ်ဗြဟ္မာအပေါင်းတို့လည်း လိုက်ပါဆင်းသက်လာခဲ့ကြသည်။ ပဥ္စသိခနတ်သားသည် ဗေလုဝနတ်စောင်းကိုတီးပြီး လိုက်ပါလာခဲ့သည့်နည်းတူ မာတလိနတ်သားသည်လည်း စာမရီသားမြီးယပ်ကိုခတ်ပြီး သန္တုသိတနတ်သားက ပတ္တမြားယပ်ဝန်းကိုခတ်ကာ လိုက်ပါလာခဲ့ကြသည်။ သိကြားမင်းကလည်း ဝိဇယုတ္တရခရုသင်းကိုမှုတ်ပြီး မြတ်ဗုဒ္ဓအား ပူဇော်ရင်းလိုက်ပါလာခဲ့သည်။ သဟမ္ပတိဗြဟ္မာကြီးသည် ဖြူဟ္မာထီးဖြူကြီးဖြင့် ဆောင်းမိုးပူဇော်ကာ ဆင်းသက်လိုက်ပါလာခဲ့သည်။

မဟာသက္ကရာဇ် ၁၁၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့ ညနေပိုင်း၌ သာဝတ္ထိပြည်အနီးရှိ ကောသလမင်းကြီး၏ ဥယျာဉ်မှူး မောင်ကဏ္ဍစိုက်ပျိုးထားသည့် ကဏ္ဍမွသရက်ဖြူပင်အနီးတွင် မြတ်ဗုဒ္ဓသည် တိတ္ထိတို့ကို နှိမ်နင်းရန် ရေမီးအစုံစုံတန်ခိုးပြာဋိဟာအဖုံဖုံကို ပြသပြီး တာဝတိံသာနတ်ပြည်သို့ကြွမြန်း၍ သတ္တမဝါကပ်တော်မူခဲ့သည်။ ဝါတွင်းသုံးလပတ်လုံး သန္တုသိတမယ်တော်နတ်သားအား အမှူးထားကာ အဘိဓမ္မာခုနစ်ကျမ်းကို ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးသွားသဖြင့် နတ်ပြည်သို့စတင်ကြွမြန်းခဲ့သည့် သရက်ဖြူပင်နှင့် ယူဇနာ ၃၀ ကွာဝေးသည့် ရှင်သာရိပုတ္တရာ ဝါကပ်တော်မူရာ သင်္ကဿနဂိုရ်မြို့သို့ ကြွဆင်းတော်မူခဲ့သည်။

သာဝတ္ထိပြည် သင်္ကဿနဂိုရ်မြို့တံခါးတွင် ဘုရားရှင်၏ အဂ္ဂသာဝကဓမ္မသေနာပတိ ရှင်သာရိပုတ္တရာမထေရ်နှင့် လူနတ်ဗြဟ္မာသတ္တဝါမျိုးစုံပါဝင်ကြသည့် ပရိသတ်အပေါင်းသည် မြတ်ဗုဒ္ဓကို သောင်းသောင်းဖြဖြပူဇော်ခဲ့ကြသည်။ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ ကြွဆင်းလာတော်မူခဲ့သည်ကို အကြောင်းပြုပြီး သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားရှင်ကို ရည်မှန်း၍ ဆီမီးရောင်စုံဖြင့် ပူဇော်ကြသည့်ပွဲကို **"တာဝတိံသာပွဲတော်"**ဟု ခေါ်ဆိုခဲ့ကြသည်။ တာဝတိံသာနတ်ပြည်တည်ရှိရာ မြင်းမိုရ်တောင်ထိပ်မှ ကြွဆင်းလာတော်မူခဲ့သည်ကို အကြောင်းပြုပြီး **"မီးမြင်းမိုရ်ပွဲ"**ဟုလည်း ခေါ်ဆိုခဲ့ကြသည်။

**❖ သာဝတ္ထိပြည် သင်္ကဿနဂိုရ်မြို့တံခါးတွင် ဘုရားရှင်၏အဂ္ဂသာဝကဓမ္မသေနာပတိ ရှင်သာရိပုတ္တရာမထေရ်နှင့် လူနတ်ဗြဟ္မာသတ္တဝါမျိုးစုံပါဝင်ကြသည့် ပရိသတ်အပေါင်းသည် မြတ်ဗုဒ္ဓကို သောင်းသောင်းဖြဖြပူဇော်ခဲ့ကြသည်။ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ ကြွဆင်းလာတော်မူခဲ့သည်ကိုအကြောင်းပြုပြီး သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားရှင်ကို ရည်မှန်း၍ ဆီမီးရောင်စုံဖြင့် ပူဇော်ကြသည့်ပွဲကို "တာဝတိံသာပွဲတော်" ဟု ခေါ်ဆိုခဲ့ကြသည်။ တာဝတိံသာနတ်ပြည်တည်ရှိရာ မြင်းမိုရ်တောင်ထိပ်မှ ကြွဆင်းလာတော်မူခဲ့သည်ကိုအကြောင်းပြုပြီး "မီးမြင်းမိုရ်ပွဲ" ဟုလည်း ခေါ်ဆိုခဲ့ကြသည်။ ❖**

**"အဘိဓမ္မာအခါတော်နေ့"** ဟု သတ်မှတ်ပူဇော်ခဲ့သည့်အကြောင်းရင်းသုံးရပ်ရှိရာ-

၁။ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်ရှိ မယ်တော်ဖြစ်ခဲ့ဖူးသူ သန္တုသိတနတ်သားကို အမှူးထားပြီး စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်အကျယ်ကို ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးခဲ့ခြင်း၊

၂။ မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာကို စန္ဒကူးတော၌ အဘိဓမ္မာတရားတော်အကျဉ်းကို သင်္ခေပနည်းဖြင့် ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးခဲ့ခြင်း၊

၃။ ထိုနည်းတူ ရှင်သာရိပုတ္တရာကလည်း တပည့်ရဟန်းငါးရာကို အဘိဓမ္မာတရားတော် မကျဉ်းမကျယ်ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လတွင် ပြီးဆုံးခဲ့ခြင်းဟူ၍ဖြစ်သည်။

**အဘိဓမ္မာအခါတော်နေ့၏ အဘိဓမ္မာအကြောင်း သိကောင်းစရာများ**

၁။ မြတ်စွာဘုရားသည် သတ္တမဝါအရောက် သက်တော် ၄၂ နှစ်အရွယ်တွင် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူခဲ့သည်။

၂။ မယ်တော်နတ်သားကို ကျေးဇူးဆပ်လိုသောရည်ရွယ်ချက်ဖြင့် ဟောကြားတော်မူခဲ့သည်။

၃။ မယ်တော်နတ်သားကို အမှူးပြု၍ နတ်ဗြဟ္မာသတ္တဝါများအား ဟောကြားတော်မူခဲ့သည်။

၄။ ဝါတွင်းသုံးလ ရက်ပေါင်း ၉၀ ကြာမျှ (လူ့ပြည်ရက်) ဟောကြားတော်မူခဲ့သည်။

၅။ မြတ်စွာဘုရားသည် နတ်ဗြဟ္မာသတ္တဝါများအား အကျယ်နည်းဖြင့် ဟောကြားခဲ့ပြီး ရှင်သာရိပုတ္တရာအား အကျဉ်းနည်းဖြင့် ဟောကြားတော်မူခဲ့သည်။ ရှင်သာရိပုတ္တရာက လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းငါးရာတို့အား မကျဉ်းမကျယ်အလယ်အလတ်နည်းဖြင့် ဟောကြားတော်မူခဲ့သည်။

၆။ **သုတ္တန်တရားတို့ထက် သာလွန်ထူးခြားသောတရားဖြစ်၍ အဘိဓမ္မာဟုခေါ်သည်။**

၇။ အဘိဓမ္မာသည် (၁) ဓမ္မသင်္ဂဏီ၊ (၂) ဝိဘင်း၊ (၃) ဓာတုကထာ၊ (၄) ပုဂ္ဂလပညတ်၊ (၅) ကထာဝတ္ထု၊ (၆) ယမိုက်၊ (၇) ပဋ္ဌာန်းဟူ၍ ကျမ်းခုနစ်ကျမ်းဖြစ်သည်။

၈။ ကုသိုလ်၊ အကုသိုလ်စသော တရားတို့ကို အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူသောကျမ်းကို **"ဓမ္မသင်္ဂဏီကျမ်း"**ဟုခေါ်သည်။

၉။ ခန္ဓာစသောတရားတို့ကို သုတ္တန်နည်း၊ အဘိဓမ္မာနည်းတို့ဖြင့် အမေးအဖြေပြု၍ အကျယ်ဝေဖန်ဟောကြားသောကျမ်းကို **"ဝိဘင်းကျမ်း"**ဟုခေါ်သည်။

၁၀။ ဓာတ်အမျိုးမျိုး ဟောကြားသောကျမ်းကို **"ဓာတုကထာကျမ်း"**ဟုခေါ်သည်။

၁၁။ ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို ခွဲခြားသတ်မှတ်အမည်တပ်၍ ဟောကြားသောကျမ်းကို **"ပုဂ္ဂလပညတ်ကျမ်း"**ဟုခေါ်သည်။

၁၂။ အယူဝါဒနှင့်ဆိုင်သောစကားတို့၏ တည်ရာဖြစ်၍ အဘိဓမ္မာအနှစ်သာရတို့နှင့် ပြည့်စုံသောကျမ်းကို **"ကထာဝတ္ထုကျမ်း"** ဟုခေါ်သည်။

၁၃။ အနုလုံနှင့် ပဋိလုံ၊ ပုစ္ဆာနှင့် ဝိသဇ္ဇနာ၊ သန္နိဋ္ဌာန်နှင့် သံသယအစုံစုံပြု၍ ဟောကြားသောကျမ်းကို**"ယမိုက်ကျမ်း"**ဟုခေါ်သည်။

၁၄။ အကြောင်းအမျိုးမျိုးကို ဟောတော်မူသောကျမ်း၊ ကုသိုလ်စသောတရားတို့ကို ၂၄ ပစ္စည်းတို့ဖြင့် ဝေဖန်အပ်သောကျမ်း၊ သဗ္ဗညုတဉာဏ်၏ ကျက်စားရာဖြစ်သောကျမ်းကို **"ပဋ္ဌာန်းကျမ်း"**ဟုခေါ်သည်။

၁၅။ အဘိဓမ္မာတရားတော်တွင် (၁) မိခင်အားကျေးဇူးဆပ်တရားတော်ဖြစ်ခြင်း၊ (၂) နတ်ပြည်၌ဟောကြားခြင်း၊ (၃) သုံးလကြာမျှဟောကြားရခြင်း၊ (၄) ပကတိဘုရားနှင့် နိမ္မိတဘုရားတို့ တစ်လှည့်စီဟောကြားခြင်းဟူသော ထူးခြားမှုလေးမျိုးရှိသည်။

၁၆။ အဘိဓမ္မာတရားသည် (၁)ပါဠိ၏နက်နဲခြင်း (ဓမ္မဂမ္ဘီရ)၊ (၂)အနက်သဘော၏နက်နဲခြင်း (အတ္ထဂမ္ဘီရ)၊ (၃)ဟောကြားပုံအစီအစဉ်၏နက်နဲခြင်း(ဒေသနာဂမ္ဘီရ)နှင့် (၄)ပါဠိအနက်တို့ကို ထိုးထွင်း၍သိနိုင်သောဉာဏ်၏နက်နဲခြင်း(ပဋိဝေဓဂမ္ဘီရ)ဟူသော နက်နဲခြင်းလေးမျိုးနှင့် ပြည့်စုံသည်။

၁၇။ အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ သင်ကြားနာယူရခြင်းကြောင့် လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းတော်များကဲ့သို့ နာမရူပပရိစ္ဆေဒဉာဏ် ရင့်သန်စေခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် လမ်းကြောင်းအထောက်အပံ့ကောင်းရနိုင်ခြင်း၊ ဘေးဥပဒ်အန္တရာယ်ကင်းဝေးခြင်း၊ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံခြင်းဟူသော အကျိုးတရားများကို ရနိုင်သည်။

ထိုသို့သော အကျိုးထူးများကြောင့် အဘိဓမ္မာတရားတော်သင်တန်းများ ဖွင့်လှစ်ခြင်း၊ အဘိဓမ္မာအမေးအဖြေပွဲများ၊ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကို နေရာအနှံ့အပြားတွင် ကျင်းပနေကြခြင်းဖြစ်ပါသည်။

သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာအခါတော်နေ့နှင့် မီးထွန်းပွဲတော်များ ကျင်းပကြရုံမျှသာမက

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၇၄ သန်းကျော်တန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၁၈၀၀၀၀ ကျော် တင်သွင်းခဲ့

**နေပြည်တော် အောက်တိုဘာ ၂၆**

ဆောင်းသီးနှံများစိုက်ပျိုးချိန်ရောက်ရှိလာပြီဖြစ်သဖြင့် စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၇၄ သန်းကျော်တန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၁၈၀၀၀၀ ကျော် တင်သွင်း ဆောင်ရွက်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။



မြန်မာနိုင်ငံသည် သီးနှံများကို ရာသီအလိုက် စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ယခုအခါမိုးသီးနှံစိုက်ပျိုးချိန်ကုန်ဆုံးသွားခဲ့ပြီး ဆောင်းသီးနှံစိုက်ပျိုးရာသီသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ အဆိုပါဆောင်းသီးနှံများစိုက်ပျိုးချိန်တွင် ဓာတ်မြေဩဇာများ လိုအပ်မည်ဖြစ်သောကြောင့် ဓာတ်မြေဩဇာဈေးကွက်အနေဖြင့် လိုအပ်သည့် ဓာတ်မြေဩဇာများကို တင်သွင်းမှာယူနေခြင်းဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၅၅၈ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၁၈၀၅၀၀ ထိ မှာယူတင်သွင်းခဲ့ကြောင်း၊ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန် ဒေါ်လာ ၇၂ ဒသမ ၅၇၅ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၁၇၂၅၀၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၈၃ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၈၀၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၇၅၈ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၁၈၀၅၀၀ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စက်တင်ဘာလအတွင်း ဓာတ်မြေဩဇာများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ တင်သွင်းခဲ့ရာတွင် တရုတ်နိုင်ငံမှ တန်ချိန် ၈၀၀၀၀၊ မလေးရှားနိုင်ငံမှတန်ချိန် ၁၉၀၀၀၊ အိုမန်နိုင်ငံမှ တန်ချိန် ၃၇၀၀၀၊ ဘာရိန်းနိုင်ငံမှ တန်ချိန် ၁၆၀၀၀၊ ဘရူနိုင်းနိုင်ငံမှ တန်ချိန် ၅၅၀၀၊ တောင်ကိုရီးယားနိုင်ငံမှ တန်ချိန် ၅၅၀၀၊ လာအိုနိုင်ငံမှ တန်ချိန် ၂၇၀၀၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၇၀၀၊ ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀၊ နော်ဝေနိုင်ငံမှ တန်ချိန် ၁၀၀၀၊ ဥဇဘက်ကစ္စတန်နိုင်ငံမှ တန်ချိန် ၁၀၀၀၊ တရုတ်(တိုင်ပေ)မှတန်ချိန် ၈၀၀၊ ဘယ်လ်ဂျီယံနိုင်ငံမှတန်ချိန် ၇၀၀၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၅၀၀၊ အစ္စရေးနိုင်ငံမှ တန်ချိန် ၅၀၊ စပိန်နိုင်ငံမှတန်ချိန် ၄၀ နှင့် အင်ဒိုနီးရှားနိုင်ငံမှ ၁၀ တန်တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်သွင်းခဲ့ရာတွင် တရုတ်နိုင်ငံမှ တန်ချိန် ၇၀၀၀ နှင့် ထိုင်းနိုင်ငံမှ တန်ချိန် ၁၀၀၀ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဘီလပ်မြေများကို တရုတ်နိုင်ငံမှ တင်သွင်းရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းအပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှပါ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# မြန်မာ့ဂုဏ်

\- မျိုးရိုးစဉ် မဟာဘွဲ့
မြန်မာရဲ့ မြင့်မားဂုဏ်၊
သမိုင်းကို ပြန်လည်ကြည့်တိုင်း
လျှံပီတိဟုန်၊
ကိုယ့်ဘုန်းရိပ် ကိုယ်ခိုလှုံ
ကိုယ့်ကိုယ်ယုံလို့ ကိုယ်တိုင်ကြိုး၊
ကြံစည်ကာ ဆောင်လိုက်တိုင်း
အခေါင်ခိုက်တဲ့ မျိုး။

\- ယဉ်ကျေးမွေ စာအဖွဲ့
မြန်မာရဲ့ မြင့်မားဂုဏ်၊
ကိုယ်ပိုင်စာ ကဗျာ သီချင်းနဲ့
ကမ္ဘာသင်းလို့ထုံ၊
ကိုယ့်ရိုးရာ ကိုယ့်ဝတ်စားနဲ့
ဝင့်ကြွားဖွယ် မြန်မာဘုံ
ထုံ တျာအစုံ စဉ်မြတ်နိုး၊
ဘိုးဘွားမွေ မတိမ်းမယိမ်းအောင်
ထိန်းသိမ်းတဲ့ အမျိုး။

\- တိုင်းရင်းစုံ စံရာကွဲ့
မြန်မာရဲ့ မြင့်မားဂုဏ်၊
သွေးချင်းတွေ အချစ်ခင်းကြလို့
လက်ချင်းတွဲယှုံ၊
အခက်ခဲ ကြုံချင်ကြုံ
စုစုံလို့ ကျော်ဖြတ်ရိုး၊
တို့မြန်မာ တစ်သွေးတည်း
သွေးမကွဲတဲ့ အမျိုး။

\- တစ်ပါးသူ ရန်ခွာတဲ့
မြန်မာရဲ့ မြင့်မားဂုဏ်၊
အေးချမ်းစွာ ဆွေမျိုးတွေရဲ့
အနေရိုးတဲ့ပုံ၊
ကိုယ့်မြေကို လာထိရင်ဖြင့်
ဇာတိသွေး ဆွေ့ဆွေ့ခုန်
တွေ့ဆုံလို့ ခုတ်ထွင်ရှင်း၊
တို့မြန်မာ သတ္တိသွေးက
အိုကွယ်. . .
နှိုးစွေးဘိခြင်း။ ။

**လွမ်းလေးကို(သရက်)**

➤ စာမျက်နှာ ၄ မှအဆက်

**"ပဝါရဏာပွဲများ"**ကိုလည်း ကျင်းပကြသည်။ သီတင်းကျွတ်လပြည့်နေ့တွင် မြတ်ဗုဒ္ဓ၏ ဝိနည်းဒေသနာတော်အရ သံဃာတော်များ သိမ်ထဲ၌ စုရုံးပြီး **"ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်း"**ဟု အဓိပ္ပာယ်ရသည့် ပဝါရဏာပွဲကျင်းပခြင်းမှာ ဝါဆိုခဲ့ကြရာမှ ကျွတ်လွတ်ကုန်ကြသော သံဃာတော်အရှင်မြတ်တို့ အကျင့်သီလစင်ကြယ်ကြစေခြင်းငှာ သီတင်းကျွတ်လပြည့်နေ့တိုင်း သိမ်များထဲတွင် ဖိတ်ကြားစုဝေးကြပြီး ဝါစဉ်သိက္ခာတော်အလိုက် တစ်ပါးနှင့်တစ်ပါး အပြစ်ကြီးငယ်အသွယ်သွယ်တို့ကို ညွှန်ပြဆုံးမကြရန် ပန်ကြားလျှောက်ထားကြရသည်။ အချင်းချင်း စုပေါင်းဝေဖန်သုံးသပ်ကြ၊ အမှန်ကိုပြုပြင်ကြရန် အမှန်ကိုဝန်ခံကြ၊ သံဃာအချင်းချင်း၊ သာသနာသန့်ရှင်းတည်တံ့ရေးအတွက် ရှိုင်းပင်းကူညီ၊ စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရ စသည့်ဝိသေသများနှင့်ပြည့်ဝနေသော ပဝါရဏာပွဲများဖြစ်ကြသည်။

**"ဖိုးသူတော်ဦးမင်း"**က **"ကြာငါးမည်ကြိုင်သင်း၊ လျှံဝင်းလို့ပြောင်ထိန်၊ ရွှေနန်းတောင်တော်ဦးမှာလ၊ ကွန်မြူးမြင်းမိုရ်မိ၊ ညီးတဲ့အချိန်။ ရိုဦးငယ်နိမ်၊ သုံးကြိမ်ကွယ့်ရှိပျောင်း၊ သက္ကစ္စဂါရဝနဲ့ ခေဉ်အလာဘူဇော်ပွဲကို၊ နွဲ့ကြပေကောင်း"**ဟု သီတင်းကျွတ်လဖွဲ့ကိုစပ်ဆိုခဲ့သလို **"မိဘဆရာ၊ သက်ကြီးဝါကို၊ ဆယ်ဖြာလက်မိုး၊ ဦးနိမ်ကျိုး၍၊ ရှိခိုးသမှု၊ ဂါရဝပြုကာ၊ ညီညာဖြိုဖြိုး၊ ကန်တော့နေကြသည်မှာ"**ဝါလကင်းလွတ်သီတင်းကျွတ်၏ အထွတ်အမြတ်ရိုးရာ ယဉ်ကျေးမှုပင်ဖြစ်သည်။ ထိုအစဉ်အလာကောင်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းကျောင်းနေကြစေချင်ပါသည်။

**ကိုးကား**

- **ဦးဩဘာသ၏ ဗုဒ္ဓယဉ်ကျေးမှုလာ ထုံးတမ်းစဉ်လာဓလေ့ အစါတော်နေ့များ**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်ဓပ်လျှင်း၍**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# အမေရိကန်၏ ဂါဇာပြဿနာဆုံးဖြတ်ချက်မူကြမ်း ရုရှားနှင့်တရုတ်နိုင်ငံတို့က ဗီတိုအာဏာဖြင့်ပယ်ချ



**နယူးယောက် အောက်တိုဘာ ၂၆**

အစ္စရေး-ဟားမတ်စ်စစ်ရေးပဋိပက္ခနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံအဆိုပြုတင်သွင်းထားသော ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်းကို ရုရှားနှင့်တရုတ်နိုင်ငံတို့က အောက်တိုဘာ ၂၅ ရက်တွင် ဗီတိုအာဏာဖြင့်ပယ်ချခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်းတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးအပ်ရေးအတွက် တိုက်ခိုက်မှုများရပ်နားပေးရေး၊ အရပ်သားများကိုအကာအကွယ်ပေးရေးနှင့် ဂါဇာဒေသရှိ ဟားမတ်စ်အပါအဝင်စစ်သွေးကြွအုပ်စုများအား လက်နက်တပ်ဆင်ပေးမှုရပ်တန့်ရန် တောင်းဆိုထားသည်။

သို့ရာတွင် အမေရိကန်နိုင်ငံတင်သွင်းထားသည့်အဆိုပါဆုံးဖြတ်ချက်မူကြမ်းသည် အပစ်အခတ်ရပ်စဲရေးအတွက် တစ်ကမ္ဘာလုံး၏ ခိုင်မာသော တောင်းဆိုချက်ကို ထင်ဟပ်နိုင်မှုမရှိကြောင်း ကုလသမဂ္ဂဆိုင်ရာ တရုတ်သံအမတ်ကြီး ကျန်ကျွန်းက မဲခွဲပွဲအပြီးပြောကြားခဲ့သည်။

အောက်တိုဘာ ၂၅ ရက်တွင် ပြုလုပ်ခဲ့သည့် လုံခြုံရေးကောင်စီမဲခွဲပွဲတွင် အမေရိကန်နိုင်ငံ၏ဆုံးဖြတ်ချက်မူကြမ်းကို အလှည့်ကျအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံတို့က ထောက်ခံမဲပေးခဲ့သော်လည်း အမြဲတမ်း အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ရုရှားနှင့်တရုတ်တို့က ဗီတိုအာဏာများဖြင့်ပယ်ချခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးကောင်စီအနေဖြင့် အစ္စရေး-ဟားမတ်စ်ပြဿနာအတွက် မည်သည့်ဆုံးဖြတ်ချက်မျှမရယူနိုင်သေးချိန်တွင် အာရပ်နိုင်ငံများ၏ တောင်းဆိုချက်အရ အောက်တိုဘာ ၂၇ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ အရေးပေါ်အစည်းအဝေးခေါ်ယူ၍ အပစ်အခတ်ရပ်စဲရေးဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို မဲခွဲမည်ဖြစ်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်များသည် တရားဝင်လိုက်နာရန်မလိုသော်လည်း နိုင်ငံရေးအရ ဖိအားပေးနိုင်သည့်ဆုံးဖြတ်ချက်များ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# မလေးရှားဘုရင်သစ် ရွေးချယ်ရေးအတွက် ဆူလ်တန်စော်ဘွားများ တွေ့ဆုံစည်းဝေးရန်စီစဉ်

**ကွာလာလမ်ပူ အောက်တိုဘာ ၂၆**

မလေးရှားနိုင်ငံ၏ ဆူလ်တန်စော်ဘွားများသည် ဘုရင်သစ်ရွေးချယ် တင်မြှောက်ရေးအတွက် အောက်တိုဘာ ၂၇ ရက်တွင် တွေ့ဆုံစည်းဝေးရန် စီစဉ်ထားကြောင်း မလေးရှားပြည်တွင်းမီဒီယာများ၏ အဆိုအရ သိရသည်။

မလေးရှားနိုင်ငံ၏ ဘုရင်ရွေးချယ်ပုံမှာ ထူးဆန်းသည့်စနစ်တစ်မျိုးဖြစ်ပြီး စော်ဘွားမိသားစုကိုးစုတို့၏အကြီးအကဲများက ငါးနှစ်သက်တမ်းရှိ ဘုရင်နေရာကိုအလှည့်ကျရယူကြရသည်။

မလေးရှားနိုင်ငံသည် ဘုရင်မင်းမြတ်ကို နိုင်ငံတော်အကြီးအကဲအဖြစ် သတ်မှတ်ထားသော ပါလီမန်ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံဖြစ်သည်။

မလေးရှားဆူလ်တန်စော်ဘွားများအနေဖြင့် ဘုရင်ရွေးချယ်ရာတွင် လျို့ဝှက်မဲပေးစနစ်သုံးသော်လည်း လွတ်လပ်ရေးရပြီးချိန်မှစ၍ ကျင့်သုံးခဲ့သည့် ဘုရင်နေရာအလှည့်ကျရယူမှုစနစ်အရ လက်ရှိဘုရင် အယ်လ်ဆူလ်တန်အက်ဘ်ဒူလာ၏နေရာကို ဂျိုဟော်ပြည်နယ်စော်ဘွား ဆူလ်တန်အီဘရာဟင်ဆူလ်တန်အစ်ကန်ဒါက ရယူမည်ဖြစ်သည်။

ဘုရင်သစ်ရွေးချယ်ရန် ဆူလ်တန်စော်ဘွားများ တွေ့ဆုံမည်ဟူသော သတင်းများနှင့်ပတ်သက်၍ မလေးရှားအစိုးရတာဝန်ရှိသူများက တစ်စုံတစ်ရာမှတ်ချက်ပေးထားခြင်းမရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ပါကစ္စတန်နိုင်ငံက တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများကို နှင်ထုတ်ကာ ၎င်းတို့နေထိုင်ရန် နယ်နှင်ရေးစခန်းများစတင်တည်ဆောက်

**အစ္စလမ္မာဘတ် အောက်တိုဘာ ၂၆**

အာဖဂန်လူမျိုး ၁ ဒသမ ၇ သန်းအပါအဝင် နိုင်ငံအတွင်း တရားမဝင် ရောက်ရှိနေသော ရွှေ့ပြောင်းဝင်ရောက်သူများကိုထားရှိရေးအတွက် နယ်နှင်ရေးစခန်းများစတင်တည်ဆောက်နေပြီဖြစ်ကြောင်း ပါကစ္စတန်အစိုးရတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

လာမည့် နိုဝင်ဘာ ၁ ရက်မှစ၍ ပါကစ္စတန်နိုင်ငံအတွင်း တရားမဝင် နေထိုင်သူများအဖြစ် စစ်ဆေးတွေ့ရှိရသူများကို ဖမ်းဆီး၍ နယ်နှင်ရေးစခန်းများသို့ပို့ဆောင်ရန် ပါကစ္စတန်အစိုးရက စီစဉ်ထားသည်။

လက်ရှိအချိန်တွင် ပါကစ္စတန်အစိုးရသည် ဘလူချီစတန်ပြည်နယ်အတွင်း၌ နယ်နှင်ရေးစခန်းသုံးခု တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

အလားတူ ခိုင်ဘာပွတ်ခ်တွန်ဝါပြည်နယ်တွင်လည်း တရားမဝင်နေထိုင်သူများအတွက် နယ်နှင်ရေးစခန်းသုံးခု တည်ဆောက်ရန် ပါကစ္စတန်တာဝန်ရှိသူများက စီစဉ်ထားသည်။

အာဖဂန်နစ္စတန်ကို ဆိုဗီယက်တပ်များ သိမ်းပိုက်ထားစဉ်ကာလ ၁၉၇၉ ခုနှစ်နှင့် ၁၉၈၉ ခုနှစ်ကြားကာလအတွင်း ပါကစ္စတန်နိုင်ငံသည် အာဖဂန်နစ္စတန်မှထွက်ပြေးလာသည့် အာဖဂန်နစ္စတန်ဒုက္ခသည်များကို အရေအတွက်သန်းနှင့်ချီ၍ လက်ခံထားခဲ့ရသည်။



၂၀၂၁ ခုနှစ် ဩဂုတ်လတွင် အာဖဂန်နစ္စတန်ကို တာလီဘန်များ ထိန်းချုပ်ခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံသို့ရောက်ရှိလာသည့် အာဖဂန်လူမျိုးအရေအတွက်မှာလည်း ပို၍များပြားလာခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# အစ္စရေး-ဟားမတ်စ်စစ်ရေးပဋိပက္ခ အရှေ့အလယ်ပိုင်းကို ကျော်လွန်ကူးစက်နိုင်ကြောင်း ရုရှားသမ္မတသတိပေး

**မော်စကို အောက်တိုဘာ ၂၆**

အစ္စရေး-ဟားမတ်စ်တို့၏ စစ်ရေးပဋိပက္ခသည် အရှေ့အလယ်ပိုင်းဒေသနယ်စည်းများကို ကျော်လွန်ကူးစက်သွားနိုင်ကြောင်း ရုရှားသမ္မတပူတင်က အောက်တိုဘာ ၂၅ ရက်တွင် သတိပေးလိုက်သည်။

ရုရှားနိုင်ငံအတွင်းရှိ ဘာသာပေါင်းစုံတို့မှ ဘာသာရေးခေါင်းဆောင်များနှင့် မော်စကိုမြို့ ကရင်မလင်နန်းတော်၌တွေ့ဆုံစဉ် သမ္မတပူတင်က ထိုကဲ့သို့သတိပေးခဲ့ခြင်းဖြစ်သည်။

မိမိတို့၏ လက်ရှိအဓိကတာဝန်မှာ အစ္စရေးနှင့်ဟားမတ်စ်တို့အကြား စစ်ရေးပဋိပက္ခရပ်တန့်သွားရေးဖြစ်ကြောင်း၊ အဆိုပါစစ်ရေးပဋိပက္ခပို၍ပြင်းထန်လာပါက အရှေ့အလယ်ပိုင်းဒေသနယ်စည်းများကိုကျော်လွန်ပျံ့နှံ့သွားနိုင်ကြောင်း သမ္မတပူတင်က ဘာသာရေးခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် အခြားလူတစ်စုတစ်ဖွဲ့က ကျူးလွန်ခဲ့သောရာဇဝတ်မှုများအတွက် ဂါဇာကမ်းမြောင်ဒေသမှ အပြစ်မဲ့အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများအပြစ်ပေးခံနေရမှုမှာ မှားယွင်းကြောင်းလည်း သမ္မတပူတင်က ဝေဖန်သုံးသပ်ခဲ့သည်။

သို့ရာတွင် အချို့သောအင်အားစုများကမူ ဂါဇာစစ်ရေးပဋိပက္ခပိုမိုပြင်းထန်လာစေရန်နှင့် ပဋိပက္ခအတွင်းသို့ အခြားနိုင်ငံများနှင့်ပြည်သူများကိုပါဆွဲသွင်းရန်ကြိုးပမ်းနေကြောင်း သမ္မတပူတင်က အနောက်အုပ်စုများကို ရည်ရွယ်၍ ဝေဖန်ခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် အစ္စရေးနှင့်ပါလက်စတိုင်း နှစ်နိုင်ငံအတူယှဉ်တွဲရပ်တည်ရေးသဘောတရားကို ဆက်လက်ဆွဲကိုင်ထားမည်ဟု သမ္မတပူတင်က အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO



# စွမ်းအင်ကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် တောင်အာဖရိကနိုင်ငံက ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိမည်

**ဝါရှင်တန် အောက်တိုဘာ ၂၆**

စွမ်းအင်ကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွက် တောင်အာဖရိကနိုင်ငံကို အမေရိကန်ဒေါ်လာ တစ်ဘီလီယံထုတ်ချေးရန် ကမ္ဘာ့ဘဏ်ဘုတ်အဖွဲ့က သဘောတူလိုက်ပြီဖြစ်ကြောင်း အောက်တိုဘာ ၂၅ ရက်က ဖော်ပြခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို အနှောင့်အယှက်ပေးနေသော လျှပ်စစ်မီးပုံမှန်ပြတ်တောက်မှုပြဿနာကိုဖြေရှင်းရန် ကြိုးစားနေရသည်။

ထို့ပြင် တောင်အာဖရိကနိုင်ငံ၏ စွမ်းအင်ကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် ကာဗွန်ထုတ်လုပ်မှုနိမ့်ပါးသော စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းရေးလုပ်ငန်းများကို အားပေးကူညီရန်ဆန္ဒရှိကြောင်း ကမ္ဘာ့ဘဏ်၏ အောက်တိုဘာ ၂၅ ရက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တောင်အာဖရိကနိုင်ငံ၏ နိုင်ငံပိုင် အက်စ်ကမ်းစွမ်းအင်ကုမ္ပဏီ၏ ကျောက်မီးသွေး လောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှာ သက်တမ်း ကြာမြင့်လာသည်နှင့်အမျှ စွမ်းဆောင်ရည်ကျဆင်းလျက်ရှိရာ နိုင်ငံအတွင်း တစ်ရက်လျှင် ၁၀ နာရီကျော်ထိ လျှပ်စစ်မီးပြတ်တောက်မှုနှင့်ရင်ဆိုင်နေရသည်။

တောင်အာဖရိကနိုင်ငံသည် စွမ်းအင်ကဏ္ဍပြုပြင်ပြောင်းလဲရေးချေးငွေရယူရေးအတွက် အက်စ်ကမ်းစွမ်းအင်ကုမ္ပဏီကို လုပ်ငန်းအစုအဖွဲ့ သုံးခုအဖြစ်သို့ခွဲထုတ်ပေးရန် ကမ္ဘာ့ဘဏ်ကို ကတိပေးထားသည်။

ထို့ပြင် တောင်အာဖရိကအစိုးရ၏ စွမ်းအင်ကဏ္ဍပြုပြင်ပြောင်းလဲရေးအစီအစဉ်များသည် တောင်အာဖရိကပြည်သူများနှင့် စီးပွားရေးတို့အတွက် အကျိုးကျေးဇူးများပြုမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## ရှန်ကျိုး-၁၇ အာကာသလူသယ်ယာဉ်ကို တရုတ်အမျိုးသားအာကာသအေဂျင်စီ လွှတ်တင်



**ပေကျင်း အောက်တိုဘာ ၂၆**

အာကာသယာဉ်မှူးသုံးဦး လိုက်ပါသွားသည့် ရှန်ကျိုး-၁၇ အာကာသလူသယ်ယာဉ်ကို တရုတ်အမျိုးသား အာကာသအေဂျင်စီက ယနေ့တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ရှန်ကျိုး-၁၇ အာကာသလူသယ်ယာဉ်ကို သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၂ အက်ဖ်ဒုံးပျံကို ဂိုဘီသဲကန္တာရဒေသ ချိုကွမ်းဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၁၀ မိနစ်ခန့်အကြာတွင် ရှန်ကျိုး-၁၇ အာကာသ လူသယ်ယာဉ်သည် လောင်းမတ်ချ်-၂ အက်ဖ်ဒုံးပျံမှအောင်မြင်စွာ ခွဲထွက်နိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ရှန်ကျိုး-၁၇ အာကာသလူသယ်ယာဉ်သည် လွှတ်တင်ပြီး ၆ ဒသမ ၅ နာရီအကြာတွင် တီယန်ကောင်း အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

ရှန်ကျိုး-၁၇ အာကာသလူသယ်ယာဉ် တီယန်ကောင်းအာကာသစခန်းနှင့် ချိတ်ဆက်ပြီးချိန်တွင် လိုက်ပါသွားသည့် အာကာသယာဉ်မှူး သုံးဦးသည် တီယန်ကောင်း အာကာသစခန်းစီမံခန့်ခွဲရေးတာဝန်များကို လက်လွှဲရယူမည်ဖြစ်သည်။

တီယန်ကောင်း အာကာသစခန်းယာဉ်ပေါ်၌ လက်ရှိတာဝန်ထမ်းဆောင်ဆဲ ရှန်ကျိုး-၁၆ အာကာသယာဉ်မှူးများကမူ အောက်တိုဘာ ၃၁ ရက်တွင် ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ပါကင်ဆန်ရောဂါလက္ခဏာများ တိုးလာမှုကို ထိုက်ကျိုလေ့ကျင့်ခန်းက လျှော့ချပေးနိုင်

**ပေကျင်း အောက်တိုဘာ ၂၆**

တရုတ်နိုင်ငံ၏ ရှေးဟောင်းကျင့်စဉ်တစ်ရပ်ဖြစ်သော ထိုက်ကျိုလေ့ကျင့်ခန်းသည် ပါကင်ဆန်ရောဂါလက္ခဏာများ တိုးလာမှုကို လျှော့ချပေးနိုင်ကြောင်း အောက်တိုဘာ ၂၅ ရက် သတင်းများအရ သိရသည်။

တရုတ်ရိုးရာ ကိုယ်ခံပညာတစ်မျိုးဖြစ်သည့် ထိုက်ကျို သိုင်းပညာသည် ပါကင်ဆန်ရောဂါ အခြေအနေဆိုးလာမှုကို ထိန်းချုပ်ပေးနိုင်သည်ကို တွေ့ရကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များသည် ပါကင်ဆန်လူနာ ၃၀၀ ကျော်တို့ကို အုပ်စုနှစ်စုခွဲ၍ ထိုက်ကျိုသိုင်းပညာ၏ အကျိုးသက်ရောက်မှုကို လက်တွေ့လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ ထိုက်ကျိုသိုင်းပညာကို သီတင်းတစ်ပတ်လျှင် တစ်နာရီအချိန်ပေး လေ့ကျင့်သူ ပါကင်ဆန်လူနာများ၌ ရောဂါလက္ခဏာများတိုးလာမှုကို နှစ်အနည်းငယ်ကြာထိ ထိန်းထားနိုင်သည်ကိုတွေ့ရကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

ပါကင်ဆန်ရောဂါသည် ကမ္ဘာပေါ်၌ ဖြစ်ပွားမှုနှုန်း အမြန်ဆုံးအာရုံနာ့ဗ်ဆဲလ်စနစ် ရောဂါများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

လက်ရှိအချိန်တွင် ပါကင်ဆန်ရောဂါပျောက်ကင်းစေနိုင်သည့် ကုထုံးမျိုးမရှိသေးဘဲ ရောဂါလက္ခဏာများသာ သက်သာစေမည့်ဆေးဝါးများသာရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**


## နာဆာ၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က စကြဝဠာပေါက်ကွဲမှုတစ်ရပ်ကို လေ့လာနိုင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၂၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် အလွန်ရှားပါးသည့် ဓာတုဒြပ်စင်များ ဖန်တီးပေးခဲ့သော စကြဝဠာ ပေါက်ကွဲမှုတစ်ရပ်ကို လေ့လာနိုင်ခဲ့ကြောင်း အောက်တိုဘာ ၂၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ စကြဝဠာပေါက်ကွဲမှုသည် ယခုနှစ် မတ် ၇ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၅၀ အတွင်း လေ့လာတွေ့ရှိဖူးသမျှထဲတွင် ဒုတိယမြောက်အလင်းအားအကောင်းဆုံး ဂမ်မာရောင်ခြည်ပေါက်ကွဲမှုဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

GRB 230307 A အမည်ရှိ အဆိုပါဂမ်မာရောင်ခြည်ပေါက်ကွဲမှု၏ အလင်းအားသည် နဂါးငွေ့တန်းကြယ်စုတစ်လုံး၏ အလင်းအားထက် အဆတစ်သန်းပိုများကြောင်း သိရသည်။




အဆိုပါ ဂမ်မာရောင်ခြည်ပေါက်ကွဲမှုကြောင့် တယ်လာရီယမ်ခေါ် ရှားပါးသည့်ဓာတုဒြပ်စင်တစ်မျိုးအပါအဝင် ဓာတုဒြပ်စင်များ ပေါ်ထွက်လာခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

GRB 230307 A ဂမ်မာရောင်ခြည်ပေါက်ကွဲမှုသည် နျူထရွန်ကြယ်နှစ်စင်း ဝင်ရောက်တိုးတိုက်ပေါင်းစပ်မှုကြောင့် ပေါ်ထွက်လာသည့် ဂမ်မာရောင်ခြည်ပေါက်ကွဲမှုဖြစ်သည်။

ကမ္ဘာမြေနှင့်အလင်းနှစ် တစ်ဘီလီယံခန့်အကွာ ကြယ်စုတစ်စုအတွင်း ပေါ်ပေါက်ခဲ့သည့် အဆိုပါ ဂမ်မာရောင်ခြည် ပေါက်ကွဲမှုကို ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်အပြင် အခြားအာကာသအခြေစိုက် ရေဒီယိုတယ်လီစကုပ်များကလည်း ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## သက်ကြီးပိုင်းများ ဝမ်းပိုက်အဆီစုစည်းမှုကို မြေထဲပင်လယ်ဓာတ်စာ စားသုံးမှုနှင့်လေ့ကျင့်ခန်း ပြုလုပ်မှု တွဲဖက်အသုံးပြုခြင်းဖြင့် လျှော့ချပေးနိုင်

**မက်ဒရစ် အောက်တိုဘာ ၂၆**

မြေထဲပင်လယ်ဓာတ်စာ (Mediterranean Diet) စားသုံးမှုနှင့် လေ့ကျင့်ခန်းပြုလုပ်မှုတို့ကို တွဲဖက်အသုံးပြုခြင်းဖြင့် သက်ကြီးပိုင်းများ၌ ဝမ်းဗိုက်အဆီစုစည်းမှုကို လျှော့ချပေးနိုင်ပြီး ကြွက်သားထုကိုလည်း ထိန်းသိမ်းပေးနိုင်ကြောင်း အောက်တိုဘာ ၂၅ ရက် သတင်းများအရ သိရသည်။

ဝမ်းဗိုက်ပတ်လည် အဆီဓာတ်စုစည်းမှုကြောင့် ရောင်ရမ်းမှုပြဿနာ ပေါ်လာနိုင်ပြီး နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် ဆီးချိုရောဂါစသည့် ကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေ မြင့်မားလာတတ်ကြောင်း သိရသည်။

သို့ရာတွင် စပိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မြေထဲပင်လယ်ဓာတ်စာ စားသုံးမှုနှင့်အတူ လေ့ကျင့်ခန်းပြုလုပ်မှု၊ ကယ်လိုရီလျှော့ချမှုတို့ကို ပေါင်းစပ်ပြုလုပ်ပါက ဝမ်းဗိုက်ပတ်လည် အဆီစုစည်းမှုကျဆင်းသွားနိုင်ကြောင်း သိရသည်။

ထို့ပြင် မြေထဲပင်လယ်ဓာတ်စာ စားသုံးမှု၊ ကယ်လိုရီလျှော့ချမှုနှင့် လေ့ကျင့်ခန်း ပြုလုပ်မှုတို့ကြောင့် စမ်းသပ်မှုတွင် ပါဝင်သူများ၌ ကြွက်သားထုထည်ကို ထိန်းထားနိုင်သည်ကိုလည်း တွေ့ရကြောင်း သိရသည်။

မြေထဲပင်လယ် ဓာတ်စာပုံစံတွင် ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံတို့ အဓိကပါဝင်ပြီး ၎င်းဓာတ်စာကိုစားသုံးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူး အများအပြားရယူနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## လကမ္ဘာမှပဲ့ထွက်သွားသည့် ကျောက်သားကျောက်စိုင်များက ကမ္ဘာဂြိုဟ်အနီးပတ်လည်မှ ဂြိုဟ်သိမ်များအဖြစ်သို့ ပြောင်းသွားနိုင်

**ဝါရှင်တန် အောက်တိုဘာ ၂၆**

လကမ္ဘာမှ ပဲ့ထွက်သွားသည့် ကျောက်သားကျောက်စိုင်များသည် ကမ္ဘာဂြိုဟ်အနီးပတ်လည်မှ ဂြိုဟ်သိမ်များအဖြစ်သို့ ပြောင်းသွားနိုင်ကြောင်း သိပ္ပံပညာရှင်များက အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားသည်။

လမျက်နှာပြင်မှ ပဲ့ထွက်ခဲ့သော ကျောက်သားများသည် ကမ္ဘာမြေအနီးပတ်လည်မှ ဂြိုဟ်သိမ်များအဖြစ်သို့ ပြောင်းလဲသွားတတ်သည်ဖြစ်ရာ ကမ္ဘာမြေအနီးပတ်လည် ဂြိုဟ်သိမ်များထဲတွင် လကမ္ဘာကျောက်သားအများအပြား ပါဝင်နေနိုင်ကြောင်း အမေရိကန်နိုင်ငံ အရီဇိုးနားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ ကာမိုအော်လီဝါအမည်ရှိ ကမ္ဘာမြေအနီးပတ်လည်မှ ဂြိုဟ်သိမ်တစ်စင်းသည် လမျက်နှာပြင်အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ထပ်မံအတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ကာမိုအော်လီဝါဂြိုဟ်သိမ်၏ ထူးခြားသောဂုဏ်သတ္တိနှစ်ခုကို တွေ့ရှိခဲ့ပြီးနောက် အဆိုပါဂြိုဟ်သိမ်ကို လမျက်နှာပြင်အစိတ်အပိုင်းအဖြစ် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂုဏ်သတ္တိနှစ်ခုအနက် တစ်ခုမှာ ကာမိုအော်လီဝါဂြိုဟ်သိမ်သည် နေကို လှည့်ပတ်နေသော်လည်း ကမ္ဘာမြေနှင့် နီးလွန်းပြီး ကမ္ဘာမြေကိုပါ လှည့်ပတ်နေပုံရခြင်းဖြစ်ကြောင်း သိရသည်။

ဒုတိယဂုဏ်သတ္တိမှာ အဆိုပါဂြိုဟ်သိမ်သည် ကမ္ဘာမြေ၏အနီးတွင် နှစ်သန်းပေါင်းများစွာ ရှိနေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်များ

ML

**ချဲလ်ဆီး Vs ဘရန့်ဖို့ဒ်**

**ကစားမည့်ရက်/အချိန် ၂၈-၁၀-၂၀၂၄ (ည ၀၆:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ချဲလ်ဆီး ၀ - ၂ ဘရန့်ဖို့ဒ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | - | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |
| ဘရန့်ဖို့ဒ် | - | ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |

တိုက်စစ်ကစားပုံကောင်းလာတဲ့ ချဲလ်ဆီးအသင်းဟာ နောက်ဆုံးလေးပွဲဆက်ရှုံးပွဲမရှိဘဲ သွင်းဂိုး ၁၁ ဂိုးထိသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဘရန့်ဖို့ဒ်အသင်းကတော့ ပြီးခဲ့တဲ့အိမ်ကွင်းမှာ အနိုင်ရခဲ့ပေမဲ့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးဘဲ အဝေးကွင်းခံစစ်ပိုင်းကလဲ ကျဆင်းနေဆဲဖြစ်တာကြောင့် ချဲလ်ဆီးအသင်းရဲ့ဖိအားပေးမှုကို ခံရမှာသေချာပါတယ်။ ဒါကြောင့် နိုင်ပွဲရဖို့လိုအပ်နေတဲ့ ချဲလ်ဆီးအသင်းအနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ချဲလ်ဆီး ၂ - ၁ ဘရန့်ဖို့ဒ်**

**ဘုန်းမောက် Vs ဘန်လေ**

**ကစားမည့်ရက်/အချိန် ၂၈-၁၀-၂၀၂၄ (ည ၀၈:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘုန်းမောက် ၂ - ၄ ဘန်လေ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |
| ဘန်လေ | - | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |

ဘုန်းမောက်အသင်းကတော့ နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲမရဘဲ ခံစစ်က ကိုးဂိုးထိပေးခဲ့ရပြီး ရလဒ်ပိုင်းကျဆင်းနေတာကိုတွေ့ရမှာပါ။ ဘန်လေအသင်းကတော့ ပြီးခဲ့တဲ့ပွဲမှာအဝေးကွင်း ဂိုးပြတ်ရှုံးခဲ့တယ်ဆိုပေမဲ့ ဘုန်းမောက်နဲ့တွေ့ဆုံခဲ့တဲ့ အဝေးကွင်းပွဲစဉ်မှာတော့ ရလဒ်ကောင်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အဝေးကွင်းမှာအနည်းဆုံးရမှတ်ခွဲယူမဲ့ ဘန်လေကို အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘုန်းမောက် ၁ - ၂ ဘန်လေ**

## အီတလီစီးရီးအေ ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်

ML

**ဆက်ဆူအိုလို Vs ဘိုလော့နာ**

**ကစားမည့်ရက်/အချိန် ၂၈-၁၀-၂၀၂၄ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆက်ဆူအိုလို ၁ - ၁ ဘိုလော့နာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဆက်ဆူအိုလို | - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(ရှုံး) |
| ဘိုလော့နာ | - | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |

ဆက်ဆူအိုလိုဟာ နောက်ဆုံး သုံးပွဲဆက်နိုင်ပွဲမရခဲ့သလို အိမ်ကွင်းနှစ်ပွဲမှာလဲ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဘိုလော့နာကတော့ အဝေးကွင်းကစားအားကောင်းနေသလို အိမ်ကွင်းမာကျောတဲ့ မွန်ဇာ၊ အင်တာမီလန်တို့ကို သရေကစားနိုင်ခဲ့တဲ့အသင်းဖြစ်လို့ ဆက်ဆူအိုလိုကို ဖိအားပေးနိုင်မှာသေချာပါတယ်။ ဒါကြောင့် အသင်းလိုက်ကစားအားနဲ့ အဝေးကွင်းရလဒ်ကောင်းနေတဲ့ ဘိုလော့နာကို ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဆက်ဆူအိုလို ၁ - ၂ ဘိုလော့နာ**

### အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသည့် တိုက်စစ်မှူးအယ်ဗာရက်ဇ်ကို အနည်းဆုံး ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၈၀ ပေးချေမှသာခေါ်ယူနိုင်မည်ဖြစ်ကြောင်း မန်စီးတီးအသင်းက ပြောကြားခဲ့သည်။
- မန်ယူအသင်းက ဆိုစီဒက်တောင်ပံကစားသမား ကူဘိုကို စတာလင်ပေါင် သန်း ၆၀ ဖြင့်ခေါ်ယူရန်ကြိုးပမ်းနေပြီး အပြောင်းအရွှေ့ဖြစ်မြောက်ပါက စာချုပ်ပါသဘောတူညီချက်အရ ရီးရဲလ်မက်ဒရစ်အသင်းက ကစားသမား၏ ပြောင်းရွှေ့ကြေးတစ်ဝက်ကို ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ML

# ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၂၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (စီ)တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာအမျိုးသမီးဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ကယားပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ပွဲစဉ်တွင် ကယားပြည်နယ်အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်းအသီးသီး အနိုင်ရရှိခဲ့သည်။

အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ကယားပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ပွဲစဉ်တွင် ကယားပြည်နယ်အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့်ကချင်ပြည်နယ်အသင်းတို့ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီးဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# Paris Masters နှင့် ATP Finals တင်းနစ်ပြိုင်ပွဲတို့တွင် အယ်ကာရက်ဇ် ဝင်ရောက်ယှဉ်ပြိုင်မည်

**မက်ဒရစ် အောက်တိုဘာ ၂၆**

ဒဏ်ရာပြဿနာကြောင့်အနားယူနေရသည့် ကမ္ဘာ့အဆင့်(၂) စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်သည် ဒဏ်ရာမှပြန်လည်သက်သာလာပြီဖြစ်သလို အောက်တိုဘာ ၂၈ ရက်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် စတင်ကျင်းပမည့် Paris Masters တင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

အယ်ကာရက်ဇ်သည် Paris Masters တင်းနစ်ပြိုင်ပွဲအပြီး နိုဝင်ဘာလတွင် ကျင်းပမည့် ATP Finals တင်းနစ်ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အယ်ကာရက်ဇ်က "ကျွန်တော့်ပရိသတ်တွေအတွက်သတင်းကောင်း ပြောဖို့ရှိပါတယ်။ ကျွန်တော့်ရဲ့ ဒဏ်ရာအခြေအနေ တိုးတက်ကောင်းမွန်လာပြီဖြစ်သလို လေ့ကျင့်ရေးအစီစဉ်တွေလဲ စတင်နေပြီဖြစ်ပါတယ်။ Paris Masters တင်းနစ်ပြိုင်ပွဲနဲ့ ATP Finals တင်းနစ်ပြိုင်ပွဲတို့မှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဒီနှစ်တင်းနစ်ရာသီကိုအောင်မြင်မှုတွေနဲ့ အဆုံးသတ်ခွင့် ရချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ATP Finals တင်းနစ်ပြိုင်ပွဲသည် တင်းနစ်ရာသီတစ်ခုအတွင်း အဓိကဆုဖလားများ ဆွတ်ခူးရရှိထားသည့် ချန်ပီယံများအားဖိတ်ကြားကာ ကျင်းပပေးသည့်ပြိုင်ပွဲဖြစ်သည့်အတွက် နှစ်တစ်နှစ်အတွက်ပြိုင်ဆိုင်မှုအရှိဆုံးပြိုင်ပွဲအဖြစ် သတ်မှတ်ခံထားရသည့် ပြိုင်ပွဲဖြစ်သကဲ့သို့ ကမ္ဘာ့အဆင့်ရပ်တည်ချက်အတွက်လည်း ရမှတ်သတ်မှတ်ချက်မြင့်မားသည့် ပြိုင်ပွဲလည်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# ပြင်သစ်စတုတ္ထတန်းကလပ် Bourges Foot 18 အသင်းကို တိုက်စစ်မှူးမာနေး ဝယ်ယူ




**ပဲရစ် အောက်တိုဘာ ၂၆**

ဆော်ဒီအာရေဗျကလပ် အယ်နာဆာအသင်းတွင် ကစားနေသည့် တိုက်စစ်မှူးမာနေးသည် ပြင်သစ်စတုတ္ထတန်းကလပ် Bourges Foot 18 အသင်းကိုဝယ်ယူ၍ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အသက် ၃၁ နှစ်ရှိ တိုက်စစ်မှူး မာနေးသည် ဘောလုံးအသင်းတစ်သင်းကိုဝယ်ယူ၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆန္ဒရှိနေသကဲ့သို့ Bourges Foot 18 အသင်းဥက္ကဋ္ဌဆိုင်လာနှင့်လည်း ပုဂ္ဂိုလ်ရေးအရ ရင်းနှီးမှုရှိနေသောကြောင့် ယခုအခါ ကလပ်အသင်းကိုဝယ်ယူရန် ဆုံးဖြတ်ခဲ့ကာ ဆိုင်လာကိုလည်း အသင်းဥက္ကဋ္ဌအဖြစ် ဆက်လက်ခန့်အပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မာနေးသည် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလကလည်း အသင်းအတွက် ကစားသမားသစ်များ ဝယ်ယူရန် ငွေကြေးအနည်းငယ်ရင်းနှီးမှု ပြုလုပ်ပေးခဲ့ပြီးနောက် လက်ရှိတွင် ကလပ်အသင်းအား တရားဝင်ဝယ်ယူကြောင်းပြောကြားခဲ့ပြီး မြို့တော်ဝန် ယန်းဂါးလက်ကလည်း မာနေး၏ဝယ်ယူမှုကို လက်ခံ၍ အတည်ပြုပေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် Bourges Foot 18 အသင်းသည် စတုတ္ထတန်းကလပ် အုပ်စု(B)၌ အမှတ်ပေးဇယားအောက်ဆုံး ဒုတိယနေရာတွင်ရောက်ရှိနေပြီး ကလပ်အသင်းအနေဖြင့် သမိုင်းတစ်လျှောက်တွင် ပြင်သစ်ဒုတိယတန်းသို့ပင် တက်ရောက်နိုင်ခဲ့ခြင်း မရှိကြောင်း သိရသည်။

တိုက်စစ်မှူး မာနေးသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းတွင် အသင်းဖော်ဆာနေးနှင့် ခိုက်ရန်ဖြစ်ပွားပြီးနောက် ဩဂုတ် ၁ ရက်တွင် ဆော်ဒီအာရေဗျကလပ် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ခဲ့ရသော်လည်း ဥရောပတွင်ကစားခဲ့သည့်ကာလများတွင် ချန်ပီယံလိဂ်ဖလားအပါအဝင် ဆုဖလားခြောက်လုံးထိဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၁၄ မိနစ်တွင် ရန်ကုန်ယူနိုက်တက်အသင်းအတွက် ကွင်းလယ်ကစားသမား လိုင်းဘိုဘိုက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရောဝတီယူနိုက်တက်အသင်းက ချေပဂိုးနှင့်အနိုင်ဂိုးများရရှိရန် ပြန်လည်တိုက်စစ်ဆင် ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၄၇ မိနစ်တွင် ပင်နယ်တီကန်သွင်းခွင့် ရရှိခဲ့ရာ ညီညီအောင်က အမှားအယွင်းမရှိ ကန်သွင်းပြီး ရောဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ချေပဂိုးပေးခဲ့ရပြီးနောက် ရန်ကုန်ယူနိုက်တက်အသင်းကလည်း ပြန်လည်တိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၆၁ မိနစ်တွင် လမင်းထွေးက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)အဖြစ် အောက်တိုဘာ ၂၇ ရက်တွင် မဟာယူနိုက်တက်အသင်းနှင့် ISPE အသင်း၊ GFA အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ရန်ကုန်တိုင်းဒေသကြီး ဖိတ်ခေါ် ကြက်တောင်ပြိုင်ပွဲကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၃ ရက်ထိကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးဖိတ်ခေါ် ကြက်တောင်ပြိုင်ပွဲကို လာမည့် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၃ ရက်ထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅ နာရီထိ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ အမျိုးသားကြက်တောင်အားကစားခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၁၅ နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ ဝါသနာရှင်တန်း အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ သာမန်တန်းအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊သာမန်တန်းအမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ စသည့်ပြိုင်ပွဲအမျိုးအစား ရှစ်မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှဝါသနာရှင်တန်းနှစ်ယောက်တွဲပြိုင်ပွဲအမျိုးအစားတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများတွင် ဆုရရှိဖူးသူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်မဟုတ်ဘဲ သာမန်တန်းပြိုင်ပွဲများတွင်သာ ဝင်ရောက်ကစားခွင့်ပြုမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးဖိတ်ခေါ် ကြက်တောင်ပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် အသက် ၁၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲများ၌ ပထမဆု ၁၀၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၇၀၀၀၀ နှင့် ပူးတွဲတတိယဆု ငွေကျပ် ၅၀၀၀၀၊ ဝါသနာရှင်တန်းအဆင့်ပြိုင်ပွဲများတွင် ပထမဆု ၂၀၀၀၀၀၊ ဒုတိယဆု ၁၂၀၀၀၀၊ ပူးတွဲတတိယဆု ၆၀၀၀၀၊ သာမန်တန်းတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများတွင် ပထမဆု ၄၀၀၀၀၀၊ ဒုတိယဆု ၃၀၀၀၀၀၊ ပူးတွဲတတိယဆု ၂၀၀၀၀၀ စီပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးများအဖြစ် အသက် ၁၅ နှစ်အောက်ပြိုင်ပွဲများတွင် ငွေကျပ် ၁၅၀၀၀၊ ဝါသနာရှင်တန်းနှစ်ယောက်တွဲ အဆင့်တွင် ငွေကျပ် ၂၀၀၀၀၊ သာမန်တန်းအမျိုးသားအဆင့်တွင် ငွေကျပ် ၂၅၀၀၀၊ သာမန်တန်းအမျိုးသမီးအဆင့်တွင် ငွေကျပ် ၂၀၀၀၀ နှင့် သာမန်တန်းနှစ်ယောက်တွဲအဆင့်တွင် ငွေကျပ် ၄၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။ **STA**

# ချန်ပီယံလိဂ်ပွဲစဉ်တွင်ရရှိခဲ့သည့် အစ်ဆက်ခ်နှင့် မာဖီတို့၏ဒဏ်ရာမှာ ပြင်းထန်ကြောင်း နယူးကာဆယ်အသင်းပြောကြား



**လန်ဒန် အောက်တိုဘာ ၂၆**

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်အဖြစ် နယူးကာဆယ်အသင်းက ဒေါ့မွန်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် နယူးကာဆယ်ကစားသမားများဖြစ်သည့် တိုက်စစ်မှူး အစ်ဆက်ခ်နှင့်ကွင်းလယ်ကစားသမားမာဖီတို့ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း အသင်းတာဝန်ရှိသူများက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး အစ်ဆက်ခ်သည် ပွဲထွက်ကစားသမားအဖြစ် နယူးကာဆယ်တိုက်စစ်ကို ဦးဆောင်လာသော်လည်း ပွဲကစားချိန် ၁၅ မိနစ်အရောက်တွင် ယခင်ဒဏ်ရာဟောင်းဖြစ်သည့် ပေါင်ခြံဒဏ်ရာနာကျင်မှုဝေဒနာကြောင့် အသင်းဖော်တိုက်စစ်မှူးဝယ်လ်ဆင်နှင့် လူစားလဲခဲ့ရကာ အသင်းအနေဖြင့် တိုက်စစ်ကစားအားကျဆင်းသွားခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန် ၆၅ မိနစ်တွင် ကွင်းလယ်ကစားသမား မာဖီက ဂျိုလင်တန်နှင့် လူစားလဲဝင်ရောက်ခဲ့သော်လည်း ပွဲချိန် မိနစ် ၇၀ အရောက်တွင် ပခုံးဒဏ်ရာကြောင့် တောင်ပံကစားသမားဗီလော့နှင့် ထပ်မံလူစားလဲခဲ့ရပြီး ၎င်း၏ဒဏ်ရာမှာပြင်းထန်ခဲ့သောကြောင့် ဆေးအဖွဲ့အကူအညီဖြင့် ကွင်းအတွင်းမှထွက်ခွာခဲ့ရသကဲ့သို့ ပွဲပြီးဆုံးချိန်တွင် အသင်းအနေဖြင့် ပထမပိုင်းသွင်းဂိုးဖြင့်သာ ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

ဒေါ့မွန်အသင်းနှင့်ပွဲစဉ်တွင် နယူးကာဆယ်အသင်း အနေဖြင့် ရှုံးနိမ့်ခဲ့သည့်အပြင် အဓိက ကစားသမားနှစ်ဦးလည်း ဒဏ်ရာထပ်မံရရှိခဲ့သောကြောင့် စိတ်ပျက်စရာကောင်းသည့် ညတစ်ညဖြစ်ကြောင်း နည်းပြဟိုဝီက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# စပိန်လာလီဂါ ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်

STA

**ကာဒီဇက်** Vs **ဆီဗီလာ**

**ကစားမည့်ရက်/အချိန် ၂၉–၁၀–၂၀၂၃ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကာဒီဇက် ၀ – ၂ ဆီဗီလာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ကာဒီဇက်** | – | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **ဆီဗီလာ** | – | **အိမ်(သရေ)** | **အိမ်(သရေ)** | **အိမ်(ရှုံး)** |

နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်ရှုံးပွဲတွေ့ထားတဲ့ကာဒီဇက်အသင်းရဲ့ခြေစွမ်းပိုင်းကအတော်လေးဆိုးရွားနေသလို ဆီဗီလာအသင်းနဲ့တွေ့ဆုံမှုတိုင်းတစ်ကြိမ်မှအနိုင်မရဖူးပါဘူး။ ဆီဗီလာအသင်းကလဲ သုံးပွဲဆက်နိုင်ပွဲပျောက်နေတယ်ဆိုပေမဲ့ ခြေစွမ်းပိုင်းကျဆင်းသွားခြင်းမရှိဘဲ တွေ့ဆုံမှုတိုင်းအသာစီးမှာရှိတဲ့ ဆီဗီလာအသင်းကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ကာဒီဇက် ၁ – ၂ ဆီဗီလာ**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၉) ပွဲကြိုသုံးသပ်ချက်များ

STA

**ဘိုင်ယန်မြူးနစ်** Vs **ဒမ်စတက်**

**ကစားမည့်ရက်/အချိန် ၂၈–၁၀–၂၀၂၃ (ည ၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုင်ယန်မြူးနစ် ၁ – ၀ ဒမ်စတက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘိုင်ယန်မြူးနစ်** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **ဝေး(နိုင်)** |
| **ဒမ်စတက်** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **အိမ်(ရှုံး)** |

နောက်ပိုင်းပွဲစဉ်တွေမှာ ဒမ်စတက်အသင်းရလဒ်ပြန်လည်ကောင်းလာတယ်ဆိုပေမဲ့ ဘိုင်ယန်မြူးနစ်အသင်းနဲ့တွေ့ဆုံတိုင်း တစ်ကြိမ်မှအနိုင်မရခဲ့ပါဘူး။ ဘိုင်ယန်မြူးနစ်အသင်းကလဲနောက်ပိုင်းပွဲစဉ်တွေမှာခြေစွမ်းပိုင်းတည်ငြိမ်နေပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းရဲ့အနိုင်ရလဒ်က သေချာပါတယ်။

**အင်တာနက်ခန့်မှန်း – ဘိုင်ယန်မြူးနစ် ၃ – ၀ ဒမ်စတက်**

**စတုဂတ်** Vs **ဟော့ဖန်ဟိန်း**

**ကစားမည့်ရက်/အချိန် ၂၈–၁၀–၂၀၂၃ (ည ၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စတုဂတ် ၁ – ၁ ဟော့ဖန်ဟိန်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **စတုဂတ်** | – | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |
| **ဟော့ဖန်ဟိန်း** | – | **အိမ်(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(ရှုံး)** |

စတုဂတ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲရယူထားတယ်ဆိုပေမဲ့ ဒီပွဲမှာတော့အဓိကကစားသမား ဂူယာစီမပါနိုင်တာကို သတိထားရမှာပါ။ ဟော့ဖန်ဟိန်းအသင်းကတော့ အိမ်ကွင်းသာရလဒ်ဆိုးနေပေမဲ့ အဝေးကွင်းနှစ်ပွဲဆက်နိုင်ပွဲရယူထားလို့ အနည်းဆုံးသရေရလဒ်ရရှိအောင်ကစားလာမဲ့ဟော့ဖန်ဟိန်းအသင်းနဲ့လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – စတုဂတ် ၁ – ၁ ဟော့ဖန်ဟိန်း**

# ပြင်သစ်လီဂူး ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်

STA

**လန်း** Vs **နန့်တက်**

**ကစားမည့်ရက်/အချိန် ၂၉–၁၀–၂၀၂၃ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နန့်တက် ၂ – ၁ လန်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လန်း** | – | **အိမ်(သရေ)** | **ဝေး(သရေ)** | **အိမ်(သရေ)** |
| **နန့်တက်** | – | **ဝေး(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |

နန့်တက်အသင်းဟာ နှစ်ပွဲဆက်နိုင်ပွဲရရှိထားတယ်ဆိုပေမဲ့ အဝေးကွင်းဆိုရင်ခြေစွမ်းပိုင်းက ပုံမှန်အနေအထားမှာမရှိပါဘူး။ လန်းအသင်းကတော့ အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်တဲ့အသင်းတစ်သင်းဖြစ်လို့ နန့်တက်အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားလာနိုင်လို့ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့လန်းအသင်းပဲရလဒ်ကောင်းမှာပါ။

**အင်တာနက်ခန့်မှန်း – လန်း ၂ – ၁ နန့်တက်**

ခရီးသွားဆောင်းပါး

# ပြောစမှတ်တွင်အောင် ဆင်ခေါင်းတောင်

သက်နိုင်(ပြင်ဦးလွင်)

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်နဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်အစပ်မှာရှိနေတဲ့ ဆင်ခေါင်းတောင်၊ မြို့ကြီးတောရကျောင်းတွေရှိရာကို လေ့လာရေးခရီး၊ အလည်အပတ်ခရီးတွေလာရောက်ကြရင်း မြို့ကြီးတောရကျောင်းကို ရောက်ရှိနေကြပါပြီ။ မြို့ကြီးတောရကျောင်းမှာ ကျောင်းကဧည့်ခံကျွေးမွေးတဲ့ နေ့လယ်စာထမင်းကိုစားသောက်ပြီးကြတာနဲ့ တောင်ပေါ်တက်ကြဖို့ ပြင်ဆင်ကြတယ်။ တောင်ပေါ်မှာ ဘုရား၊ စေတီတွေရှိပြီး အနီးပတ်ဝန်းကျင်တစ်ခွင်က သာယာလှပတဲ့ရှုခင်းတွေကို ကြည့်ရှုခံစားနိုင်တယ်လို့ သိထားရတယ်။ တောင်ပေါ်မတက်မီ ကျောင်းတိုက်အနီးက သစ်ပင်ကြီးတွေပေါ်မှာရှိတဲ့ ဝမ်းဗိုက်ဖြူ မျောက်နက်ကြီးတွေကို အစာကျွေးကုသိုလ်ယူကြတယ်။ မျောက်တွေအားလုံးက အေးအေးဆေးဆေး၊ ငြိမ်ငြိမ်သက်သက်နဲ့ ဘယ်သူ့ကိုမှ ဒုက္ခမပေးကြပါဘူး။ ဒ့ါပြင် ပြေးလွှားဆော့ကစားတာမျိုးတွေလဲ မရှိကြလို့ မျောက်တွေမှဟုတ်ရဲ့လားလို့တောင် သံသယဖြစ်ကြရတော့တယ်။ ဒါပေမဲ့ မျောက်အစစ်တွေသာဖြစ်နေကြပြီး အလွန်ဆိတ်ငြိမ်လွန်းနေကြတာပါ။

မျောက်တွေကိုအစာကျွေးပြီးတာနဲ့ တောင်ပေါ်ကို စတင် တက်ရောက်လာကြတယ်။ တောင်ပေါ်အတက်လမ်းက အုတ်လှေကားထစ်တွေဖြစ်ပြီး ကျယ်လဲကျယ်၊ ပြေလဲပြေ ဖြစ်ပါတယ်။ သာမန် အသက်အရွယ်ကြီးသူတွေတောင် သက်သက်သာသာနဲ့ တက်ရောက်နိုင်ကြပါလိမ့်မယ်။ ဘေးမှာလဲ စတီးလက်ကိုင်တန်းတွေ ပြုလုပ်တပ်ဆင်ပေးထားလို့ ပိုပြီးအဆင်ပြေပါတယ်။ တောင်တက်လမ်း လှေကားတစ်လျှောက်မှာတော့ တောင်ကမ်းပါးယံကြီးတွေ၊ သဘာဝပေါက်ပင်တွေပါ။ လမ်းတစ်ဝက်အရောက်မှာ ဘီလူးရုပ်ကြီးလိုလို၊ ကျားရုပ်ကြီးလိုလို အရုပ်ကြီးတစ်ရုပ်ကို စေတီတစ်ဆူနဲ့အတူ တွေ့မြင်ရတယ်။ စေတီမှာရေးသားထားတဲ့ သေလာယက္ခဆိုတဲ့ ဘွဲ့တော်အရ ဘီလူးရုပ်ဖြစ်နေပါတယ်။ အရုပ်ကြီးကို သေသေချာချာထုဆစ်ပုံဖော်ထားတာမျိုးမဟုတ်ဘဲ အောက်ခံသဘာဝကျောက်တုံးကြီးတစ်ခုကို အခြေခံပြီး ဘီလူးရုပ်ဖြစ်အောင်ဖန်တီးထားတာကြောင့် ဘီလူးရုပ်ပုံသဏ္ဍာန် မပီမပြင်သဘာဝမကျ ဖြစ်နေရတယ်။

တောင်ပေါ်ကို စတက်စဉ်တုန်းက ပြေပြစ်တယ်လို့ထင်မှတ်ခဲ့ရတဲ့ တောင်တက်ခရီးလမ်းက သေလာယက္ခစေတီကိုရောက်ပြီးတာနဲ့ သိသိသာသာ မတ်စောက်လာတာကို သတိထားမိတယ်။ တောင်ထိပ်ပေါ်ရောက်ခါနီး သုံးထပ်ကွေ့နေရာက အမတ်စောက်ဆုံးပါ။ အလွန်မတ်စောက်လွန်းတာကြောင့် အရင်လမ်းဟောင်း တောင်တက်လှေကားအစား သုံးထပ်ကွေ့လှေကားတွေကို အသစ်ထပ်မံဖောက်လုပ်ထားတာဖြစ်ကြောင်း သိသာထင်ရှားနေတယ်။ ဒါကြောင့် သုံးထပ်ကွေ့အစနေရာမှာ အရင်လမ်းဟောင်း မတ်မတ်စောက်စောက်လှေကားတစ်ခုနဲ့ သုံးထပ်ကွေ့လမ်းဆိုပြီး လမ်းနှစ်ခုဖြစ်သွားရတယ်။ ဘယ်လမ်းကတက်တက် တောင်ထိပ်ပေါ်ကို ရောက်ကြမှာပါ။ သုံးထပ်ကွေ့လမ်းကတက်ရင် အချိန်ကြာပေမဲ့ သက်သာပါတယ်။ သုံးထပ်ကွေ့အတက်ကို အောင်မြင်စွာတက်ရောက်ပြီးရင် တောင်ထိပ်ပေါ်ကို ရောက်ပါပြီ။

တောင်ထိပ်ပေါ်မှာ ပြည်လုံးအေးစေတီနဲ့အတူ အခြား စေတီတော်တွေရှိနေကြတယ်။ စေတီတွေရဲ့ အနီးမှာ ကျောင်းဆောင်တွေလဲ ရှိနေကြတယ်။ စေတီတော်တွေ၊ ကျောင်းဆောင်တွေအားလုံးက ရသမျှမြေနေရာလေးတွေမှာ ရသလို၊ ဖြစ်သလို တည်ဆောက်ထားကြရသလို တောင်ထိပ်စေတီတော်ရင်ပြင်ကလဲ အလွန်ကျဉ်းမြောင်း သေးငယ်နေပါတယ်။ တောင်ပေါ်ကို တက်လာစဉ်တုန်းက လမ်းနေရာတချို့မှာ တောင်ပေါ်ကနေပြန်ဆင်းလာကြတဲ့ ဘုရားဖူးဧည့်သည်တွေကို တွေ့မြင်ခဲ့ရပေမဲ့ အခုတောင်ထိပ်ရင်ပြင်မှာ ဘယ်သူမှမရှိကြတော့ဘဲ ရှင်းလင်း တိတ်ဆိတ်နေတယ်။ ဒါကြောင့် စေတီတော်တွေကို အေးအေးဆေးဆေးဖူးမြော်နိုင်ပြီး တွေ့မြင်နေရသမျှ ရှုခင်းတွေကိုလဲ လွတ်လွတ်လပ်လပ်ကြည့်ရှု ဓာတ်ပုံမှတ်တမ်းတင်နိုင်နေတယ်။

ရှုခင်းတွေက အလွန်သာယာလှပပါတယ်။ အဝေးတစ်နေရာက မြို့ကြီးဆည်ရေပြင်ကျယ်၊ ဆည်ရေပြင်ကိုပတ်လည်ဝိုင်း ကာရံပေးထားတဲ့ မှိုင်းမှိုင်းပြာပြာတောင်တန်းကြီးတွေ၊ ဆည်ရေပြင်အောက် ရေလွှတ်မြောင်းတစ်လျှောက်က စိမ်းစိမ်းစိုစိုစိုက်ခင်းပျိုးခင်းတွေ၊ သစ်ပင်အုပ်အုပ်၊ အိမ်ခြေစုစုကျေးရွာငယ်လေးတွေ စသဖြင့် ဟိုတစ်စု၊ ဒီတစ်စုနဲ့ မြင်တွေ့နေရတယ်။ မြင်တွေ့နေရတဲ့ တောင်အောက်ခြေက ရှုခင်းအနေအထားတွေအရ တောင်က ပေ ၅၀၀ ကျော်၊ ၁၀၀၀ လောက် မြင့်မားလိမ့်မယ်ထင်တယ်။ ဒါကြောင့်လဲ တောင်ထိပ်ရောက်ခါနီးမှာ သုံးထပ်ကွေ့နေရာကို မောမောဟိုက်ဟိုက်နဲ့ တက်ရောက်ခဲ့ရတာပါ။ တောင်ပေါ်မှာဘုရားဖူးပြီး ရှုခင်းတွေကြည့်ရှုလေ့လာပြီးတာနဲ့ တောင်အောက်ကို ပြန်ဆင်းလာခဲ့ကြတယ်။ တောင်ဆင်းခရီးလမ်းကတော့ သက်သာပါတယ်။



ဆင်ခေါင်းတောင်ကို အဝေးမှတွေ့ရစဉ်။

မြို့ကြီးတောရကျောင်းကို နှစ်သက်သဘောကျတာက တောရကျောင်းဆိုတဲ့အတိုင်း တစ်ကျောင်းလုံးကို တောတွေ၊ တောင်တွေ ဝိုင်းရံထားလို့ပါ။ တောရိပ်၊ တောင်ရိပ်တွေကြောင့် အပူသက်သာပြီး အေးမြလို့နေတယ်။ ဒ့ါပြင် တိတ်ဆိတ်ငြိမ်သက်နေလို့လဲ တောရကျောင်းပီသနေတယ်။ ကျောင်းဝင်းအတွင်းမှာရှိနေတဲ့ မျောက်တွေတောင် ပြေးလွှားဆော့ကစားနေတာ၊ ဆူဆူညံညံအော်ဟစ်နေတာ မရှိကြပါဘူး။ တောရကျောင်းမှာ မျောက်တွေကိုလဲ အစာကျွေးခွင့်ရ၊ ပျော်ပျော်ပါးပါးနဲ့ တောင်ပေါ်ကိုလဲ တက်လို့ရ၊ ထမင်း၊ ဟင်း ကောင်းကောင်းကိုလဲ စားခွင့်ရနေတာကြောင့် လာရောက်ကြသူတိုင်းက နောက်ထပ် လာချင်နေကြလေ့ရှိတယ်။

မြို့ကြီးတောရကျောင်းကနေ ပြန်ထွက်လာပြီး ဆင်ခေါင်းတောင်ကိုရောက်တော့ မွန်းလွဲ ၁ နာရီကျော်နေပါပြီ။ မနက်တုန်းက ကားရပ်စရာနေရာလွတ်မရှိအောင် ပြည့်နေတဲ့နေရာတွေမှာလဲ တချို့လွတ်နေတယ်။ ဒါကြောင့် နေရာလွတ်ရှိတဲ့ ဆိုင်တစ်ဆိုင်ရှေ့မှာ ကားရပ်လိုက်ပြီး ဘူးသီးကြော်ရလားလို့ မေးမြန်းရတယ်။ ဆင်ခေါင်းတောင်ဆိုတာ တောင်က အဓိကမဟုတ်ဘဲ မြို့ကြီးရေလွှတ်မြောင်းက အဓိကပါ။ လာရောက်ကြသူအားလုံးက ရေလွှတ်မြောင်းရေထဲမှာ ပျော်ပါးဆော့ကစားကြတယ်။ မြို့ကြီးဆည်က လွှတ်တဲ့ ရေဖြစ်နေတာကြောင့် ရေတွေက ကြည်လင်သန့်ရှင်းနေလို့ ရေချိုး၊ ရေကစားရတာ အဆင်ပြေနေတယ်။ စားသောက်ဆိုင်တွေအားလုံးကလဲ မြောင်းတစ်လျှောက်မှာ မေးတင်ဆောက်လုပ်ထားကြပြီး ရေထဲဆင်းဖို့အတွက် အုတ်လှေကားထစ်လေးတွေ လုပ်ပေးထားကြတယ်။ ဆင်ခေါင်းတောင်ကိုလာကြတဲ့သူတွေက ရေထဲဆင်းဆော့လိုက်၊ ရေဆော့နေရင်း ဆင်ခေါင်းတောင်ကြီးနောက်ခံထား ဓာတ်ပုံရိုက်လိုက်၊ လှေကားနှစ်ထစ်၊ သုံးထစ်လောက်သာတက်ရတဲ့ ဆိုင်ပေါ်တက်ပြီး စားလိုက်သောက်လိုက်နဲ့ ပျော်ရွှင်ကြရတယ်။

အခုလဲ တူ၊ တူမကလေးတွေ ရေထဲဆင်းဆော့နေကြတုန်း ဆိုင်ပေါ်မှာထိုင်ရင်း၊ ဘူးသီးကြော်စားရင်း၊ ရေလွှတ်မြောင်းနဲ့ ဆော့ကစားနေကြတဲ့မြင်ကွင်းတွေကိုကြည့်ရင်း အပန်းဖြေအနားယူမလို့ပါ။ ခုနှစ်မိုင်ကမ်းခြေမှာ အဓိကရောင်းကုန်တစ်ခုဖြစ်တဲ့ ဘူးသီးကြော်က နာမည်ကျော်ကြားတယ်။ ရန်ကုန်မြို့ အင်းလျားကန်ဘေးက ဘူးသီးကြော်ဆိုင်တွေဆိုရင်လဲ ကဗျာတွေ၊ ဝတ္ထုတွေ၊ သီချင်းတွေ၊ ရုပ်ရှင်တွေထိပါအောင် ထင်ရှားနေပါတယ်။ တစ်ချိန်တုန်းက မြန်မာနိုင်ငံက သမ္မတကြီးတစ်ယောက် ပြင်ဦးလွင်ပွဲကောက်ရေတံခွန်ကို နွေရာသီကာလ အပန်းဖြေလာရောက်တဲ့နှစ်တိုင်း ဘူးသီးကြော်ကိုအမြဲကြော်ကျွေးဧည့်ခံရလေ့ရှိတယ်။ ကယားပြည်နယ် ငွေတောင်ဆည်ကိုရောက်တုန်းကလဲ ဘူးသီးကြော်ဆိုင်လေးတွေကို တွေ့မြင်ခဲ့ရတယ်။ မန္တလေးမြို့ ရေဝတီမြစ်ဘေးတစ်လျှောက်က ဘူးသီးကြော်ဆိုင်လေးတွေ၊ ပုဂံမြို့ ပူးဘုရားအောက်က ဘူးသီးကြော်ဆိုင်လေးတွေ၊ တောင်သမန်အင်း၊ ပုသိမ်ကြီးစတဲ့ ကန်အစပ်၊ အင်းအစပ်၊ မြစ်အစပ်မှာရှိနေတဲ့ ဘူးသီးကြော်ဆိုင်လေးတွေက ထင်ရှားလှပါတယ်။

အခုလဲ ဆင်ခေါင်းတောင်ကိုရောက်တုန်း စားလို့ကောင်းတယ်ဆိုပြီး သတင်းစကားကြားထားရတဲ့ ဘူးသီးကြော်ကို မေးမြန်းစုံစမ်းရတာပါ။ ဒါပေမဲ့ ဆိုင်တွေအားလုံးက တရုတ်ထမင်းဟင်း၊ မြန်မာထမင်းဟင်းတွေနဲ့ အခြား အကြော်၊ အလှော်၊ အကင်၊ အသုပ်တွေသာရကြောင်း၊ ဘူးသီးကြော်လို အကြော်တွေက ဆင်ခေါင်းတောင်ဆိုပြီး နာမည်ကျော်ကြားလူသိများမှုမရှိသေးခင် ဧည့်သည်တွေနည်းပါးနေချိန်တုန်းက တဲလေးတွေထိုးပြီး ကြော်ရောင်းခဲ့ကြကြောင်း၊ အခုမရှိကြတော့ကြောင်း ပြောပြတယ်။ ဆင်ခေါင်းတောင်ကိုရောက်ရင် ဘူးသီးကြော်စားမယ်ဆိုတဲ့ အစီအစဉ်က ပျက်သွားခဲ့ရပါပြီ။ ဒါနဲ့ အတူလိုက်ပါလာတဲ့ ကလေးတွေကိုပဲ ကြိုက်တာမှာလို့ ပြောရတော့တယ်။ သူတို့ကတော့ ယိုးဒယားသင်္ဘောသီးထောင်း၊ မာလာဟင်း၊ မာလာဟော့ပေါ့ စတာတွေကို မှာယူနေကြတာနဲ့ ရေနံ့ကန်နံ့၊ ချောင်းနံ့မြောင်းနံ့ လိုက်ဖက်မယ်ထင်တဲ့ ကြက်ခြောက်ကြော်၊ ငါးကြော်၊ အာလူးချောင်းကြော်တွေကို ထပ်မံမှာယူလိုက်ရတယ်။

မိမိတို့အဖွဲ့ နေရာယူထားတာက မြောင်းဘေးကပ်လျက် စားပွဲတစ်လုံးပါ။ စားပွဲနေရာက နှစ်ဖက်ကို ဝါးပြားလေးတွေရိုက်ပြီး ကာရံပေးထားတယ်။ စားပွဲနေရာကနေ လှေကားနှစ်ထစ်ဆင်းလိုက်တာနဲ့ ရေထဲကိုရောက်ရှိပါပြီ။ ရေက မိမိ ခါးတစ်ဝက်လောက်နစ်တယ်။ နွေရာသီတုန်းက ဒူးဆစ်လောက်သာနစ်တယ်လို့ဆိုတယ်။ ဒါပေမဲ့ ခါးလောက်၊ ဒူးဆစ်လောက်ဆိုတာက မြောင်းရဲ့အစပ်နေရာမှာပါ။ မြောင်းက ပေ ၅၀ ကျော်၊ ၁၀၀ လောက် ကျယ်ဝန်းနေလို့ မြောင်းရဲ့အလယ်မှာ ဒီထက်မကပိုမိုနစ်နေပါတယ်။ ဒါကြောင့် မြောင်းအလယ်ထိရောက်အောင် ရေကူးသွားလာနေသူတချို့သာရှိနေပြီး ကျန်တဲ့လူအများစုက မြောင်းဘေးတစ်လျှောက်မှာသာ စုဝေးဆော့ကစားလေ့ရှိနေကြတယ်။

မှာထားတဲ့စားသောက်စရာတွေရောက်လာတော့ ရေထဲကနေတက်လာပြီး စားသောက်လိုက်၊ ရေထဲပြန်ဆင်းသွားပြီး ဆော့ကစားလိုက်နဲ့ တက်ချည်၊ ဆင်းချည်လုပ်ကြရတယ်။ ဒီအခါ အောက်မှာခင်းပေးထားတဲ့ ပလတ်စတစ်ဖျာတွေက စိုရွှဲကုန်တော့တာပါ။ စားပွဲဝိုင်းတစ်ခုမှာ ဧည့်သည်ဝင်ရောက်တဲ့အခါတိုင်း ဒီလိုမျိုးနည်းနဲ့ ဖျာတွေရွှဲစိုကုန်တာကြောင့် နောက်ထပ်ဧည့်သည်အသစ်ဝင်ရောက်လာတဲ့အခါ ဆိုင်ရှင်တွေက စားပွဲသန့်ရှင်းရေးလုပ်ပေးရရုံသာမက ဖျာတွေကိုပါ အသစ်လဲလှယ်ပေးရလေ့ရှိနေကြတယ်။ စားပွဲဝိုင်းအနိမ့်တွေနဲ့ ဖျာပေါ်မှာထိုင်ရတဲ့ စားသောက်ဆိုင်တိုင်းက မဖြစ်မနေလုပ်ပေးရတဲ့ တာဝန်ဖြစ်ပါတယ်။ ဘယ်ဧည့်သည်ကမှ ရွှဲရွှဲစိုနေတဲ့ဖျာဟောင်းတွေပေါ်မှာ ထိုင်ချင်ကြမှာ မဟုတ်ပါဘူး။

ရေထဲမှာဆင်းပြီး ဆော့ကစားနေရတဲ့အချိန်တွေမှာ ပျော်စရာကောင်းနေသလို ရေလွှတ်မြောင်းအတွင်း စက်တပ်လှေတွေ တဝေါဝေါနဲ့ဖြတ်သွားတဲ့အခါတိုင်းမှာလဲ အရှိန်နဲ့ရိုက်ခတ်လာတဲ့လှိုင်းလုံးတွေကြောင့် ပိုမိုပျော်ရွှင်ဖွယ်ဖြစ်နေရတယ်။ စက်တပ်လှေတွေက ဖြည်းဖြည်းညင်ညင်သာသာ မောင်းနှင်လို့ရနေပါလျက် အရှိန်တွေတင်ပြီး မြန်မြန်ဆန်ဆန် မောင်းနှင်နေကြတာပါ။ စက်လှေတွေလာတဲ့အခါ လှိုင်းလုံးတွေပါလာတော့မယ်ဆိုတဲ့အသိနဲ့ တစ်ယောက်လက်ကို တစ်ယောက် ဆွဲထားကြရတယ်။ ဆင်ခေါင်းတောင်မှာ စက်လှေတွေကိုငှားရမ်းစီးလို့ရနေပြီး စီးလဲမစီးခဲ့ရ၊ မေးမြန်းစုံစမ်းတာလဲ မလုပ်ခဲ့ရလို့ ငှားရမ်းခဈေးနှုန်းတွေကို မသိခဲ့ရပါဘူး။ စက်လှေတွေကတော့ ဧည့်သည်တွေကိုတင်ပြီး အစုန်၊ အဆန် မောင်းနှင်နေကြတာပါ။

ရေထဲကို ဆင်းလိုက်၊ ကုန်းပေါ်ကို တက်လိုက်၊ စားလိုက်၊ သောက်လိုက်၊ ရေကစားလိုက်နဲ့ အချိန်နှစ်နာရီလောက်အကြာ ခြေတွေ၊ လက်တွေမှာ ပဲကြီးရေပွဖြစ်မှ ပြန်ကြဖို့စီစဉ်ကြတယ်။ ဆိုင်ထဲကနေထွက်လာမှ ဆိုင်ရှေ့တည့်တည့် လမ်းတစ်ဖက်ကုန်းမြင့်ပေါ်မှာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အစ မိုင် (၁၀/၆) နဲ့ ရှမ်းပြည်နယ်မှ ကြိုဆိုပါ၏၊ ရွာငံမြို့နယ်အစ မိုင် (၁၀/၆) ဆိုပြီး တစ်ဖက်တစ်ချက် ရေးသားထားတဲ့ ဆိုင်းဘုတ်ကြီးကို မြင်တွေ့လိုက်ရတယ်။ မြို့နယ်နှစ်ခုစလုံးမှာပါဝင်နေပြီး ရှည်လျားလှတဲ့ ဆင်ခေါင်းတောင် ရေပေါ်အပန်းဖြေစခန်းကိုတော့ ဘယ်မြို့နယ်က ဘယ်လိုတာဝန်ယူအုပ်ချုပ်စီမံခန့်ခွဲနေလဲ မသိပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဆင်ခေါင်းတောင်ကို ရောက်ရှိလည်ပတ် ရေကစားကြရသူတွေအတွက်တော့ ပြောစမှတ်တွင်ကျန်ရစ်ရလောက်အောင် ပျော်ရွှင်ကြည်နူးဖွယ် ကောင်းနေပါတယ်။ ဆင်ခေါင်းတောင်ကနေ အရှေ့သာဂရရွာကို ပြန်ရောက်လာတာနဲ့ ထပ်မံဝမ်းသာပျော်ရွှင်စရာကောင်းတာက အိမ်မှာ ဘူးသီးကြော်တွေ ကြော်ပေးထားကြတာပါ။ နောက်မှသိရတာက ခရီးစဉ်မှာပါလာတဲ့ ညီမတွေက ဖုန်းဆက်ကြော်ခိုင်းထားတာ ဖြစ်နေတယ်။ ဒါကလဲ အမှတ်တရနဲ့ပြောစမှတ်တစ်ခု ဖြစ်သွားခဲ့ရတယ်။ နောက်တစ်ပတ်မှာတော့ နောက်ထပ် ခရီးစဉ်တစ်ခုကို သွားရောက်လိုက်ပါအုံးမယ်။

# Miss Grand International 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် နီနီလင်းအိမ် ဆုငါးဆု ရရှိ




**ရန်ကုန် အောက်တိုဘာ ၂၆**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် အောက်တိုဘာ ၃ ရက်မှစ၍ အောက်တိုဘာ ၂၅ ရက်ထိ ကျင်းပခဲ့သည့် Miss Grand International 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် နီနီလင်းအိမ်က ဆုငါးဆု ဆွတ်ခူးရရှိခဲ့ကြောင်း Miss Grand Myanmar Country Director Office (Yangon) ၏ ထုတ်ပြန်ချက်အရ သိရသည်။

Miss Grand International 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် နီနီလင်းအိမ်က $1^{st}$ Runner-Up Miss Grand International ဆု၊ Miss Photogenic Award by Global Beauties ဆု၊ Grand Pageant's Choice Award ဆု၊ Country's Power of the Year ဆုနှင့် Miss Popular Award ဆုတို့ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Miss Grand International 2023 ပြိုင်ပွဲတွင် Miss Grand International 2023 Winner ဆုကို Miss Grand Peru က လည်းကောင်း၊ $1^{st}$ Runner-Up Miss Grand International ဆုကို Miss Grand Myanmar၊ ကလည်းကောင်း၊ $2^{nd}$ Runner-Up Miss Grand International ဆုကို Miss Grand Colombia ကလည်းကောင်း၊ $3^{rd}$ Runner-Up Miss Grand International ဆုကို Miss Grand United States of America ကလည်းကောင်း၊ $4^{th}$ Runner-Up Miss Grand International ဆုကို Miss Grand Vietnam တို့က ရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၄ ခုနှစ်အတွက် Miss Grand International ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိသွားကြောင်း Miss Grand International 2023 ပြိုင်ပွဲတွင် တရားဝင်ကြေညာခဲ့ကြောင်း၊ အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံမှ National Director ထူးအံ့လွင်က တာဝန်ယူ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# No Hard Feelings ဇာတ်ကား Netflix ၏ ကြည့်ရှုမှုအများဆုံးဇာတ်ကားစာရင်းဝင်ဖြစ်လာ

**နယူးယောက် အောက်တိုဘာ ၂၆**

ယခုနှစ် နှစ်စပိုင်းတွင် ရုံတင်ခဲ့သည့် No Hard Feelings ရုပ်ရှင်ဇာတ်ကားသည် Netflix အွန်လိုင်းရုပ်သံလိုင်း၌ ကြည့်ရှုမှုအများဆုံးဇာတ်ကားစာရင်းဝင်ဖြစ်လာကြောင်း အောက်တိုဘာ ၂၅ ရက် သတင်းများအရ သိရသည်။

No Hard Feelings ဇာတ်ကားသည် အောက်တိုဘာ ၁၆ ရက်နှင့် ၂၂ ရက်ကြားကာလအတွင်း Netflix ၏ ကြည့်ရှုမှုအများဆုံးဇာတ်ကား ၁၀ ကားစာရင်း၏ နံပါတ် (၇) နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

မင်းသမီး ဂျင်နီဖာလောရင့် ပါဝင်သရုပ်ဆောင်ထားသည့် အဆိုပါဇာတ်ကားကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ယခုနှစ် ဇွန် ၂၃ ရက်တွင် ရုံတင်ပြသခဲ့သည်။

ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၄၅ သန်းရှိခဲ့သည့် No Hard Feelings ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၈၇ ဒသမ ၁ သန်းသာရရှိခဲ့သည်။

No Hard Feelings ဇာတ်ကားကို ဒါရိုက်တာ ဂျင်းစတပ်နစ်စကီးက တာဝန်ယူရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref: Xinhua News**
**Trs: KKO**




# သရုပ်ဆောင် ရွှေအိမ်စည်က ခိုင်နှင်းဝေရင်သွေးလေးများဂေဟာသို့ ငွေကျပ် ၁၀ သိန်း လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၆**

သရုပ်ဆောင် ရွှေအိမ်စည်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၅) ရပ်ကွက်ရှိ သရုပ်ဆောင် ခိုင်နှင်းဝေ ထူထောင်ထားသည့် ခိုင်နှင်းဝေရင်သွေးလေးများဂေဟာသို့ ငွေကျပ် ၁၀ သိန်းကို အောက်တိုဘာ ၂၅ ရက်က လှူဒါန်းခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

သရုပ်ဆောင် ရွှေအိမ်စည်က အသက် ၂၅ နှစ်ပြည့် မွေးနေ့အလှူအဖြစ် ခိုင်နှင်းဝေ ရင်သွေးလေးများဂေဟာသို့ အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ခြင်းဖြစ်ပြီး နှစ်စဉ် မွေးနေ့များကို အလှူဒါနပြုလုပ်ခြင်း၊ မွေးနေ့အခမ်းအနားများပြုလုပ်ခြင်းဖြင့် ဖြတ်သန်းခဲ့ကြောင်း သိရသည်။



“ဒီနှစ်ကို ပါတီမလုပ်ဘဲနဲ့ အလှူလေး လုပ်ချင်တဲ့စိတ်လေးဖြစ်တာနဲ့ စဉ်းစားလိုက်တဲ့အချိန်မှာ ခိုင်နှင်းဝေ ရင်သွေးလေးများဂေဟာကိုပဲ အရင်တွေးမိတယ်။ ဒီကိုရောက်လာတော့လဲ ကလေးလေးတွေကိုမြင်တဲ့အချိန်မှာ သူတို့လေးတွေကို ချစ်လဲချစ်တယ်။ သနားလဲသနားတယ်။ သူတို့ရဲ့ဘဝလေးတွေကို စာနာနားလည်မိတယ်” ဟု သရုပ်ဆောင် ရွှေအိမ်စည်က ပြောပြသည်။

သရုပ်ဆောင် ရွှေအိမ်စည်သည် လတ်တလော အနုပညာလှုပ်ရှားမှုအနေဖြင့် သူစိမ်းအမည်ရှိ တေးသီချင်း Music Video(MV) တွင် အဆိုတော် ဇွဲထက်နှင့်တွဲဖက်သီဆို သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# The Process ဇာတ်ကား၌ မင်းသမီး ဟေးဘာရီ ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၂၆**

အော်စကာဆုရှင် မင်းသမီး ဟေးဘာရီသည် The Process အမည်ရှိ လျှို့ဝှက်သည်းဖို့ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၅ ရက် သတင်းများအရ သိရသည်။

မင်းသမီး ဟေးဘာရီသည် The Process ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့်အပြင် ဇာတ်ကားအတွက် ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူမည်ဖြစ်သည်။

The Process ဇာတ်ကားသည် လူထူးဆန်းတစ်ဦးနှင့်တွေ့ရှိခဲ့ပြီးနောက် ကြောက်မက်ဖွယ် အခြေအနေများနှင့် ရင်ဆိုင်ခဲ့ရသော ဇနီးမောင်နှံနှစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ လီဗင်မီနက်ဆီက ရေးသားပေးထားပြီး ဒါရိုက်တာ တာရာမိုင်လီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

မင်းသမီး ဟေးဘာရီသည် Monster's Ball (2001)ဇာတ်ကားအတွက် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ရရှိထားသူဖြစ်ကြောင်း သိရသည်။

**Ref: Russia Today**
**Trs: KKO**



# အဆိုတော် စိန်လင်းက မွေးနေ့အလှူအဖြစ် သံဃာတော်အပါး ၂၀ အား ဆွမ်းဆန်စိမ်းနှင့် အလှူငွေများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၆**

အဆိုတော် စိန်လင်းက မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မဟာဝိဇယစေတီတော်ဝင်းအတွင်းရှိ တော်ဝင်နန်းခန်းမရွှေတွင် သံဃာတော်အပါး ၂၀ အား ဆွမ်းဆန်စိမ်းနှင့် အလှူငွေများ လှူဒါန်းခြင်းကို အောက်တိုဘာ ၂၅ ရက်က ပြုလုပ်ခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အဆိုတော် စိန်လင်းက အသက် ၄၀ ပြည့် မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မဟာဝိဇယ ဘုရားဝင်းအတွင်းရှိ တော်ဝင်နန်းခန်းမရွှေတွင် သံဃာတော်အပါး ၂၀ အား ဆွမ်းဆန်စိမ်းအဖြစ် စားသောက်ကုန်များနှင့် နဝကမ္မအလှူငွေများ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး လှူဒါန်းမှုအစုစုတန်ဖိုးမှာ ငွေကျပ် ၁၀ သိန်းခန့်ဖြစ်ကြောင်း သိရသည်။

“အောက်တိုဘာ ၂၅ ရက်က ကျွန်တော့်ရဲ့အသက် ၄၀ ပြည့်တဲ့ မွေးနေ့လေးပါ။ အသက် ၄၀ ဆိုရင် လူတွေက ဘဝစတယ်လို့ ပြောကြတယ်။ ဒီနှစ်မှာတော့ ကိုယ်တိုင်လဲ ဘဝစတဲ့ လူတစ်ယောက်ပြန်ဖြစ်သွားပါတယ်။ စိန်လင်းဆိုပြီး သိခဲ့ရတဲ့သူတွေအနေနဲ့ စိန်လင်းအပြင် တိုးတက်ဆိုတဲ့ နာမည်လေးကိုပါ ထပ်ပြီးမွေးဖွားထားပါပြီ။ ကျွန်တော် စပရင်းထုတ်ကုန်ကို ကြော်ငြာရိုက်တဲ့အချိန်မှာ ဦးတိုးတက် ကာရိုက်တာနဲ့ ဇီဇာကြောင်ပြီး အသန့်ကြိုက်တဲ့လူပျိုကြီးအနေနဲ့ ရိုက်ခဲ့တော့ ကျွန်တော့်ပရိသတ်တွေက ဦးတိုးတက်လို့ နောက်ပြီးခေါ်ကြတယ်။ ဒီနှစ်မွေးနေ့လေးကနေ စပြီးတော့ ကျွန်တော့်ကို စိန်လင်းအပြင် ဦးတိုးတက်ဆိုတဲ့ နာမည်လေးနဲ့လဲခေါ်လို့ရပါပြီ”ဟု အဆိုတော် စိန်လင်းက ပြောပြသည်။

အဆိုတော် စိန်လင်း၏မွေးနေ့အလှူသို့ သရုပ်ဆောင် ဆုပန်ထွာ၊ ဥက္ကာကျော်၊ အဆိုတော် မေရွက်ဝါ၊ လူရွှင်တော် ကံပွင့် စသည့်အနုပညာရှင်များစွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses SAC meeting 5/2023


Senior General Min Aung Hlaing delivers address at the meeting.

**Nay Pyi Taw October 26**

The State Administration Council held the meeting 5/2023 at the meeting hall of SAC Chairman's Office here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC Secretary Lt-Gen Aung Lin Dway, Joint Secretary Lt-Gen Ye Win Oo, SAC members and officials.

**NCA 8th anniversary held objectively with full political essence on 15 October on a grand-scale**

In his address, the Senior General said the eighth anniversary of Nationwide Ceasefire Agreement was held objectively with full political essence on 15 October on a grand-scale. SAC stands firmly on NCA. Hence, the meaningful anniversary address included a review of the past, present and future.

Peace overtures to EAOs began in 2011 to sign the NCA. At the initial peace dialogue, the need to let Our Three Main National Causes stay intact and to adhere to the 2008 Constitution was emphasized. At the initial dialogues to reach the NCA, the interest of the participating EAOs was high. The first of a series of meetings was held in Laiza, Kachin State, and another one was held in Lawkheela, Kayin State. First, a series of meetings and dialogues; they were then followed by dialogues with peace negotiators, Tatmadaw representatives, civilian representatives; and finally the NCA was signed. NCA is a government-guaranteed reliable agreement signed by the government, hluttaw, Tatmadaw, political parties and EAO leaders in the presence of local and foreign witnesses and was ratified by the Pyidaungsu Hluttaw. NCA may have requirements for both sides, but it was signed by the EAOs and government with good faith to fulfill all requirements through negotiations. The NCA is based on the aspirations of the national races. It is also the State's commitment to look into the requirements of ethnic peoples.

**As nothing is more important than the national cause, Our Three Main National Causes is being safeguarded and all actions are based on 2008 Constitution during the time State's responsibilities are being served**

The State Constitution is the highest law in a country, and a guarantee for nation-building tasks. All actions must follow the Constitution. As the multiparty general election is based on the 2008 Constitution, only the parties that adhere to it can take part in the election. The results of the country's multiparty democracy general election held in 2010 and 2015 won international recognition, and in other words, it was recognition of the government that took over the duties in accord with the 2008 Constitution and also the Constitution.

The 2020 election was held with an erroneous voter list. Political parties complained about the inequalities during the pre-election canvassing campaigns. Tatmadaw gave repeated warnings to ensure freeness and fairness in the election. Tatmadaw made preparations to cast votes in accord with election rules and gave serious attention to voting.

As the multiparty democracy general election is an event that shapes the country's political landscape, it deserves serious attention. Although officials of the relevant commission office, government, hluttaw, and Supreme Court were informed to respond to the findings about the errors in the voter list, there was no response. Instead, attempts were made to convene the hluttaw with the representatives that won seats through vote rigging. Hence, Tatmadaw declared a State of emergency in accord with the 2008 Constitution and assumed State duties. Certain countries were practicing double standards by recognizing the election based on the 2008 Constitution and not recognizing the assumption of State duties after declaring State of emergency in accord with the 2008 Constitution due to vote rigging.

Experienced senior military officers and experienced civilians in relevant fields were collected into the State Administration Council and the government in their time of formations. The government is firmly walking along the path of multiparty democratic system the people aspire to in striving for development of the state. Some foreign countries impose sanctions against Myanmar and interfere in internal affairs in the past and the present.

The history of Myanmar politics is very complicated. Before regaining independence, some acts were complicated. Due to giving priority to the independence of the country and time limit, at that time leaders of the national and political affairs could not adopt the national cause and political programmes as they liked. Such events happened in the post-independence period. The west bloc led by the United States of America constantly interferes in internal affairs of Myanmar. Myanmar and US are not enemies and they have not caused any wars. Myanmar did not participate in even Vietnam war invaded by the US in Southeast Asia. But, the US intended an enemy to Myanmar due to a background. The SEATO led by the US was formed in Southeast Asia in 1954. It primarily aimed not to proliferate in Communism in the Southeast Asia. But, it was dissolved in 1977. If the secession of the states mentioned in the 1947 Constitution and demanding the rights of secession for the states in 1961-62 is adjusted with SEATO process, everybody can understand complication of the Myanmar's politics. When they cannot see Myanmar's politics as they like, they hostile the forces which protect the occurrences as they will like to see. At present, the group led by the US aims to hold up the China Containment Policy. So, they have been making attempts to cause the event for the government/group to grasp the power in Myanmar. If not, they commit acts to cause instability in all sectors of Myanmar. The US itself gives aid to terrorist groups under the various titles. India, Thailand, Singapore, Malaysia and Indonesia are friendly countries of Myanmar in the history. But, the countries which cannot go against influence of the US imposed trade, financial and foreign affairs sanctions against Myanmar. Myanmar is not relying on just a banking system. Myanmar joined hands with friendly countries and neighbouring countries. So, Myanmar has been relying on various monetary systems without focusing on just a monetary system in financial and trade measures similar to the international community. It is necessary to focus on further friendly relations with neighbouring countries in addition to managing border trade. Council members have to consider the political affairs with farsightedness.

The history showed that Myanmar needs to take care of political affairs. In line with the motto: There is nothing than importance of national cause, the government is based on the Constitution (2008) not to harm the Our Three Main National Causes in its tenure. Council members, being experienced persons in respective fields, have to review various measure of the politics.

**Implementing the adopted visions and missions to have success**

The government is implementing two national visions to ensure prosperity of the nation and food security while initiating two political visions: strengthening the genuine, disciplined multiparty democratic system and building the Union based on democratic and federal systems. To implement them, the government has adopted the Five-point Roadmap and nine objectives. The point to cement the NCA was inserted into the Five-point Roadmap. On completion of state of emergency, a free and fair multiparty democratic general election will be held to hand over the State responsibilities to the elected government. Such a process has been informed the country and the people about the multiparty democratic system.

International cooperation should be made if Myanmar's situation is to be better than it is now. Directly or indirectly encouraging terrorist organizations could delay the strength of multi-party democracy, and the implementation of national development activities, which are the will of the people.

**Necessary to promote patriotism and love for the country**

Just recently, I attended the opening ceremony of the 24th Traditional Cultural Performing Arts Competition. We need to promote patriotism, and to have a love for the country. National patriotism will awaken only if there is a culture. Similarly, we need to encourage not only Myanmar's culture but also indigenous cultural performing arts. The Ministry of Ethnic Affairs has been established to preserve literary cultures from disappearing. There are collaborations with other relevant ministries, as well as the tasks the ministry needs to carry out by itself.

The Inle Phaungdaw Oo Pagoda Festival is an interesting event throughout the country, and I myself attended it. Council members themselves are See Page 13

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win receives ambassador of Russian Federation to Myanmar


Vice-Senior General Soe Win receives Ambassador of the Russian Federation to Myanmar Mr. Iskander Azizov.

**Nay Pyi Taw October 26**

Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win received Ambassador of the Russian Federation to Myanmar H.E Mr. Iskander Azizov at the Credential Hall of the Office of the State Administration Council this evening.

During the meeting, they frankly discussed promotion of cooperation between the two country, cooperation in various sectors being implemented including the tourism and education sectors, assistance that can be offered by the Russian Federation for the Nationwide Ceasefire Agreement to restore lasting peace and cooperation in the energy and technology sector before exchanging gifts.

Also present together with the Vice-Senior General were Deputy Minister for Foreign Affairs U Lwin Oo and responsible officials. 100

# Foreign tourists visit Sein Pan Gone Village in open season

**Mandalay October 26**

Foreign tourists are visiting Sein Pan Gone Village, which is developing tourism, due to the arrival of the open season, said U Maung Maung Lay, leader of the Irrawaddy Dolphin Conservation Group.

Currently, since the open season has started, among the villages that are developing tourism, foreign tourists have started visiting Sein Pan Gone Village in Madaya Township, Mandalay Region.

"Now in the open season, foreign tourists are interested in visiting the villages to see the handicrafts and to learn about the traditions and lifestyles of the villages," he continued.

In this village, there are also interesting items created by Burmese handicrafts, including weaving industry, pot industry, bamboo hat industry, cheroot industry, and flip flop industry.

Among these villages, the number of foreign tourists visiting Sein Pan Gone Village was only more than 50 tourists per day in the first week of October, but since the second week of October, the number of domestic and foreign tourists has increased to more than 120 per day. 184


Foreign tourists seen in Sein Pan Gone Village.

# Monsoon sweet potato fetches high prices in Kyaiklat Township

**Kyaiklat October 26**

Sweet potato cultivated in monsoon fetches K22,000 per 10 viss in Kyaiklat Township of Pyapon District in Ayeyawady Region, said Daw Ni Ni Win, owner of agricultural produce brokerage in Kyaiklat.

Monsoon sweet potato is harvested for the second time in Kyaiklat Township. At present, the sweet potato gets K22,000 per 10 viss in the market. In September, first harvest of monsoon sweet potato fetched K14,000 per 10 viss in the domestic market. The products are being distributed to Yangon market.

"In Myanmar, local farmers cultivate Myanmar and Korean sweet potatoes. This year's price is higher than the previous year's one, so local farmers have earned increased incomes. This year's sweet potato growers are less than those of previous year due to dull market in the outbreak of Covid-19," said Daw Ni Ni Win.

Local farmers cultivate various crops plus sweet potato as a double crop in Kyaiklat Township. They cultivate sweet potato on farmlands, ranging from one to five acres. Each acre of sweet potato costs some K350,000 and bags more than K900,000.

Kyaw Kyaw Lin

**From Page 12**

urged to attend and encourage respective regionally significant events and other public ceremonies. As the open season comes, they are urged to make field inspection tours of respective regions for development activities.

Lack of economic growth comes from weak productivity. We are encouraging manufacturing activities. There should be no much difference in costs and prices in manufacturing and selling goods. Therefore, the council members need to encourage local manufacturing activities when they make field inspection tours of their respective regions.

Next, the council members explained their field trips to the respective regions and states and measures to be continued.

The SAC joint secretary explained matters related to the State peace and stability and the rule of law in October.

The Senior General said supervisory measures are being taken to ensure the correct reference prices of food, cooking oil, and fuels and to make sure that the market does not sell more than the appropriate price. The council members need to act only in the interests of the country and the people. Then, he stressed the need for the commodity price supervisory committee to take systematic measures and gave other necessary suggestions.

In his concluding remark, the Senior General said the formation of political parties needs to be systematically correct and in accordance with the established rules. It would be better to have political parties' leaders, members and executives if they were elected democratically and according to the will of a majority. The State Administration Council will meet with political parties before the elections. As such, democratically choosing leaders and representatives who really represent their own parties to attend the meeting will be meaningful. Only then will there be strong representation and long-term guarantees in identifying the processes that are important to the country. Our government would continue to implement the national objectives and political objectives it has set. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဟစ်ဇ်ဘိုလာက အစ္စရေးကိုပစ်မှတ်ထားတိုက်ခိုက်နိုင်သည့် ဒုံးကျည် ၂၀၀၀၀၀ ထိရှိကြောင်း INSS ထုတ်ပြန်



ဟစ်ဇ်ဘိုလာသည် မကြာသေးမီက အစ္စရေး Swords of Iron စစ်ဆင်ရေးနှင့် တင်းမာမှုများ မြင့်တက်နေချိန် အစ္စရေးကို ပစ်မှတ်ထားတိုက်ခိုက်နိုင်သည့် ဒုံးကျည် ၂၀၀၀၀၀ ထိရှိကြောင်း အစ္စရေးအမျိုးသား လုံခြုံရေးအင်စတီကျု (INSS)က အောက်တိုဘာ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဟစ်ဇ်ဘိုလာသည် အဖျက်လက်နက် အများအပြားတပ်ဆင်ထားသော အီရန်နိုင်ငံ၏ ကျောထောက်နောက်ခံအဖွဲ့ အစည်းတစ်ခုဖြစ်သည်။ ၎င်းတွင် ပုံမှန် တိုက်ခိုက်ရေးသမားအင်အား ငါးသောင်းနှင့် တစ်သိန်းကြားရှိမည်ဟု ခန့်မှန်းရသည်။

ထို့ပြင် ဟစ်ဇ်ဘိုလာသည် အိမ်နီးချင်း နိုင်ငံများဖြစ်သည့် အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ ဆီးရီးယားနှင့် အီရတ်တို့အပါ အဝင် ရှီယိုက် (Shia) တက်ကြွလှုပ်ရှား သူများထံမှ ပြင်ပအထောက်အပံ့များကိုရရှိ သည်ဟုအစီရင်ခံစာတွင် ဖော်ပြထားသည်။

အစီရင်ခံစာတွင် အလွန်တိကျပြီး အဖျက်စွမ်းအားပြင်း ဒုံးကျည်ရာနှင့်ချီ အပါအဝင် ဒုံးကျည်အမျိုးအစားပေါင်း ၂၀၀၀၀၀ ထိ ရှိသည်ဟု ရေးသား ဖော်ပြထားသည်။

ထို့ပြင် ဟစ်ဇ်ဘိုလာအဖွဲ့မှ အသုံးပြု လာနိုင်သည့် အထင်ကြီးလောက်သော တိုက်ခိုက်မှုနည်းလမ်းများကို မီးမောင်းထိုး ပြထားသည်။ ပဋိပက္ခဖြစ်သည့်အခါတွင် အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာအခြေခံ အဆောက်အအုံများကို ကာကွယ်ရန် အတွက် တန်ပြန်အစီအမံစနစ်များကို ပြန်လည်မွမ်းမံအဆင့်မြှင့်တင်ရန် လိုအပ် ကြောင်း အစီရင်ခံစာက ဖော်ပြထား ကြောင်း သိရသည်။

ဟစ်ဇ်ဘိုလာသည် တာတိုပစ်ဒုံးကျည် ၄၀၀၀၀ ခန့်၊ Fajr 3 နှင့် 5 ကဲ့သို့သော တာလတ်မှ တာဝေးပစ်ဒုံးကျည် ၈၀၀၀၀ ခန့်နှင့် အကြမ်းဖျင်းအားဖြင့် ကီလိုမီတာ ၂၀၀ မှ ၃၀၀ အကွာအဝေးထိ တိုက်ခိုက် နိုင်သော တာဝေးပစ်ဒုံးကျည်ပေါင်း ၃၀၀၀၀ ခန့် ပိုင်ဆိုင်ထားကြောင်း၊ ဆီးရီး ယားမှ တာဝေးပစ် Scud C နှင့် D ဒုံးကျည်အရေအတွက် အကန့်အသတ်ဖြင့် လက်ခံရရှိထားပြီး အဆိုပါဒုံးကျည်များသည် အကွာအဝေး ကီလိုမီတာ ၇၀၀ ထိတိုက် ပွဲဝင်နိုင်စွမ်းရှိကြောင်း၊ တိကျသော GPS အခြေခံလမ်းကြောင်းပြစနစ်များ တပ်ဆင် အသုံးပြုထားသည့် Fatah 110 ဒုံးကျည် ရာနှင့်ချီ၍ ပိုင်ဆိုင်ထားကာ ပေါက်ကွဲ အားပြင်းခဲယမ်း ကီလိုဂရမ် ၅၀၀ ခန့်ကို တင်ဆောင်ကာ သိသာထင်ရှားသော တိကျမှုနှင့် အဖျက်စွမ်းအားကို ပိုင်ဆိုင် ထားကြောင်း INSS အစီရင်ခံစာအရ သိရသည်။

ဟစ်ဇ်ဘိုလာအဖွဲ့သည် တရုတ်နိုင်ငံမှ အရည်အသွေးမြင့် C802 မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များနှင့် ရုရှားထံမှ Yakhont ဒုံးကျည်များ ပိုင်ဆိုင်ထား ကြောင်း သိရသည်။ ထို့ပြင် ၎င်းတို့တွင် သင်္ဘောနှင့် ရဟတ်ယာဉ်များကိုပစ်မှတ် ထားနိုင်သော တိကျသည့် ဇရိယာလိုက် တိုက်ခိုက်ဖျက်ဆီးနိုင်သော လက်နက် များ (PAZMs) ကို ပစ်လွှတ်နိုင်သည့် ခေတ်မီဆန်းပြားသော Cornet တင့်ဖျက် ဒုံးကျည်စနစ်များနှင့် SA-17 နှင့် SA-22 လေယာဉ်ပစ် ဒုံးကျည်စနစ်များဖြင့် သင်္ဘောများနှင့် ရဟတ်ယာဉ်များကိုပစ်မှတ် ထား တိုက်ခိုက်နိုင်စွမ်းရှိသည်။

INSS အစီရင်ခံစာတွင် ဟစ်ဇ်ဘိုလာ အဖွဲ့၏ ဒရုန်းစွမ်းရည်များကိုအသိအမှတ် ပြုထားပြီး အများစုမှာ တိုက်ခိုက်မှုနှင့် ထောက်လှမ်းရေး မစ်ရှင်များအတွက် ကိုယ်တိုင်ထုတ်လုပ်ထားရာ အကွာအဝေး ကီလိုမီတာ ၄၀၀ ထိပျံသန်းစစ်ဆင်နိုင် စွမ်းရှိသည်။ အဖွဲ့အစည်းသည် နည်းဗျူဟာ အမျိုးမျိုးဖြင့် စစ်ဆင်နိုင်ရန်အတွက် ဒရုန်းရာပေါင်းများစွာကိုလည်း ပိုင်ဆိုင် ထားကြောင်း သိရသည်။

ထင်ရှားသည်မှာ ဟစ်ဇ်ဘိုလာ၏ စွမ်းဆောင်ရည်များသည် ဒစ်ဂျစ်တယ်နှင့် အီလက်ထရွန်နစ် နယ်ပယ်များထိ ကျယ် ပြန့်စွာ ပိုင်ဆိုင်ထားနိုင်မှုဖြစ်သည်။ INSS ၏ အဆိုအရ ဤတွေ့ရှိချက်များအပေါ် အစ္စရေးစစ်ဘက်မှ အာရုံစူးစိုက်မှု တိုးမြှင့် ထားရန်၊ စောင့်ကြည့်မှုတိုးမြှင့်ထားရန်နှင့် အဆက်မပြတ် နိုးကြားနေရန် လိုအပ် ကြောင်း အကြံပြု ထုတ်ပြန်ထားခြင်း လည်းဖြစ်သည်။

**Hezbollah has up to 200000 rockets aimed at Israel, INSS assesses ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ ပထမဆုံးအကြိမ် ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှုပြုလုပ်

အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်တို့သည် ၎င်းတို့၏ ပထမဆုံးသော ပူးတွဲလေကြောင်း စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက် က ကြေညာခဲ့သည်ဟု ရုရှားနိုင်ငံပိုင် သတင်းဌာန RT က အောက်တိုဘာ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုကို ကိုရီးယားကျွန်းဆွယ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ် ပြီး မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်ခြိမ်းခြောက်မှုကိုတန်ပြန်ရန် နိုင်ငံ သုံးနိုင်ငံ၏ စွမ်းဆောင်ရည်ကိုအဆင့်မြှင့် တင်ရန် ရည်ရွယ်ထားကြောင်း တောင် ကိုရီးယားလေတပ်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် အနည်းဆုံး အမေရိကန်နိုင်ငံမှ B-52 Stratofortress နျူကလီးယား ဗုံးကြဲ လေယာဉ် တစ်စင်း၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ တိုက်လေယာဉ်များ ခြံရံ စောင့်ကြပ်၍ လိုက်ပါပျံသန်းကြသည်။

ယခုသီတင်းပတ် အစောပိုင်းတွင် တောင်ကိုရီးယားနိုင်ငံတွင် တပ်စွဲထားသည့် အမေရိကန် နျူကလီးယားဗုံးကြဲလေယာဉ် ဖြန့်ကြက်ချထားမှုကို မြောက်ကိုရီးယားက ရှုတ်ချကန့်ကွက်နေချိန်တွင် ယခုကဲ့သို့ သုံးနိုင်ငံစစ်ရေးလေ့ကျင့်မှု ထွက်ပေါ်လာ ခြင်းဖြစ်သည်။ ကိုရီးယားကျွန်းဆွယ်တွင် ပဋိပက္ခဖြစ်ပွားပါက အဆိုပါဗုံးကြဲလေယာဉ် ကို ဖျက်ဆီးပစ်ရန် ပထမဆုံးပစ်မှတ်များထဲမှ တစ်ခုဖြစ်လာလိမ့်မည်ဟု မြောက်ကိုရီး ယားက သတိပေးခဲ့သည်။

ကိုရီးယားကျွန်းဆွယ်သည် တရားဝင် ပဋိပက္ခဖြစ်နေဆဲဖြစ်သည်ဟူသောအချက် ကို အမေရိကန်နိုင်ငံအနေဖြင့် သတိမပြုမိ ဘဲ ရန်သူ၏နယ်မြေကို ပုံ့ပိုးပေးသည့် စစ်လက်နက်ပစ္စည်းများသည် ပျက်စီးခြင်း လမ်းစအတွက် ပထမဆုံးပစ်မှတ်ဖြစ်လာ လိမ့်မည်။ ထိုကဲ့သို့သော လုပ်ဆောင်ချက် များဖြင့် အမေရိကန်သည် နျူကလီးယား စစ်ပွဲကို ထိထိရောက်ရောက် လှုံ့ဆော်နေ ခြင်းဖြစ်သည်ဟု မြောက်ကိုရီးယားက သတင်းထုတ်ပြန်ချက်ကို နိုင်ငံပိုင် Korean Central News Agency (KCNA) သတင်းဌာနမှ တရားဝင်ဖော်ပြထားသည်။

အမေရိကန်က ၎င်း၏တစ်စိတ် တစ်ပိုင်းအနေဖြင့် နျူကလီးယားစွမ်းအားပြ ဗုံးကြဲလေယာဉ်များ ဖြန့်ကြက်ချထားခြင်း သည် အမေရိကန်၏ အင်ဒို-ပစိဖိတ်ဒေသ ၏ တည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် ကတိကဝတ်များနှင့် ဒေသတွင်း မဟာမိတ် များနှင့် ဆက်ဆံရေးကို အားကောင်းလာ စေရန်အတွက် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဩဂုတ်လတွင် တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုးနှင့် ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါတို့နှင့်တွေ့ဆုံခဲ့သည်။ အဆိုပါ သုံးနိုင်ငံ ထိပ်သီးအစည်းဝေးပွဲအတွင်း ဘိုင်ဒင်က နိုင်ငံများကြား စစ်ဘက်ဆက်ဆံ ရေးကို နက်နက်ရှိုင်းရှိုင်းရှိစေရမည်ဟု ကတိပြုခဲ့သည်။

အမေရိကန်၊ ဂျပန်နှင့်တောင်ကိုရီးယား သုံးနိုင်ငံသည် စစ်ရေးပူးတွဲလေ့ကျင့်မှုများ ကို နှစ်စဉ်ပြုလုပ်ရန် ကတိပြုထားပြီး ယခု နှစ်ကုန်တွင် မြောက်ကိုရီးယား၏ ဒုံးကျည် ပစ်လွှတ်မှုဆိုင်ရာ အချက်အလက်မျှဝေမှု စနစ်တစ်ရပ် ထူထောင်ရန်လည်း ကတိ ပြုထားသည်။

**US, Japan and S. Korea hold first-ever joint drills ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၃၅၃၀၀၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**လပွတ္တာ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၃၅၃၀၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၃၅၃၀၀၂ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်လျာထား စိုက်ပျိုးခဲ့ရာ ယနေ့တွင် လျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးစီးသည့် သီးနှံစုံလျာထား ၃၅၃၀၀၂ ဧကတွင် စပါးဧက ၃၃၇၈၁၀၊ ဟင်းသီးဟင်းရွက်ဧက ၆၇၀၀၊ ပီလောပီနံ ၁၀၄၅ ဧက၊ ကြံ ၁၂၆ ဧက၊ ပဲစင်းငုံ ၉၉ ဧက၊ ဖူးစားပြောင်း ၁၀၄၆ ဧက၊ ငှက်ပျော ၆၀၇၆ ဧကဖြစ်ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်တစ်ခုလုံးအနေနဲ့ အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးအပါအဝင် သီးနှံစုံ ၃၅၃၀၀၂ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ မိုးသီးနှံတွေလျာထားချက် ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့၊ မိုးသီးနှံတွေအားလုံးအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားမကျရောက်စေဖို့ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက လေ့ဖွဲ့ခဲ့ပြီး မြေပြင်ထိ ကြိုတင်ကွင်းဆင်း နည်းပညာပေး၊ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ မိုးသီးနှံစုံအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်ပါတယ်"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများ၊ အဖွဲ့အစည်းများက ဒေသခံ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# သရက်မြို့နယ် မုဆိုးရင်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သရက် အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုဆိုးရင်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက စီမံကိန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်၊ ငွေကြေး ဆိုင်ရာ မသမာမှုများကြောင့် ဆုံးရှုံးနိုင်မှု လျော့နည်းစေရန်နှင့် အုပ်ချုပ်မှု ဝန်ထုပ်ဝန်ပိုးများကို လျော့ချနိုင်စေရန်ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေထုတ်ယူခြင်းအစီအစဉ်ကို အသုံးပြုခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် True Money Myanmar နှင့်ပူးပေါင်း၍ မုဆိုးရင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ် ၁၈၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၇ ဒသမ ၅ သိန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၉၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို ရန်ပုံငွေကျပ် ၂၉၄ ဒသမ ၅ သိန်းကို Mobile Financial Payment စနစ်ဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ခင်မာ**

# မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းယန်း အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းလွေကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက မိုင်းလွေကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းနှင့် ခန်းမဆောင် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည်ပေ ၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မနှင့် ခန်းမဆောင် ခြံစည်းရိုးမှာ အရှည်ပေ ၁၂၀၊ အမြင့် ငါးပေရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၁၆၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၅ ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွန့်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၆-၁၀-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၁၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizovကို ယနေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား စစ်ဘက်-နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Mr. Iskander Azizov ကို လက်ခံတွေ့ဆုံစဉ်။**

# မြန်မာ-ရုရှား နှစ်နိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးနှင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov ကို လက်ခံတွေ့ဆုံစဉ်။**

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအသစ်အဖြစ်ခန့်အပ်ခြင်းခံရသည့် H.E. Mr. Iskander Azizov ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရုံးအမှတ်(၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံမူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးနှင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၇ မှအဆက်**

ချမှတ်ထားကြောင်း၊ NCA နှင့်ပတ်သက်၍ ပိုမိုခိုင်မာအောင် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ထဲတွင် ထည့်သွင်းထားကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်း အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းထားပြီး ပါတီစုံဒီမိုကရေစီစနစ်အတွက် တိုင်းသိပြည်သိအာမခံထားပါကြောင်း။

နိုင်ငံတကာအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေကို ယခုထက်ပိုမိုကောင်းမွန်စေလိုလျှင် ပိုမိုပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများကို တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်အားပေးနေခြင်းသည် ပြည်သူတို့၏ဆန္ဒဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နှောင့်နှေးသွားနိုင်ကြောင်း။

**မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်ရန်၊ တိုင်းပြည်ကိုချစ်သည့်စိတ်များရှိရန်လို**

မကြာမီအချိန်က (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မိမိအနေဖြင့် တက်ရောက်အားပေးခဲ့ကြောင်း၊ **မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်ရန်၊ တိုင်းပြည်ကိုချစ်သည့်စိတ်များရှိရန်လို**ပါကြောင်း၊ **ယဉ်ကျေးမှုရှိမှသာ တိုင်းပြည်ချစ်စိတ်များ နိုးကြားလာမည်ဖြစ်**ကြောင်း၊ အလားတူ **မြန်မာယဉ်ကျေးမှုများကိုသာမက တိုင်းရင်းသားယဉ်ကျေးမှု အက၊ အဆို၊ အတီးများကိုလည်း အားပေး**ဆောင်ရွက်သွားရန်နှင့် ဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားများ၏စာပေယဉ်ကျေးမှုများမပျောက်မပျက်အောင် ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်မှုများရှိသကဲ့သို့ ကိုယ်တိုင်ဆောင်ရွက်ရမှုများလည်း ရှိကြောင်း၊ ထို့ကြောင့် ဝိုင်းဝန်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

အင်းလေးဖောင်တော်ဦးဘုရားပွဲသည် တစ်နိုင်ငံလုံးကစိတ်ပါဝင်စားသည့် ပွဲတစ်ပွဲဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်းတက်ရောက်ခဲ့ကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့ဒေသအလိုက် ထင်ရှားသည့်အခမ်းအနားများနှင့် ပြည်သူအများနှင့်သက်ဆိုင်သည့်ပွဲများကိုလည်း တက်ရောက်အားပေးကြစေလိုကြောင်း၊ ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ဒေသအလိုက် သွားရောက်ဆောင်ရွက်ပေးကြစေလိုကြောင်း။

စီးပွားရေးတိုးတက်မှု၌ လိုအပ်ချက်ရှိနေခြင်းနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုများ အားနည်းခြင်းကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ **ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးရောင်းချရာတွင် ကုန်ထုတ်လုပ်မှုစရိတ်နှင့်ရောင်းချသည့် ကုန်ဈေးနှုန်းများ များစွာကွာခြားမှုမရှိရန်လို**ကြောင်း၊ ထို့ကြောင့် ကောင်စီဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် ကွင်းဆင်းဆောင်ရွက်ပါက ဒေသအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကောင်စီဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နယ်မြေဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ကွင်းဆင်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင်း နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက **စားသုံးဆီ၊ စက်သုံးဆီများနှင့်ပတ်သက်၍ ရည်ညွှန်းဈေးမှန်ကန်ရေးနှင့် ဈေးကွက်အတွင်းဖြစ်သင့်သည့် ဈေးနှုန်းထက်ပိုမို၍ ရောင်းချမှုမရှိစေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ ကောင်စီဝင်များအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူတို့၏အကျိုးကိုသာကြည့်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကြီးကြပ်ရေးကော်မတီအနေဖြင့်လည်း စနစ်တကျစိစစ်ကြီးကြပ်ကိုင်တွယ်သွားရန် မှာကြားပြီးဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံရေးပါတီများဖွဲ့စည်းမှုနှင့်ပတ်သက်၍ စနစ်တကျမှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်နှင့် ကိုက်ညီရန်လိုကြောင်း၊ **နိုင်ငံရေးပါတီခေါင်းဆောင်များ၊ အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်များရွေးချယ်ရာတွင်လည်း ပါတီတွင်းဒီမိုကရေစီစနစ်ဖြင့် အများဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ပါက ပိုမိုသင့်တော်**ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရွေးကောက်ပွဲမပြုလုပ်မီ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံဆွေးနွေးသွားရန်ရှိပါကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များသည် ပါတီတွင်းဒီမိုကရေစီစနစ်ဖြင့် ပါတီကိုကိုယ်စားပြုသူများဖြစ်လျှင် အဓိပ္ပာယ်ပြည့်ဝမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံ၏ အရေးကြီးလိုအပ်ချက်ဖြစ်သော လုပ်ငန်းစဉ်များကိုဖော်ဆောင်ရာ၌ ခိုင်မာသောကိုယ်စားပြုမှုနှင့် ရေရှည်အာမခံချက်များရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ချမှတ်ထားသောအမျိုးသားရေးရည်မှန်းချက်များနှင့် နိုင်ငံရေးရည်မှန်းချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြား




**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ဖိတ်ကြားချက်အရ ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၏ Grand Ballroom ၌ ကျင်းပသည့် ရပ်ဝန်းနှင့်ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းသည် လမ်းများနှင့် ဆက်သွယ်မှုများ တည်ဆောက်ရေးအတွက်သာမဟုတ်ဘဲ အရည်အသွေးပြည့်ဝမှု၊ စည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးမှုမျှဝေခြင်းတို့၏ ပြယုဂ်တစ်ခုဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်း၏ မဟာဗျူဟာမြောက်ရည်ရွယ်ချက်မှာ မတူကွဲပြားသောနိုင်ငံများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ယုံကြည်မှုတို့ကို မြှင့်တင်ရန်ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံအတွက် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နှစ်စဉ်ကုန်သွယ်မှုသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကျော်ရှိပါကြောင်း၊ နှစ်နိုင်ငံအစိုးရများ (G to G) အကြား အလွန်ကောင်းမွန်သောဆက်ဆံရေးရှိခြင်း၊ စီးပွားရေးအသိုင်းအဝိုင်း (B to B) နှင့် နှစ်နိုင်ငံပြည်သူများ (P to P)အကြား ကောင်းမွန်သောဆက်ဆံရေးရှိခြင်းတို့ကြောင့် နှစ်နိုင်ငံကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ များစွာတိုးတက်ခဲ့ပါကြောင်း။

သိသာထင်ရှားသော ပူးပေါင်းဆောင်ရွက်မှုမှာ မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအလားအလာရှိသည့် တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်ဖြစ်ပါကြောင်း၊ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့ကို လွှမ်းခြုံထားသည့် ကမ်းရိုးတန်းရှိနေသည့် မြန်မာနိုင်ငံသည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်း (CMEC)မှတစ်ဆင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ ရေကြောင်းအခြေပြုစီမံကိန်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ပင်လယ်ရေကြောင်းလမ်းများကို ပိုမိုကောင်းမွန်ရေးအတွက် ဆောင်ရွက်ခြင်းသည် ကုန်စည်ပို့ဆောင်မှုတွင် မြန်ဆန်ပြီး ကုန်ကျစရိတ်သက်သာရုံသာမက ကုန်သွယ်မှုလုပ်ငန်းများကို ချဲ့ထွင်ရန်၊ ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို ပိုမိုအားကောင်းလာစေရန်နှင့် စီးပွားရေးတိုးတက်မှုကို မြှင့်တင်စေမည်ဖြစ်ပါကြောင်း။

ထို့ပြင် ဆိပ်ကမ်းများနှင့်ဆက်စပ်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ပေါ်စေပြီး ဆင်းရဲမှုလျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးတို့ကို သိသိသာသာပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ လေကြောင်းဆက်သွယ်မှုများတိုးမြှင့်ခြင်းသည် နိုင်ငံသားအချင်းချင်း အပြန်အလှန် နီးနှောဖလှယ်မှု၊ ယဉ်ကျေးမှုဆိုင်ရာ နားလည်သဘောပေါက်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ကိုမြှင့်တင်ပေးကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်းယဉ်ကျေးမှုဖလှယ်ခြင်းကိုလည်း တိုးပွားလာစေမည်ဖြစ်ပါကြောင်း။

လက်ရှိရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် မူဆယ်-မန္တလေး အမြန်ရထားလမ်းနှင့် မန္တလေး-ကျောက်ဖြူ အမြန်ရထားလမ်းသစ်များဖောက်လုပ်ခြင်းသည် ပြည်တွင်းကုန်စည်သယ်ယူပို့ဆောင်ရေး စွမ်းဆောင်ရည်ကို တိုးမြှင့်စေပြီး ကုန်ကျစရိတ်ကို လျှော့ချနိုင်ကာ ပြည်တွင်းစက်မှုလုပ်ငန်းများ၏ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးပါကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှု (BRI)အရ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိသော မည်သည့်စီမံကိန်းများကိုမဆို မြန်မာနိုင်ငံက အကောင်အထည်ဖော်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E Mr. Chen Hai နှင့် အခြားဖိတ်ကြားထားသည့်ဧည့်သည်တော်များလည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်တက္ကသိုလ်အဆင့်မြင့်စာပေပညာဗဟိုဌာနတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်(၂၀၂၃) ကျင်းပ




**စစ်တက္ကသိုလ်အဆင့်မြင့်စာပေပညာဗဟိုဌာနတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်(၂၀၂၃) ကျင်းပစဉ်။**

**နေပြည်တော် အောက်တိုဘာ ၂၆**

တပ်မတော်အနေဖြင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာများ အထောက်အကူပြုနိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်(၂၀၂၃) (Conference on Science and Technology Development-2023) (CSTD-2023) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ် စစ်တက္ကသိုလ်အဆင့်မြင့်စာပေပညာဗဟိုဌာန ငါးထပ်စာသင်ဆောင်ရှိ Multifunction Hall ၌ ကျင်းပပြုလုပ်သည်။

ဦးစွာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ တင်သွင်းခင်းကျင်းပြသထားသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာပိုစတာ ၂၃ စောင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပိုစတာရှင်များက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဖိတ်ကြားထားသော နိုင်ငံခြားသားပညာရှင်(Keynote Speaker)စာတမ်းနှစ်စောင်၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနစာတမ်း ၆၃ စောင် စုစုပေါင်း ၆၅ စောင် ဖတ်ကြားခဲ့သည်။

သိပ္ပံနှင့်နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်(၂၀၂၃)ကို အောက်တိုဘာ ၂၇ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖိတ်ကြားထားသော နိုင်ငံခြားသားပညာရှင် (Keynote Speaker) စာတမ်း နှစ်စောင်၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနစာတမ်း ၅၆ စောင် စာတမ်းစုစုပေါင်း ၅၈ စောင် ဆက်လက်ဖတ်ကြားသွားမည်ဖြစ်ပြီး အကောင်းဆုံးစာတမ်း ခုနစ်ဆုနှင့် အကောင်းဆုံးပိုစတာ နှစ်ဆု ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်ကို ၂၀၁၆ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် ကိုဗစ်-၁၉ ရောဂါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ကျင်းပခဲ့ပြီး ယခုအကြိမ်သည် သတ္တမအကြိမ်မြောက် ကျင်းပသည့် ကွန်ဖရင့်ဖြစ်သည်။

အဆိုပါကွန်ဖရင့်သို့ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ တပ်မတော်တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များနှင့် အရာရှိများ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခများ၊ တပ်နယ်မှ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်း တက်ရောက်နေသော သင်တန်းသားအရာရှိများ၊ ဗိုလ်လောင်းများနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသည့် အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများကVideo Conferencing ဖြင့် တက်ရောက်ကြကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲ ၆၂၃ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲ ၇၅၃ တွဲကို ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲ ၆၂၃ တွဲရောင်းချရကြောင်း ထုတ်ပြန်ကြေညာသည်။

ပြပွဲအဋ္ဌမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲ ၁၀၀၀ ကို ပြည်တွင်း ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သတ်မှတ်တင်ဒါပုံးများအတွင်းသို့ထည့်သွင်းကြသည်။

ယင်းကျောက်စိမ်းအတွဲ ၁၀၀၀ ၏ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ကြေညာသွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ပုလဲအတွဲ ၃၀၀ နှင့်ကျောက်မျက်အတွဲ ၇၃ တွဲကို ပြည်တွင်း၊ပြည်ပရတနာကုန်သည်များအား ဈေးနှုန်းပိုမိုစွာဖြင့် ရောင်းချနိုင်ခဲ့သည်။ ထို့ပြင် ပြပွဲတွင် ကျောက်စိမ်းအတွဲ ၄၀၄၅ တွဲကို နေ့ရက်အလိုက် ပြည်တွင်း၊ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပြပွဲပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲ ၇၅၀ အနက် ကျောက်စိမ်းအတွဲ ၇၀၂ တွဲကိုလည်းကောင်း၊ ပြပွဲဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲ ၇၅၀ အနက် ကျောက်စိမ်းအတွဲ ၆၀၁ တွဲကိုလည်းကောင်း၊ ပြပွဲသတ္တမနေ့တွင် ကျောက်စိမ်းအတွဲ ၇၅၃ တွဲအနက် ကျောက်စိမ်းအတွဲ ၆၂၃ တွဲကိုလည်းကောင်း ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိသည့်ကျောက်စိမ်းအတွဲ ၁၇၉၂ တွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၂၈ ရက်ထိ ပြည်တွင်း ရတနာကုန်သည်များကို ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားမြို့နှင့် လားရှိုးမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ် ကျောင်းတိုက်များမှ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ ခေမာသီရိကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၅၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊အရိုးအကြော ရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ECGစက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၉)ရပ်ကွက် မေတ္တာရောင်ခြည်ဘုန်းတော်ကြီးကျောင်းတိုက်မှ သံဃာတော် ၂၀ ပါးနှင့် ဒေသခံပြည်သူ ၅၅ ဦး တို့ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌မျက်စိရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ECG၊အာထရာဆောင်းစက်များဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး ထိုသို့ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# ချောင်းဆုံမြို့နယ်ရှိ မဟာကန်တော်ကြီး၌ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ မဟာကန်တော်ကြီး၌ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ပြိုင်ပွဲဝင်လှေလှော်အားကစားသမားများ၊ အားကစားဝါသနာရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လှေလှော်ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှေလှော်ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်လှော်ခတ်နေမှုများအား ကြည့်ရှုအားပေးကြသည်။

အဆိုပါမြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို တစ်တက်လှော်ပြိုင်ပွဲဝင်အသင်း ၁၁ သင်း၊ သုံးတက်လှော်ပြိုင်ပွဲဝင်အသင်း ၁၄ သင်း၊ စုစုပေါင်း ၂၅ သင်းဖြင့် အောက်တိုဘာ ၂၈ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ရွှေတိဂုံစေတီတော်(အနောက်ဘက်မုခ်နှင့် ပြည်သူ့ရင်ပြင်ပန်းခြံကြား)မြေအောက်လမ်းကူး လူသွားဥမင်(Underpass)အဆောက်အအုံရတနာပန္နက်တော်တင်မင်္ဂလာပြုလုပ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း သတ်မှတ်နေရာတွင် ရတနာပန္နက်တော်အား စိုက်ထူပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (လမ်း၊ တံတား)က တာဝန်ယူတည်ဆောက်မည့် ရွှေတိဂုံစေတီတော်(အနောက်ဘက်မုခ်နှင့်ပြည်သူ့ရင်ပြင်ပန်းခြံကြား) မြေအောက်လမ်းကူးလူသွားဥမင်(Underpass)အဆောက်အအုံရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်း၌ ပြုလုပ်ရာ အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကပြဲဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ စေတီယင်္ဂဏ ပရိယတ္တိမဟာဓမ္မဂုရု သ. စ. အ ဓမ္မာစရိယ(ဝဋ္ဋသကာ)ပါဠိပါရဂူ လှုရတနာဆရာတော်ဘဒ္ဒန္တနာရဒါဘိဝံသအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဒေါက်တာဘဒ္ဒန္တ အဂ္ဂသာမိထံမှငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များထံမှ ပရိတ်တရားတော်များနာယူကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်ကြီးများက ရတနာပန္နက်တော်နှင့် ရွှေလက်ရိုက်တော်တို့ကို ပရိတ်နံ့သာရည်များပက်ဖျန်း၍ သိဒ္ဓိမင်္ဂလာ ဆင်ယင်ချီးမြှင့်တော်မူကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရတနာပန္နက်တော်အား စိုက်ထူ၍ အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

အဆိုပါ မြေအောက်လမ်းကူးဥမင်(Underpass) အဆောက်အအုံတည်ဆောက်ရာတွင် ဥမင်လူသွားလမ်းအကျယ် ၂၃ ပေ၊ အလျား ၄၆၁ ပေ ၉ လက်မ၊ ဝင်ထွက်ပေါက် လေးခုနှင့်ရွေ့လျားစက်လှေကားလေးစင်း၊ မသန်စွမ်းသူများအသုံးပြုရန် ၁၀ဦးစီးစက်လှေကား နှစ်စင်းတို့ဖြင့်တည်ဆောက်သွားမည်ဖြစ်ပြီး ဥမင်တည်ဆောက်ပြီးစီးပါက တစ်နာရီလျှင် လူဦးရေ ၁၄၀၀၀ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကာ တည်ဆောက်ကာလမှာ ၁၄ လခန့်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာထောက်ပံ့ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့်အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (မန္တလေး)တို့ရှိ ကျောင်းသား၊ ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းသုံးဗလာစာအုပ်နှင့်စာရေးကိရိယာထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် အရာရှိစစ်သည်မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ကျောင်းသူဦးရေ ၄၉၀ တို့ကို ကျောင်းသုံးဗလာစာအုပ်နှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

၎င်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်က ကျောင်းသားတစ်ဦးကို ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ပဟိုအဆင့်)ပြိုင်ပွဲ ဆက်လက်ကျင်းပ










**နေပြည်တော် အောက်တိုဘာ ၂၆**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ တတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် "မဟာဂီတ"တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြူဝန်းလို့ခို" (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဒီပါအေးမြ"(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ကုန်းဘောင်နေမင်း" (ပတ်ပျိုးလတ်) သီချင်းဖြင့် လည်းကောင်း သာယာငြိမ့်ညောင်းသည့် မြန်မာ့ဂီတရသကို ဖော်ကျူးသီဆိုယှဉ်ပြိုင်ကြသည်။

"ကာလပေါ်"တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room၌ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "အရွယ်သုံးပါး"သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြနဒီ" သီချင်းဖြင့်လည်းကောင်း ဖော်ကျူးသီဆိုယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်ညီညာစွာအသုံးပြု၍ ငြိမ့်ညောင်းသည့် ကကွက်ကဟန်များဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ကြည့်ရှုသူများ ရင်သပ်ရှုမောဖြစ်စေမည့် ကကြိုးကကွက်များဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ကကြိုးကကွက်စုံလင်စွာဖြင့်လည်းကောင်း အားကြိုးမာန်တက်ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲ၏ သီချင်းသံစဉ်ထည့်သွင်းလေ့ကျင့်သီဆိုခြင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဗလငါးတန်ဒို့ရည်သန်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇာတိပုညဂုဏ်မာန"ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာသံစဉ်ထည့်သွင်းလေ့ကျင့်သီဆိုကြသည်။

စန္ဒရားအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းခွေဦး" (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းဆန်းသဥ္ဇာကြာညောင်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖူးရွှေလက်တင်"(ကာလပေါ်) သီချင်းဖြင့်လည်းကောင်း လက်စွမ်းပြတီးခတ်ယှဉ်ပြိုင်ကြသည်။

တယောအတီးပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ချစ်သမျှကို"(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မေတ္တာသံဝေ"(ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေပဒ္ဒုန်"(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေပဒ္ဒုန်" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

နဲပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂန္ဓမာတောင်"(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "နှင်းယွန်းဂိမှာန်"(မွန်)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မင်းလမ်းစပ်ကာ"(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောဟေဝန်လယ်"(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်"(ကြိုး) သီချင်းဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဆိုင်းဝိုင်းကြီးအဖွဲ့အလိုက် အတီးပြိုင်ပွဲကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက်ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "ပညာရွှေအိုး"ဇာတ်တော်ကြီးဖြင့် ကရင်ပြည်နယ်ကိုယ်စားပြု ရွှေဖားစည်သံအောင်နန်းစံရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့်အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက်ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "မဟော်သဓာ"ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု စိန်မြန်မာအနုပညာအင်အားစု မဟော်သဓာဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟော်သဓာဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆိုင်ပြောပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီးယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူမိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ သီတင်းကျွတ်ပိတ်ရက်ကာလအတွင်း ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်မိသားစုများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် အထူးရထားခရီးစဉ်များ ပြေးဆွဲပေးသွားမည်

**နေပြည်တော် အောက်တိုဘာ ၂၆**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် သီတင်းကျွတ်ပိတ်ရက်ကာလအတွင်း ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်မိသားစုများအဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် နေပြည်တော်-ရန်ကုန်-နေပြည်တော်၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်၊ ရန်ကုန်-ပုဂံ-ရန်ကုန်ခရီးစဉ်များကို အောက်ဖော်ပြပါ နေ့ရက်၊ အချိန်များအတိုင်း အစုန်၊ အဆန် အထူးရထားများပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၂၇.၁၀.၂၀၂၃ | အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၈ : ၃၀ | ၀၇ : ၃၀ |
| ၂ | ၂၇.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃ : ၀၀ | ၂၀ : ၅၅ |
| ၃ | ၂၇.၁၀.၂၀၂၃ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂ : ၃၀ | ၀၆ : ၃၀ |
| ၄ | ၂၇.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇ : ၄၅ | ၁၇ : ၄၅ |
| ၅ | ၂၇.၁၀.၂၀၂၃ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉ : ၁၅ | ၁၉ : ၁၀ |
| ၆ | ၂၈.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇ : ၄၅ | ၁၇ : ၄၅ |
| ၇ | ၂၈.၁၀.၂၀၂၃ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉ : ၁၅ | ၁၉ : ၁၀ |
| ၈ | ၂၈.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃ : ၀၀ | ၂၀ : ၅၅ |
| ၉ | ၂၈.၁၀.၂၀၂၃ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂ : ၃၀ | ၀၆ : ၃၀ |
| ၁၀ | ၂၈.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | ပုဂံ | ၁၆ : ၁၅ | ၁၂ : ၀၀ |
| ၁၁ | ၂၉.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇ : ၄၅ | ၁၇ : ၄၅ |
| ၁၂ | ၂၉.၁၀.၂၀၂၃ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉ : ၁၅ | ၁၉ : ၁၀ |
| ၁၃ | ၂၉.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃ : ၀၀ | ၂၀ : ၅၅ |
| ၁၄ | ၂၉.၁၀.၂၀၂၃ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂ : ၃၀ | ၀၆ : ၃၀ |
| ၁၅ | ၃၀.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃ : ၀၀ | ၂၀ : ၅၅ |
| ၁၆ | ၃၀.၁၀.၂၀၂၃ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂ : ၃၀ | ၀၆ : ၃၀ |
| ၁၇ | ၃၀.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၁၈ : ၃၀ | ၀၇ : ၃၀ |
| ၁၈ | ၃၀.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇ : ၄၅ | ၁၇ : ၄၅ |
| ၁၉ | ၃၀.၁၀.၂၀၂၃ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉ : ၁၅ | ၁၉ : ၁၀ |
| ၂၀ | ၃၀.၁၀.၂၀၂၃ | အဆန်အထူး | ပုဂံ | ရန်ကုန် | ၁၆ : ၁၅ | ၁၂ : ၀၀ |

အထက်ပါ ခရီးစဉ်များအတွက် အထက်တန်းလက်မှတ်ကို သုံးရက် ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား တစ်ရက်ကြိုတင်၍လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ရထားစီးခရီးသွားမိဘပြည်သူများ၊ ဝန်ထမ်းများနှင့်မိသားစုများအနေဖြင့် ကြိုတင်ဝယ်ယူနိုင်ကြောင်း မြန်မာ့မီးရထားမှ သိရှိရသည်။

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးပုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အသိပေးနှိုးဆော်ချက်များ နှစ်စဉ် ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များ၌ သီတင်းကျွတ်ပွဲတော်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးပုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးပုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

☆ **ကျောဖုံးမှအဆက်**

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလာမှုကဏ္ဍနှင့် ပညာရေးကဏ္ဍအပါအဝင်ဆောင်ရွက်ဆဲကဏ္ဍအလိုက် လုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)နှင့်ဆက်စပ်၍ ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့်စပ်လျဉ်းပြီး ရုရှားနိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များ၊ စွမ်းအင်နှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် အစ္စရေးနိုင်ငံရောက် မြန်မာနိုင်ငံသားများ ပြန်လည်ရောက်ရှိ



**နေပြည်တော် အောက်တိုဘာ ၂၆**

အစ္စရေးနိုင်ငံတွင် ဖြစ်ပွားနေသော စစ်ပွဲအခြေအနေကြောင့် အခက်အခဲများနှင့် ကြုံတွေ့နေရသော မြန်မာနိုင်ငံသားများကို ကယ်ထုတ်ရေးစီမံချက်အရ နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည့် အစ္စရေးနိုင်ငံရောက် မြန်မာနိုင်ငံသားများသည် အောက်တိုဘာ ၂၅ ရက်တွင် တဲလ်အဗီးမှ EI AI Airline LY 081ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာလာခဲ့ပြီး ယနေ့ ညပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း အမှတ် 8M 351ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိကြသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် အစ္စရေးနိုင်ငံရောက် မြန်မာနိုင်ငံသားများကို နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနနှင့်ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော အစ္စရေးနိုင်ငံရောက် မြန်မာနိုင်ငံသားများဖြစ်ကြသည့် မမိုးသီတာအောင်၊ မခင်နှင်းအိ၊ဒေါ်လမိုင်းမိုင်ရွှာနှင့် ဦးအောင်ကျော်ဦးတို့လေးဦးဖြစ်သည်။

၎င်းတို့ လေးဦးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မိသားစုဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် အမှတ်(၉)ကျောင်းလမ်းရှိ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းမီးလောင်မှုဖြစ်စဉ်မှ တရားခံ တစ်ဦး ဖမ်းဆီးရမိ





**မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် အမှတ်(၉)ကျောင်းလမ်းရှိ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းမီးလောင်ပျက်စီးမှုကို နယ်မြေခံတပ်မတော်သားများ ရှင်းလင်းဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် အောက်တိုဘာ ၂၆**

အောက်တိုဘာ ၂၅ ရက် နံနက် ၃ နာရီ မိနစ် ၄၀ တွင် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် အမှတ်(၉)ကျောင်းလမ်းရှိ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက မီးသတ်ယာဉ် ရှစ်စီး၊ရေသယ်ယာဉ် သုံးစီး၊ အုပ်ချုပ်မှုယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၇ နာရီခွဲတွင် မီးငြိမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အလျား ၉၅ ပေ၊ အနံပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ခံ၊ ပျဉ်ထောင် နှစ်ထပ် ကျောင်းဆောင်အဆောက်အအုံ တစ်လုံးနှင့် အလျား ပေ ၄၀ ၊ အနံပေ ၃၀ ရှိ RC နှစ်ထပ်သင်ထောက်ကူအဆောက်အအုံ တစ်လုံးတို့ မီးလောင်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ကိုးဆယ့်သုံးသိန်းခုနစ်သောင်းငါးထောင်ခန့်ဖြစ်ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ သံသယဖြစ်ဖွယ် အမျိုးသမီး တစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးလျက်ရှိကြောင်း၊ မီးလောင်မှုဖြစ်စဉ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို ပြန်လည်ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် ကျောင်းသူ၊ ကျောင်းသားများကို ကျောင်းပြန်လည်ဖွင့်ချိန်တွင် နှစ်သုတ်တက်စနစ်ဖြင့် အချိန်မပျက်ပညာသင်ကြားနိုင်ရေး စီစဉ်ထားကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# ဖိလစ်ပိုင်နိုင်ငံရှိ ဘူလူဆန်မီးတောင် လှုပ်ရှားမှုများတိုးလာခြင်းကြောင့် မီးတောင်ဆိုင်ရာသတိပေးချက် အဆင့်(၁)သို့ ပြောင်းလဲသတ်မှတ်



**မနီလာ အောက်တိုဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံ ဆော်ဆိုဂွန်ပြည်နယ်ရှိ ဘူလူဆန်မီးတောင် လှုပ်ရှားမှုများ တိုးလာခြင်းကြောင့် ဖိလစ်ပိုင်မီးတောင်နှင့်ငလျင်ဗေဒသိပ္ပံက မီးတောင်ဆိုင်ရာသတိပေးချက် အဆင့်(၁)သို့ အောက်တိုဘာ ၂၅ ရက်က ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ဆော်ဆိုဂွန်ပြည်နယ်ရှိ ဘူလူဆန်မီးတောင်သည် ယခုနှစ် အောက်တိုဘာ ၁၄ ရက်မှစ၍ လှုပ်ရှားမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒသိပ္ပံက မှတ်တမ်းတင်ထားခဲ့ပြီး အဆိုပါကာလအတွင်း ငလျင်အသေးစား ၁၂၁ ကြိမ် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

“ငလျင်လှုပ်ခတ်မှု ၁၂၁ ကြိမ်အနက် ၃၇ ကြိမ်က မီးတောင်ရဲ့ အနောက်မြောက်ဘက်နဲ့ အရှေ့တောင်ဘက် တောင်စောင်းတွေအောက် တစ်ကီလိုမီတာကနေ ကိုးကီလိုမီတာအနက်တွေမှာ ဖြစ်ပေါ်တာဖြစ်ပြီး အဲဒီသက်ရောက်မှုကြောင့် ကျောက်သားကွဲအက်တာတွေလဲဖြစ်ပေါ်ခဲ့ပါတယ်”ဟု ဖိလစ်ပိုင် မီးတောင်နှင့် ငလျင်ဗေဒသိပ္ပံမှ ပြောရေးဆိုခွင့်ရှိသူ ဘာကိုလ်ကိုလ်က ပြောကြားခဲ့သည်။

အဆိုပါမီးတောင်တွင် ဇွန်လမှ ဩဂုတ်လထိ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု သိသိသာသာတိုးလာပြီး အပူချိန်မြင့်တက်လာကြောင်း၊ ထို့ကြောင့် ဒေသန္တရအစိုးရတာဝန်ရှိသူများအနေဖြင့် ပြည်သူများကို မီးတောင်မှ လေးကီလိုမီတာအတွင်းဝင်ရောက်ခြင်းကို တားမြစ်ချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# ယီမင်နိုင်ငံတွင် တက်ချ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး ခြောက်ဦး ပျောက်ဆုံးလျက်ရှိ

**ဆာနား အောက်တိုဘာ ၂၆**

တက်ချ်ဟု အမည်ပေးထားသည့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းသည် အောက်တိုဘာ ၂၄ ရက်က ယီမင်နိုင်ငံ အရှေ့တောင်ဘက်ပိုင်း အယ်လ်မာရာဟ်ပြည်နယ်နှင့်အိုမန်နိုင်ငံကြားမှ ဖြတ်သန်း၍ ယီမင်နိုင်ငံအတွင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူတစ်ဦးသေဆုံးပြီး ခြောက်ဦး ပျောက်ဆုံးလျက်ရှိကြောင်း အောက်တိုဘာ ၂၅ ရက် သတင်းများအရ သိရသည်။

တက်ချ် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းသည် ယီမင်နိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်စဉ် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး နာရီအနည်းငယ်အတွင်း အယ်လ်မာရာဟ်ပြည်နယ်၏ မြို့တော်အယ်လ်ဂဲဒါမြို့တွင် မိုးရွာသွန်းမှု ၄၀၆ မီလီမီတာ ရွာသွန်းခဲ့ရာ လေကြောင်းခရီးစဉ်များ အနှောင့်အယှက်ဖြစ်ခဲ့ပြီး ပြည်နယ်တစ်ဝန်း ထိခိုက်ပျက်စီးမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့ကြောင်း ယီမင်နိုင်ငံ လခြမ်းနီအသင်းက ပြောကြားခဲ့သည်။

အဆိုးရွားဆုံးထိခိုက်မှုများအနေဖြင့် အယ်လ်မာရာဟ်ပြည်နယ် အယ်လ်ဂဲဒါမြို့နှင့်ဟက်ဆွမ်းခရိုင်တို့တွင်ဖြစ်ပွားခဲ့ရာ ဟက်ဆွမ်းခရိုင်တွင်လူတစ်ဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံးလျက်ရှိကာ ပြည်နယ်တစ်ဝန်းမိသားစု ၁၈၀၀ ခန့်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ယီမင်နိုင်ငံ လခြမ်းနီအသင်း၏ အစီရင်ခံစာတွင်ဖော်ပြထားသည်ဟု သိရသည်။

ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူများနှင့် ဒုက္ခရောက်နေသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အကူအညီများချက်ချင်းလိုအပ်လျက်ရှိကြောင်း၊ လခြမ်းနီအသင်းအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကိုလုပ်ကိုင်နေသော်လည်း ပြည်နယ်အတွင်း မုန်တိုင်း၏သက်ရောက်မှုကြောင့် အခြေအနေမှာဆိုးရွားနေပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လေယာဉ်များအသုံးပြုရန် လိုအပ်လျက်ရှိကြောင်း အဆိုပါအဖွဲ့က ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : AZH**

# ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်ရေး ဂျပန်နိုင်ငံနှင့် ဒိန်းမတ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည်

**တိုကျို အောက်တိုဘာ ၂၆**

ဂျပန်နိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးအတွက် အလေးထားဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် ဒိန်းမတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံအနေဖြင့် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအတွက် ကာဗွန်ထုတ်လွှတ်မှုထိန်းချုပ်ရေးကို အဓိက ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး ဒိန်းမတ်နိုင်ငံနှင့် ပူးပေါင်းကာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ကမ်းလွန်လေအားလျှပ်စစ် ထုတ်လုပ်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီစဉ်လာခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးက ပြောကြားခဲ့သည်။

“ကမ်းလွန် လေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် ဒိန်းမတ်နိုင်ငံနဲ့ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခြားစိတ်ပါဝင်စားတဲ့နိုင်ငံတွေက ရင်းနှီးမြှုပ်နှံမှုလုပ်ချင်တယ်ဆိုရင်လဲ လက်ခံသွားမှာပါ”ဟု ဂျပန်နိုင်ငံကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး ယာဆူတိုရှီက ပြောကြားခဲ့သည်။



ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် ဂျပန်နိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ စိတ်ဝင်စားသည့် နိုင်ငံများကိုလည်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားရန် ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ဂျပန်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍမှ လျှပ်စစ်စွမ်းအင် ၁၀ ဂီဂါဝပ်ထိ ထုတ်လုပ်သွားရန်စီစဉ်နေပြီး ၂၀၄၀ ပြည့်နှစ်အရောက်တွင် ၄၅ ဂီဂါဝပ်ထိ ထုတ်လုပ်သွားနိုင်ရန် ရည်မှန်းထားကြောင်း ဂျပန်နိုင်ငံကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ယာဆူတိုရှီက ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# မက္ကဆီကိုနိုင်ငံ အကာပူလ်ကိုကမ်းခြေသို့ အိုတစ်ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်

**ဝါရှင်တန် အောက်တိုဘာ ၂၆**

အိုတစ်ဟု အမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ အကာပူလ်ကိုကမ်းခြေသို့ ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အိုတစ် ဟာရီကိန်းမုန်တိုင်းကြောင့် လေတိုက်နှုန်းမြင့်တက်နေပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၆၀ နှုန်းထိရှိနေသည့်အတွက် အန္တရာယ်ရှိသည့် အခြေအနေဖြစ်ကြောင်း၊ မုန်တိုင်းသည် လာမည့် ၂၄ နာရီအတွင်း ဂွါရီရိုပြည်နယ်ထိ တိုက်ခတ်သွားဖွယ် ရှိနေကြောင်း၊ အိုတစ် ဟာရီကိန်းမုန်တိုင်းသည် ဂွါရီရိုပြည်နယ် ဇီဟွာတာနီဂျိုမြို့နှင့် ပန်တာမယ်ဒိုနာဒိုမြို့တို့သို့ အဓိက တိုက်ခတ်သွားဖွယ်ရှိနေပြီး မုန်တိုင်းကြောင့် မိုးရေချိန်မှာ ၂၀ လက်မထိ မြင့်တက်လာနိုင်ကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်။

“မက္ကဆီကိုနိုင်ငံ အကာပူလ်ကိုကမ်းခြေကို အိုတစ်လို့ အမည်ပေးထားတဲ့ ဟာရီကိန်းမုန်တိုင်းတိုက်ခတ်နေပါတယ်။ မုန်တိုင်းကြောင့် လေတိုက်နှုန်းက တစ်နာရီမိုင် ၁၆၀ နှုန်းထိ မြင့်တက်နေပါတယ်။ မုန်တိုင်းကြောင့်လဲ မိုးရေချိန်မြင့်မားနေပါတယ်”ဟု အမေရိကန်အမျိုးသားဟာရီကိန်းစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဂွါရီရိုပြည်နယ်အပြင် ဝါဟာကာပြည်နယ်တွင်လည်း မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ကြောင်း၊ မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းနေပြီး ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ မုန်တိုင်းကြောင့် ဂွါရီရိုပြည်နယ်နှင့် ဝါဟာကာပြည်နယ်တို့တွင် စာသင်ကျောင်းများကို ယာယီပိတ်ထားကြောင်း မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

မက္ကဆီကိုနိုင်ငံတွင် ပြီးခဲ့သည့်ရက်ပိုင်းက နော်မာဟု အမည်ပေးထားသော မုန်တိုင်းတိုက်ခတ်ခဲ့ပြီး အနည်းဆုံး လူသုံးဦးသေဆုံးခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း၊ နော်မာမုန်တိုင်းအပြီး အိုတစ်ဟာရီကိန်းမုန်တိုင်း ဝင်ရောက်ခဲ့သည့်အတွက် မက္ကဆီကို ကမ်းခြေဒေသများတွင် နေထိုင်သည့် ဒေသခံများအတွက် စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်နေကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ဘရာဇီးနိုင်ငံ၏ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လုပ်မှုအမြင့်ဆုံးကဏ္ဍက အသားထုတ်လုပ်ရေးလုပ်ငန်းများဖြစ်နေ

**ဘရာဇီးလီးယား အောက်တိုဘာ ၂၆**

ဘရာဇီးနိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်နေပြီး ဘရာဇီးနိုင်ငံ၏ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုအမြင့်ဆုံးကဏ္ဍက အသားထုတ်လုပ်ရေး လုပ်ငန်းများဖြစ်နေကြောင်း ဘရာဇီး Climate Observatory အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအနက် အသားထုတ်လုပ်မှုနှင့် ပဲပုပ်ထုတ်လုပ်မှု အမြင့်ဆုံးသော နိုင်ငံများစာရင်းတွင် ပါဝင်နေပြီး ဘရာဇီးနိုင်ငံအတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၇၄ ရာခိုင်နှုန်းမှာ အသားထုတ်လုပ်ရေး လုပ်ငန်းများမှဖြစ်ကြောင်း၊ အဆိုပါ ၇၄ ရာခိုင်နှုန်းမှာ အသားထုတ်လုပ်ရေးလုပ်ငန်းများမှ တိုက်ရိုက်ထုတ်လွှတ်ခဲ့ခြင်းမဟုတ်သော်လည်း အသားထုတ်လုပ်ရေးလုပ်ငန်းများကြောင့်ဖြစ်ကြောင်း Climate Observatory အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

“ဘရာဇီးနိုင်ငံဟာ ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးအတွက် အလေးထား ဆောင်ရွက်နေပါတယ်။ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် စီမံချက်နဲ့ ဆောင်ရွက်နေပါတယ်။ ဘရာဇီးနိုင်ငံရဲ့ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ဆန်းစစ်ကြည့်လိုက်တော့ ၇၄ ရာခိုင်နှုန်းက အသားထုတ်လုပ်ရေးကဏ္ဍက ဖြစ်ပါတယ်။ ဘရာဇီးနိုင်ငံအနေနဲ့ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးနဲ့ ပတ်သက်ပြီး သူရဲကောင်းလုပ်မလား၊ ဗီလိန်လုပ်မလားဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ရွေးချယ်ရမဲ့ အချိန်ရောက်လာပြီ။ သူရဲကောင်းလုပ်မယ်ဆိုရင်တော့ အသားထုတ်လုပ်ရေးကဏ္ဍကို သေချာစိစစ်သွားဖို့ လိုအပ်နေပါတယ်”ဟု Climate Observatory အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မာစီယိုအက်စထရီနီက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဆီးကိုင်းတစ်ခက် ဒေါသယှက်၍

ဝင်းမင်း(ဖန်ခါးမြေ)



(၁)

ညောင်ပင်ကုန်းရွာကလေးသည် အေးချမ်းသာယာသည့် အညာကျေးလက်ရွာကလေးဖြစ်သည်။ ရွာသူ၊ ရွာသားအများစုသည်လည်း သမားရိုးကျ တောင်ယာလုပ်ငန်း၊ ထန်းလုပ်ငန်းဖြင့် သမာအာဇီဝကျစွာ အသက်မွေးဝမ်းကျောင်းပြုကြသည်။ ညောင်ပင်ကုန်းရွာသားတစ်ဦးဖြစ်သော ကိုမြင့်ဆောင်သည် ရွာနီးချုပ်စပ်က အားကိုးအားထားပြုရသော လက်သမားကောင်းတစ်ဦးဖြစ်သည်။ ကိုမြင့်ဆောင်သည် နေအိမ်များဆောက်လုပ်ရာတွင် ကျွမ်းကျင်ရုံသာမက တောင်သူများ မရှိမဖြစ်အသုံးပြုရသော လှည်းတစ်စီးလုံးကိုပါ ဆောက်လုပ်နိုင်သည်။ သူ့အလုပ်ကိုလည်း ဝတ်ကျေတန်းကျေ ပြီးစလွယ်မလုပ်ပါ။ စေတနာပါပါဖြင့် လုပ်သည်။ ထို့ကြောင့် ကိုမြင့်ဆောင်သည် နာမည်ကောင်းရသော လက်သမားကောင်းတစ်ဦးဖြစ်သည်။ ရပ်ရေးရွာရေး၊ သာရေးနာရေးများတွင်လည်း အားတက်သရော ကူညီလုပ်ကိုင်ပေးသည်။ ဘာသာရေးဘက်တွင်လည်း ကျေးရွာဝတ်ရွတ်အသင်းတွင်ပါဝင်ပြီး အိမ်သစ်တက်ပွဲ၊ ဘုရားကိုးဆူကပ်ပွဲများရှိပါက ကိုမြင့်ဆောင်တို့ ရှေ့ဆုံးကပင်ဖြစ်သည်။ စိတ်သဘောထားကောင်းမွန်ပြီး လူတစ်ဖက်သားကို ကူညီတတ်လေ့ရှိသော ကိုမြင့်ဆောင်ကို တစ်ရွာလုံးက ချစ်ခင်လေးစားကြသည်။ သို့ရာတွင် ကိုမြင့်ဆောင်တွင် အားနည်းချက်တစ်ခုရှိသည်။ ထိုအားနည်းချက်ကြောင့်လည်း အေးချမ်းသာယာသော သူ၏မိသားစုဘဝလေး အပူပင်လယ်ဝေခဲ့ရသည်။ သူ၏အားနည်းချက်မှာ ရုတ်တရက်ဖြစ်ပေါ်လာသောဒေါသကို မထိန်းသိမ်းနိုင်ခြင်းဖြစ်သည်။ တစ်နေ့ ဤတစ်နေ့သည် ကိုမြင့်ဆောင်တို့မိသားစုဘဝလေး အပူပင်လယ်ဝေသောနေ့ပင်ဖြစ်သည်။

(၂)

"သိန်းထိုက်အောင်ရေ ထမင်းကြမ်းကို ခပ်သုတ်သုတ်စားပါဟ နေမြင့်လှပြီ"

အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ထမင်းကြမ်းစားနေသောသားဖြစ်သူအား လှည်းပေါ်ကို ထွန်တုံးတင်ရင်း ကိုမြင့်ဆောင် ပြောနေခြင်းဖြစ်သည်။ ထမင်းစားနေသော သိန်းထိုက်အောင်ကိုကြည့်ပြီး ကိုမြင့်ဆောင် အားမရဖြစ်မိသည်။

"အခုခေတ်ကလေးတွေများ ဗီရိယ တယ်နည်းလှတယ်။ ကိုမြင့်ဆောင်တို့ လူပျိုပေါက်တုန်းကဆို အုန်းမောင်းခေါက်၊ ကြက်တွန်တာနဲ့ အိပ်ရာထ၊ ထမင်းကြမ်းစားပြီးလို့ တော(ယာ)ထဲ ယာထွန်နေပြီ။ မနက် ၉ နာရီလောက်ဆို ယာတစ်ခင်းညက်နေပြီ။ စောစောလုပ်ငန်းခွင်ဝင်တော့ နွားကော လူပါ နေပူသက်သာတယ်။ အခုခေတ်လို ညအိပ်ရေးပျက်စရာ ဗီဒီယိုရုံလဲမရှိ။ ရေဒီယိုကနေလွှင့်တဲ့ ဓာတ်ပြားသီချင်းတွေ နားထောင်ရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်"

သိန်းထိုက်အောင်က လူငယ်သဘာဝအပျော်အပါးမက်ချင်သည်။ နေဝင်မိုးချုပ်ဆို ရွာလယ်ကောင်လမ်းဆုံလမ်းခွတွင် ကာလသားကြီးများနှင့် ပေးလားဝါးလားပြောဆိုရသည်ကို သဘောကျနေသည်။ ဗီဒီယိုကြည့်သည်ကလည်း တစ်ညမှလွတ်သည်မရှိ။ နံနက်ဆိုအမေက နှိုးယူမှအိပ်မှုန်စုံမွှားထလာသည်။

"အဖေသွားရအောင်လေ"

"အေး မင်းအမေကို ထညက်(ထန်းလျက်)ခဲယူခဲ့ဖို့ ပြောလိုက်အုံး"

"အမေရေ သွားပြီဗျို့။ အဖေက အမေတော(ယာ) ထဲလိုက်လာရင် ထညက်ခဲယူခဲ့အုံးတဲ့"

မီးဖိုချောင်ထဲတွင် ဟင်းချက်နေသော မငွေခင်ကို နှုတ်ဆက်ခဲ့ပြီး သားဖနှစ်ဦး တော(ယာ)ထဲထွက်လာခဲ့ကြသည်။

(၃)

လမ်းဘေးတစ်လျှောက်မှ နှမ်းခင်းများကိုကြည့်ပြီး ကိုမြင့်ဆောင်အားရနေမိသည်။ သည်နှစ်တော့ တစ်ရွာလုံး နှမ်းရလောက်မည်ထင်သည်။ သို့သော်လည်း နှမ်းဆိုသည့်သီးနှံမျိုးက ပုတ်ထဲ၊ တောင်းထဲရောက်မှ စိတ်ချရသည်။ ထို့ကြောင့် နှမ်းကို လောင်းကစားသီးနှံဟုလည်း ခေါ်ကြသည်။ နောက်မိုးက မည်သို့လာမည်မှန်း မခန့်မှန်းတတ်။ ဆည်ရေသောက်အရပ်မဟုတ်တော့ မိုးကိုပဲအားထားပြီး စားသောက်လုပ်ကိုင်နေကြရသည်။ ယာထဲရောက်တော့ ကိုမြင့်ဆောင်က ထွန်တုံးတပ်၍ နှမ်းကြောင်းဆွဲသည်။ သိန်းထိုက်အောင်က ယာနှစ်ခင်းကျော်ခန့်က အိမ်ကယာခင်းထဲသို့ မြက်သွားရိတ်သည်။

"အဖေရေ အဖေ"

ထယ်တစ်ရေးညက်လောက်တွင် ကိုမြင့်ဆောင်ဆီသို့ သိန်းထိုက်အောင် အမောတကောပြေးလာနေသည်။ သည်ကောင် ဘာများဖြစ်လာပါလိမ့်။

"ဟေ ဘာဖြစ်လာတာတုံးဟ"

"ဦးထွန်းမောင် ကျုပ်တို့ဆီးပင်ကြီးကို ခုတ်နေတယ်ဗျ"

"ဟာ . . . တောက် ဒီကောင်တော့ကွာ"

ကိုမြင့်ဆောင်ခန္ဓာကိုယ်တစ်ခုလုံး ဒေါသဆူဝေသွားသည်။ လှည်းအိမ်တွင် ချိတ်ဆွဲထားသည့် လောက်လေးခွထည့်ထားသော လွယ်အိတ်ကိုလွယ်၍ ခက်ရင်းခွဆွဲကာ ဆီးပင်ကြီးရှိရာသို့ ကိုမြင့်ဆောင် ဒေါသကြီးစွာ ပြေးထွက်လာခဲ့သည်။

(၄)

ကိုထွန်းမောင်သည် သူစိမ်းမဟုတ်ပါ။ မငွေခင်၏ မောင်အရင်းဖြစ်၍ ကိုမြင့်ဆောင်၏ ယောက်ဖအရင်းလည်းဖြစ်သည်။ သို့သော်လည်း မငွေခင်၏မိဘနှစ်ပါး ဆုံးပါးသွားပြီးနောက် မောင်နှမတစ်တွေအမွေခွဲဝေကြတော့ အမွေခွဲဝေတာမတည့်၍ ဆွေမျိုးအရင်းကနေ ရန်သူကြီးပမာဖြစ်သွားကြသည်။ ယခုဆီးပင်ကြီးမှာ ကိုမြင့်ဆောင် ယာခင်းကြားနှင့် ကိုထွန်းမောင် ယာခင်းကြားတွင်ပေါက်နေသော ဆီးပင်ကြီးဖြစ်သည်။ ကိုထွန်းမောင်က တစ်ယောက်တစ်ခြမ်းပိုင်သည်ဟု သတ်မှတ်ထားသည်။ ကိုမြင့်ဆောင်က ဆီးပင်ခြေက သူ့ယာခင်းဘက်တွင် နည်းနည်းပါနေ၍ သူတစ်ဦးတည်းသာပိုင်သည်ဟု ဆုံးဖြတ်ထားသည်။ ယခု သူပိုင်သော ဆီးပင်ကြီးကိုခုတ်နေ၍ ကိုမြင့်ဆောင် အသားများ တဆတ်ဆတ်တုန်သည်ထိ ဒေါသများဖြစ်နေသည်။ ကိုမြင့်ဆောင် ဆီးပင်ကြီးအောက်ရောက်သွားသောအခါ ကိုထွန်းမောင်က သူ့ဘက်အခြမ်းမှ ဆီးကိုင်းတစ်ခက်ကို ဆူးခရိုး(ခြံစည်းရိုး)ကာရန် ခုတ်နေသည်။ ဆီးပင်အောက်တွင် ကိုထွန်းမောင်မိန်းမ မခင်စိန်နှင့် သမီးကြီး အေးသီခိုင်တို့ရှိနေကြသည်။

"ဟေ့မောင်ထွန်းမောင် အခုဆင်းစမ်း"ဆိုပြီး-

လက်ကလည်း လောက်လေးခွနှင့် ကိုထွန်းမောင်ကို ပစ်နေသည်။

"ကိုမြင့်ဆောင် တော် လွန်ပြီနော်။ အခုဆီးကိုင်းက ကျုပ်တို့ဘက်က ဆီးကိုင်းပါ"

"အောင်မာ ဆီးပင်ခြေရင်းကို သေချာကြည့်အုံး ငကန်းမရဲ့။ ဆီးပင်တစ်ပင်လုံး ငါ့ယာခင်းဘက်ရောက်နေတာ တစ်ပင်လုံးငါပိုင်တယ်"

ဒေါသကြောင့် စကားများလည်း ကြမ်းရပြီ။

"အဲဒါဆိုလဲ တော် ပါးစပ်ကပြောပါ့လား။ ဘာလို့ ကျုပ်ယောက်ျားကို လေးခွနဲ့ပစ်ရတာတုံး"

"နင့်ယောက်ျားက လူပါးဝလို့ကို ပစ်တာဟ။ ပစ်တယ်ဟာ ပစ်တယ်"

"ကဲ ငါ့အဖေကိုပစ်ချင်အုံး"

ဘေးနားတွင်ရှိသော အေးသီခိုင်က မခံမရပ်နိုင်ဖြစ်ကာ ကိုမြင့်ဆောင်ကို သဲနှင့်ကျုံးပက်လေသည်။ ကိုမြင့်ဆောင်၏ဒေါသသည် အေးသီခိုင်အပေါ်တွင် ကျရောက်သွားသည်။ ဒေါသဖုံးလွှမ်းနေ၍ ကြီးသည်၊ ငယ်သည်မမြင်တော့ပါ။ ဘေးနားတွင်ရှိသော ခက်ရင်းခွနှင့် အေးသီခိုင်ကိုရိုက်လိုက်သည်။ အေးသီခိုင် လဲကျသွားသည်။ သမီးလဲကျသွားသည်ကို မြင်သောအခါ မခင်စိန်လည်း ကိုမြင့်ဆောင်အား ဝင်လုံးလေသည်။ သို့သော်လည်း ယောက်ျားအားနှင့် မိန်းမအား မမျှတ၍ ကိုမြင့်ဆောင် လဲကျမသွားပါ။ မခင်စိန်ကိုပါ ခက်ရင်းခွနှင့် ရိုက်ပစ်လိုက်သည်။ မခင်စိန်လဲကျသွားသော်လည်း ကိုမြင့်ဆောင် ဒေါသအရှိန်ကြောင့် နှစ်ချက်လောက်ဆင့်ရိုက်လိုက်သည်။ မခင်စိန် လက်နှင့်ကာမိ၍ လက်ကျိုးသွားသည်။ အေးသီခိုင်လည်း လူကြီးတစ်ယောက်၏ ရိုက်နှက်အားကြောင့် လဲရာမှ ပြန်မထနိုင်တော့ပါ။

"ဟေ့ကောင်မြင့်ဆောင်၊ လွန်မယ်နော် မင်းဒေါသကို ထိန်းစမ်း"

ယာခင်းနီးချင်း ဘကြီးလှမြိုင်ရောက်လာသည်။ အခြားယာထွန်သူများလည်းရောက်လာ၍ ကိုမြင့်ဆောင်ကို ဝိုင်းဆွဲထားကြသည်။ မခင်စိန်တို့သားအမိကို ဆွဲထူသူကလည်း ထူပေးနေကြသည်။ စိမ်းမြနေသော နှမ်းခင်းကြီးများ၏အလယ်တွင် ရုတ်တရက်ဖြစ်ပေါ်လာသော ဒေါသတစ်ခုကို မထိန်းသိမ်းနိုင်သောကြောင့် အကျည်းတန်အရုပ်ဆိုးသော မြင်ကွင်းတစ်ခုဖြစ်ပေါ်ခဲ့ရပြီ။ နှမ်းခင်းကြီးများကိုဖြတ်၍ တိုက်ခတ်လာသော လေသည်ပင် ဒေါသရန်ပွဲ၏ ပူလောင်မှုကြောင့် အေးမြမှုမရှိသကဲ့သို့ ဖြစ်သွားရသည်။ ဒေါသအပူသည် ပတ်ဝန်းကျင်ကို ကူးစက်သွားတော့သည်။

(၅)

နောက်တစ်နေ့တွင် ကိုထွန်းမောင်သည် သူ့မိန်းမနှင့်သမီးကို ရိုက်နှက်သော ကိုမြင့်ဆောင်ကို မြို့ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားလေသည်။ ကိုမြင့်ဆောင်ကို ဖမ်းဆီးရန် မြို့မှရဲများ ရွာကိုရောက်လာတော့ ရွာထဲတွင် မည်သူနှင့်မျှ စကားပင်မများဖူးခဲ့သော ကိုမြင့်ဆောင်တစ်ယောက် အရှက်၊ အကြောက်တရားဖြင့် ရင်ဆိုင်နေရလေပြီ။ ရိုက်နှက်မှုဖြင့် ကိုမြင့်ဆောင်ကို ရဲများဖမ်းသွားကြလေသည်။ တရားရုံးတွင် အမှုရင်ဆိုင်ရသောအခါ အမှုပေါ့လျှော့ရေးအတွက် ကိုမြင့်ဆောင်ဘက်က ရှေ့နေငှား၍လိုက်ခဲ့သော်လည်း အမှုမနိုင်ခဲ့ပါ။ ကိုမြင့်ဆောင် ထောင်နှစ်နှစ်ကျသွားခဲ့သည်။ မိသားစုမှာလည်း ကိုမြင့်ဆောင်အမှုအတွက် မြို့တရားရုံးနှင့် သွားချည်ပြန်ချည်လုပ်ရသောကြောင့် တောလုပ်တောကိုင်ပျက်ကြရသည်။ ငွေကုန်ကြေးကျများကြရသည်။ ကိုမြင့်ဆောင် ထောင်မှလွတ်လာသောအခါတွင်လည်း လူက ယခင်ကကဲ့သို့ တက်တက်ကြွကြွမရှိတော့။ ထောင်ထွက်ဆိုသောအသိစိတ်ကြီးက သူ့ကိုလူတောထဲတိုးရန် မဝံ့မရဲဖြစ်ရသည်။ စိတ်ထောင်းကိုယ်ကြေဆိုသကဲ့သို့ ရောဂါမည်မည်ရရ တပ်မရဘဲ ကိုမြင့်ဆောင် ကွယ်လွန်သွားလေသည်။ ဆီးကိုင်းတစ်ခက်နှင့်ပတ်သက်ပြီး ဒေါသယှက်နွယ်မိခဲ့၍ ယခုတော့ မိသားစုအတွက် အိမ်ထောင်ဦးစီးကောင်းတစ်ယောက် ဆုံးရှုံးခဲ့ရသလို ညောင်ပင်ကုန်းကျေးရွာအတွက်လည်း လက်သမားကောင်းတစ်ဦး ဆုံးရှုံးခဲ့ရလေပြီ။

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၇၄၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၇၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၀၀၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၇၄၆ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးခရိုင်မှာ ဟင်းသီးဟင်းရွက်ဧက ၁၃၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိ ဧက ၁၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပါပြီ။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ ဟင်းခတ်အမွှေးအကြိုင်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် သီးနှံတွေ စိုက်ပျိုးပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၇၇၈၃ ဧက၊ ကလေးဝမြို့နယ်တွင် ၁၉၃၅ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၃၀၂၈ ဧက စုစုပေါင်း ၁၂၇၄၆ ဧကဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၈၅၅၈ ဧက၊ ကလေးဝမြို့နယ်တွင် ၁၅၁၂ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၂၉၃၃ ဧက စုစုပေါင်း ၁၃၀၀၃ ဧကဖြစ်ကြောင်း သိရသည်။

(၂၀၆)

# တောင်တွင်းကြီးမြို့နယ် ချောင်းနက်(နောက်)ကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ချောင်းနက်ကျေးရွာအုပ်စု ချောင်းနက်(နောက်)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်းမြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း တာဝန်ခံ ဝန်ထမ်းများက ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။



တောင်တွင်းကြီးမြို့နယ် ချောင်းနက်(နောက်)ကျေးရွာတွင် အရှည် ၃၃၀၆ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာနေ ပြည်သူလူထုထည့်ဝင်ငွေကျပ် တစ်သန်း စုစုပေါင်း ငွေကျပ် ၁၆ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်သောကြောင့် ချောင်းနက် (နောက်) ကျေးရွာရှိ အိမ်ခြေ ၆၂၅ အိမ်၊ လူ ၂၃၇၄ ဦးတို့ ရာသီမရွေး သွားလာရလွယ်ကူပြီဖြစ်ကြောင်း သိရသည်။

**နွံ့ယဉ်**

# ရပ်စောက်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**ရပ်စောက် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလည်ချောင်ကျေးရွာအုပ်စု တောယားကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရွှေရယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရွှေရယ်က တောယားကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၂၀၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောယားကျေးရွာရှိ နေကြာစိုက်ပျိုးမည့် တောင်သူ ၄၂ ဦး၊ ပန်းနှမ်းစိုက် တောင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၅၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေကျပ် ၂၀၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

## အနာဂတ်လူငယ် မြင့်မြတ်သည်သို့

\- တို့လူငယ် စိတ်ထားမြင့်ပါလို့
လူ့ဂုဏ်တင့် အမှန်တကယ်၊
တာဝန်တွေ ကိုယ်စီထမ်းလို့
ကြိုးပမ်းကြကွယ်၊
ကိုယ့်လုပ်ရပ် လှဖို့ရယ်
တင့်တင့်တယ် အသိစိတ်မွေး၊
အကြံဉာဏ် သတိထပ်လို့
မြင့်မြတ်တယ်လေး။

\- ချင့်ချိန်ရန် ပေါ့ပေါ့မတွေးနဲ့
လူမှုရေးလည်း ရှိပါစေ၊
လောကမှာ လှဂုဏ်ပိုက်လို့
နှစ်ခြိုက်ပါလေ၊
ကိုယ့်အနာဂတ် ကောင်းအောင်နေ
ကျင့်စရိုက်တွေ လှခြယ်ထား၊
လူနှင့်လူ ချစ်နှောင်ထုံးလို့
ပြုံးနဲ့ဝင့်ကြွား။

\- ဒေါသမာန် မုန်းမပွားဖို့
နှလုံးသား တံခွန်ထူ၊
စကားကို ချိုသာပြောလို့
နှီးနှောကြသူ၊
ညီညွတ်မှုနှင့် လက်ကမ်းကူ
နိုင်ငံ့ဝန်ယူ တိုင်းပြည်အတွက်၊
ကြံ့ကြံ့ခိုင် မေတ္တာငွေ့နှင့်
(အို့ . . . ကွယ်)
ကြိုးပမ်းရှေ့ဆက်။ ။

**ကလေးလေး(ဟသ်ာတ)**

# ဘားအံမြို့နယ် ကော့စကလိုကျေးရွာ၌ ဂဝံလမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ အောက်တိုဘာ ၂၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကော့ကဒါကျေးရွာအုပ်စု ကော့စကလိုကျေးရွာတွင် ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကော့စကလိုကျေးရွာ၌ ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကော့စကလိုကျေးရွာတွင် အရှည်ပေ ၂၇၀၀၊ အကျယ် ၁၂ပေ၊ အမြင့်တစ်ပေရှိ ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ် သိန်း ၁၈၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ကော့စကလိုကျေးရွာရှိ အိမ်ခြေ ၂၃၈အိမ်၊ လူဦးရေ ၈၆၀ အတွက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

# စင်ပေါ်ကစာအုပ်များ (၁၈)

မန်းတင့်မော်

လူသားတိုင်း လူ့ဘဝခရီးကို လျှောက်လှမ်းကြရာတွင် အခက်အခဲမျိုးစုံကို ကြုံတွေ့ကြရစမြဲဖြစ်သည်။ ထိုအခက်အခဲများကို သတိဉာဏ်ပညာယှဉ်လျက် ရင်ဆိုင်ဖြတ်သန်းကြရသည်လည်းဖြစ်ပါသည်။ တချို့က အခက်အခဲကို ငွေနှင့်ဖြေရှင်းမှ ပြေလည်သည်ဟုလည်း ဆိုသူရှိသည်။ တချို့က သတိကိုလက်ကိုင်ပြုရမည်ဟု ညွှန်ပြပြန်သည်။ လူကြီးသူမများနှင့် ပညာရှိများကမူ အခက်အခဲဟူသမျှ ဉာဏ်ပညာနှင့်ကျော်လွှားရမည်ဟူ၍ ဆိုဆုံးမတတ်ကြပြန်ပါသည်။ သူ့နေရာနှင့်သူ မှန်သည်ဟု ဆိုရပါမည်။ လူငယ်ထုအပေါ် စေတနာကောင်းထားလျက် အမြဲတစေဟောပြောဆိုဆုံးမရေးသားလေ့ရှိသူ ဆရာအောင်သင်းက ဂရိဒဿနပညာရှင် အက်ပီကူးရပ်(စ်)၏ "ခက်လျှင်ခဲပါ"အမည်ရှိ အတွေးကို ဆရာက ဆက်လက်တွေးမြင်ထားခြင်းကို မျှဝေလိုပါသည်။

ဆောင်းပါးခေါင်းစီးပါ အဆိုအမိန့်မှာ "အခက်အခဲကြီးလေလေ ကျော်လွှားနိုင်သည့် ဂုဏ်ရည်ကြီးလေလေဖြစ်သည်။ ကျွမ်းကျင်သော မာလိန်မှူးတို့သည် သူ၏ကျော်စောမှုကို လေပြင်းမုန်တိုင်းတို့ကြောင့် ရခဲ့ခြင်းဖြစ်သည်"ဟူ၍ဖြစ်ပါသည်။ ဆရာအောင်သင်းကိုယ်တိုင် အဆိုပါ အဆိုအမိန့်ကို အဖော်ပြု၍ ဘဝခရီးကို လျှောက်ခဲ့ရသည်ဟု ဆိုပါသည်။ အခက်အခဲဖြတ်သန်းပုံနှင့် စပ်လျဉ်း၍ ဆရာ့အမြင်တစ်ရပ်မှာ "သက်စွန့်ဆံဖျားစွန့်စားသူတို့၏ စွန့်စားမှုကို ကျွန်တော်ရှိသေပါသည်။ ချီးကျူးပါသည်။ သို့သော် အတွေးအခေါ်စွန့်စားသူတို့၏ စွန့်စားမှုကိုတော့ ပိုလို့အံ့သြခြင်း ရှိသေခြင်းဖြစ်မိပါသည်။ ကမ္ဘာကြီးကို လုံးပါသည်ဟု ပြောလိုက်မိခြင်းကြောင့် အသေခံခဲ့ရသည်။ သေချာစဉ်းစားကြည့်လိုက်လျှင် ကျွန်တော်တို့၏ ဗုဒ္ဓမြတ်ရှင်၏တွေ့ရှိချက်တရားတော်များမှာ သူ့ခေတ်သူ့အခါကို လှမ်းပြီး မှန်းကြည့်လိုက်လျှင် တကယ့်ကိုစွန့်စားခန်းကြီးဖြစ်နေသည်ကို တွေ့နိုင်ပါသည်"ဟူ၍ ဖြစ်ပါသည်။

လူအချင်းချင်းပေါင်းသင်းဆက်ဆံကြရာတွင် ဆွေမျိုးသားချင်းသည် အရေးပါသကဲ့သို့ မိတ်ကောင်းဆွေကောင်းရှိခြင်းကလည်း အထူးအရေးပါသည်။ မိတ်ကောင်းဆွေကောင်းရှိမှ အခက်အခဲကိုရင်ဆိုင်ရာတွင် အောင်မြင်နိုင်သည်လည်းဖြစ်သည်။ ဇွဲ၊ လုံ့လ၊ ဝီရိယက ကိုယ်ပိုင်ကိုယ်တိုင်စိုက်ထုတ်ထူထောင်ရသော အရာများဖြစ်၍ မိတ်ကောင်းဆွေမွန်ဟူ၍လည်း တင်စားကြပါသေးသည်။ မြန်မာ ဒဿနဆရာ နန္ဒာသိန်းဇံက "မိတ်ကောင်းဆွေကောင်း နှင့် ခရီးသွားခြင်း"ဟူသော အတွေးအမြင်ဆိုင်ရာ စာအုပ်ကောင်းတစ်အုပ်ရေးသားထုတ်ဝေခဲ့ရာ ရှာဖွေဖတ်ရှုမှတ်သားလိုက်နာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။ မိတ်ဆွေနှင့်ပတ်သက်၍ မြန်မာတို့က "ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း" ဟူ၍လည်း ဆုံးမစကားရှိထားပါသည်။ နိုင်ငံရပ်ခြားစကားတစ်ရပ်တွင်လည်း "မိတ်ဆွေဟူသည် ဝမ်းသာဝမ်းနည်းမှုများကို မျှဝေခံစားတတ်သူဖြစ်သည်"ဟူ၍ မှတ်သားဖူးပါသည်။

ဆရာအောင်သင်းက "အခက်အခဲနှင့် ကြုံတွေ့သည့်အခါမျိုးတွင် မိတ်ကောင်းဆွေကောင်းတစ်ယောက်၏ အားပေးစကားသည် အောင်မြင်မှုအတွက် တံတားထိုးပေးလိုက်သကဲ့သို့ ဖြစ်လာတတ်ပါပေသည်။ ယခုအထက်တွင် တင်ပြလိုက်သော စကားစုကလေးမျိုးမှာ မိတ်ကောင်းဆွေကောင်းတို့၏ အားပေးသံကလေးများသဖွယ် ဖြစ်ပါချေသည်။ သေချာစဉ်းစားကြည့်လိုက်လျှင်လည်း မုန်တိုင်းကို မတွေ့ဖူးသော မာလိန်မှူးကို အထင်ကြီးရန် အလွန်ခက်ပါလေသည်"ဟု ဆိုထားပြန်ပါ၏။

**❖ မိတ်ဆွေနှင့်ပတ်သက်၍ မြန်မာတို့က "ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း" ဟူ၍လည်း ဆုံးမစကားရှိထားပါသည်။ နိုင်ငံရပ်ခြားစကားတစ်ရပ်တွင်လည်း "မိတ်ဆွေဟူသည် ဝမ်းသာဝမ်းနည်းမှုများကို မျှဝေခံစားတတ်သူဖြစ်သည်"ဟူ၍ မှတ်သားဖူးပါသည်။ ဆရာအောင်သင်းက အခက်အခဲနှင့် ကြုံတွေ့သည့်အခါမျိုးတွင် မိတ်ကောင်းဆွေကောင်းတစ်ယောက်၏ အားပေးစကားသည် အောင်မြင်မှုအတွက် တံတားထိုးပေးလိုက်သကဲ့သို့ ဖြစ်လာတတ်ပါပေသည်။ ❖**

သတ္တိဟူသောစကားကို အမျိုးမျိုးဖွင့်ဆိုကြပါသည်။ ခုတ်ရဲ ထစ်ရဲ သတ်ရဲသည်ကိုသတ္တိဟု မဆိုလို။ စိတ်ဓာတ်ခွန်အား၊ စိတ်စွမ်းအားဖြင့် အရာရာကိုရင်ဆိုင်ရဲမှ သတ္တိဟူ၍ ဆိုလိုကြောင်းလည်း မှတ်သားမိပါသည်။ ဆရာအောင်သင်း၏ ငယ်ဆရာတစ်ဦးမှာ အရေပြားရောဂါစွဲကပ်၍ သူကိုယ်သူအဆုံးစီရင်မည် ဆိုသည့် စိတ်တွင်ဖြစ်ပေါ်လာကြောင်း သို့သော် စာကောင်းပေမွန်က မိတ်ဆွေကောင်းသဖွယ် ညွှန်ပြသဖြင့် အသက်ဘေးမှလွတ်ရန် ရင်ဆိုင်နိုင်ခဲ့သည်ဟု ဆိုပါသည်။ ထိုစာစုလေးမှာ "စည်းစိမ်ဥစ္စာ ဆုံးရှုံးသော် များစွာဆုံးရှုံး၏။ မိတ်ဆွေကောင်းကို ဆုံးရှုံးသော် ပို၍ဆုံးရှုံး၏။ သတ္တိဆုံးရှုံးလျှင်ကား ကုန်ပါလေတော့၏"ဟူ၍ ဖြစ်ပါသည်။ စိတ်ဓာတ်ခွန်အား သတ္တိပေးစွမ်းနိုင်သောစာစုကလေးပါပေသည်။

ဆရာအောင်သင်းက သူ၏ဆောင်းပါးပါ စာစုကလေးများကို ကိုးကားလျက် မြန်မာတွင် လောကနီတိကရှိပြီးသားဖြစ်ကြောင်း ပြောပါသည်။ ဆရာ၏ ဆောင်းပါးအဆုံးသတ်တွင် စာဖတ်သူအတွက် စေတနာထားကြောင်း ပေါ်လွင်ပါသည်။ "အခက်အခဲကိုရင်ဆိုင်တွေ့ရလျှင် ခွန်အားအသစ်ကို ရနိုင်ကြပါစေခြင်းငှာ အားတိုးဆေးစကားစုကလေးတစ်ပုဒ်ကို တင်ဆက်လိုက်ရခြင်းဖြစ်ပါသည်" ဟူ၍ဖြစ်ပါသည်။

လူတို့၏ ကျန်းမာရေးအတွက် အိပ်စက်အနားယူခြင်းသည် အလွန်အရေးပါသည်။ တစ်နေ့တာ စားဝတ်နေရေးအတွက် အလုပ်လုပ်ခဲ့ကြရာ ညအခါ လူတိုင်းအိပ်စက်အနားယူကြရပါသည်။ ကျန်းမာရေးဆိုင်ရာ ပညာရှင်များကလည်း လူတစ်ဦးအချိန်မည်မျှ အိပ်စက်ရမည်ဆိုသည်ကိုလည်း ညွှန်းဆိုချက်များလည်းရှိသည်။ အိပ်ရေးဝဝအိပ်မှ နောက်တစ်နေ့အတွက် ခွန်အားသစ်များ တိုးနိုင်သည်ကိုလည်း အားလုံးအသိပင်ဖြစ်သည်။ လုံ့လဝီရိယကြီးမားသူများကတော့ အိပ်ချိန်နည်း၍ အလုပ်လုပ်ချိန်များကြသည်ဟု ဆိုသည်။ ဗုဒ္ဓဘုရားရှင်၏ အိပ်ချိန်(ကျိန်းစက်ချိန်)အလွန်နည်းသည်ဟု တရားတော်များတွင် ကြားနာရဖူးသည်။ ဗုဒ္ဓသားတော်ကျမ်းပြု၊ သာသနာပြုရဟန်းတော်များတွင်လည်း ကျိန်းစက်ချိန် အလွန်နည်းကြောင်း ဖတ်ဖူးမှတ်ဖူးပါသည်။

ဆရာအောင်သင်းက "တစ်ရေးနိုးသော် အကြံပေါ်" ခေါင်းစဉ်ပါ ဆောင်းပါးတစ်ပုဒ်တွင် အင်္ဂလိပ်စာရေးဆရာ၊ အဘိဓာန်ဆရာ ဆင်မျူယယ်ဂျွန်ဆင် (၁၇၀၉-၁၇၈၄)၏ အဆိုအမိန့် "လူတစ်ယောက်ဘဝအတွက် အချမ်းမြေ့ရဆုံးအချိန်မှာ မနက်စောစော အိပ်ရာထဲမှာ အိပ်ရေးနှပ်နေရချိန်ဖြစ်သည်"ကို ကိုးကားထားပါသည်။ တက္ကသိုလ်တွင် စာသင်ခုံများ၌ ကျောင်းသား၊ ကျောင်းသူများ ရေးသားထားသော (ခပ်ကြမ်းကြမ်းဆိုရလျှင်) လက်ဆော့ထားသော စာများကို ခုံစာဟုဆိုကြသည်။ ထိုခုံစာများထဲမှ "တစ်ရေးနိုးသော် အကြံပေါ် ပေါ်တဲ့အကြံ ပြန်အိပ်ရန်" ဟူသောစာကို သတိရမိပါသည်။

အဘိဓာန်ဆရာကြီး၏ စာကိုဖတ်၍ "ဆရာကြီးဂျွန်ဆင်လဲ ငါ့လိုပဲ အိပ်ရေးနှပ်ရတာကို ကြိုက်တတ်ပါကလား"ဟု တွေး၍ပြုံးမိပါသေးသည်ဟုဆိုပါသည်။ ဆရာအောင်သင်းကလည်း လုပ်ငန်းတာဝန်မရှိလျှင် အိပ်ရာထဲတွင် ဇိမ်ခပ်ပြီးနေလေ့ရှိသည်ဟုဆိုသည်။ "ဇိမ်ခပ်"ဟူသောစကားလုံးကို မြန်မာစာဆရာမို့သာ သုံးစွဲနိုင်ပေသည်ဟု ထင်မြင်မိပါသည်။ ဆရာအောင်သင်းက အထက်ပါစကားကို ဆိုမိန့်ခဲ့သူ ဆရာကြီး ဂျွန်ဆင်က အိပ်ရေးနှပ်ရင်း အင်္ဂလိပ်ဝေါဟာရများကို ကြံစည်မိပြီး အဘိဓာန်ကြီးကို ပြုစုနိုင်ခဲ့ခြင်းဖြစ်ပေလိမ့်မည်ဟု မြင်ထားပါသည်။

လူတိုင်းတစ်ရေးနိုးတတ်ကြသည်။ အသက်အရွယ်ကြီးရင့်သူများတွင် ခဏခဏပင် နိုးနေတတ်ရာ တစ်ရေးသာမက နှစ်ရေး၊ သုံးရေးနိုးသည်ဟုပင် ဆိုနိုင်ပါလိမ့်မည်။ နိုးတိုင်းလည်း စိတ်အလျဉ်က တသွင်သွင်မပြတ် ဟိုရောက် သည်ရောက်ဖြစ်နေတတ်သည်။ တစ်ရေးနိုးကာလတွင် အနာဂတ်အတွက် လုပ်ဆောင်ရန် ကြံရွယ်ချက်များရှိသကဲ့သို့ အတိတ်က သတိရစရာများကလည်း တစ်သီတစ်တန်းကြီး ပေါ်လာတတ်သေးသည်။ စာတိုပေစရေးသားသူ စာကဗျာနှစ်သက်သူဖြစ်လျှင်တော့ မိမိရေးသားမည့်စာအတွက် တစ်ပိုင်းတစ်စပေါ်လာတတ်သည်။ ကဗျာကာရန်တချို့ စိတ်အတွေးမှာရေးမိတတ်သေးသည်။ သို့သော် ပြန်အိပ်မိလျှင်ဖြင့် ပျောက်ချင်းမလှ ပျောက်တတ်ပြန်သည်။ ဆရာအောင်သင်း၏ ဇာတိမြေတောင်တွင်းကြီးက နတ်မှီတောရဆရာတော်ကြီးက ညအခါ ကျိန်းစက်တော်မမူမီ အိပ်ရာဘေးတွင် လက်နှိပ်ဓာတ်မီးတစ်လက်၊ မှတ်စုအကြမ်းစာအုပ်လေးတစ်အုပ်နှင့် ခဲတံတိုလေးတစ်ချောင်းကို အမြဲထား၍ တစ်ရေးနိုးချိန်တွင် ဆရာတော်၏အာရုံတွင် ပေါ်လာသမျှ စကားလုံး၊ အတွေးများကို ချက်ချင်းလက်ငင်းကောက်၍ ရေးခြစ်ထားလေ့ရှိကြောင်း မှတ်သားဖွယ်၊ အတုယူဖွယ်ဖတ်ရှုရပါသည်။

ဆရာအောင်သင်းက ဆောင်းပါးအဆုံးတွင် "ဝီရိယ"ဆိုသည်မှာ လူခါးတောင်းကျိုက်နေခြင်း မဟုတ်၊ စိတ်ခါးတောင်းကျိုက်နေခြင်းလည်း ဖြစ်သည်ဟု ကျွန်တော်နားလည်လိုက်မိသည်။ ဆရာတော်၏ အလေ့မှာ အခြားသူများအတွက်တော့ဖြင့်မသိ။ ကျွန်တော်တို့လို စာသမားများအတွက်တော့ဖြင့် အလွန်ကို အသုံးတည့်သည်ဟု ထင်မိသည်။ သို့သော် ကျွန်တော်က လူညံ့တစ်ယောက်ဖြစ်လေတော့ ထိုသို့သော ဆရာကောင်း သမားကောင်းတို့၏ ဝီရိယအလေ့ကို သိခဲ့ဖူးပါလျက် ခုထက်တိုင်မလိုက်နိုင်သေးပါ။ ကျွန်တော့်ထက် တော်ချွန်ထက်မြက်သောသူများအတွက် နည်းလမ်းကောင်းကို တင်ပြလိုက်ရပါသည်"ဟူ၍ ရိုးသားစွာရေးသားထားပါသည်။ စာရေးချင်သူများ အတုယူဖွယ် လေးစားအားကျဖွယ်ဖြစ်သည်ဟု မြင်မိပါသည်။

ဆရာအောင်သင်း၏ သူ့အတွေးကိုယ့်အမြင် ဆောင်းပါးများမှာ တစ်ပုဒ်ချင်းဖတ်၍ ချထားလျှင်လည်း ရသည်။ ပို၍ကောင်းသည်။ ဝတ္ထုဖတ်သကဲ့သို့ တစ်ဆက်တည်းဖတ်ရန်မသင့်ပါ။ တစ်ပုဒ်ဆိုတစ်ပုဒ်ဆိုသလောက် မှတ်ဖွယ်သိဖွယ်များလည်း များလှသည်။ လက်လှမ်းမီရာနေရာ စာအုပ်စင်ပေါ်တွင် ရှိသင့်သောစာအုပ်တစ်အုပ်ဟုဆိုချင်ပါသတည်း။

**ကိုးကား**

**– အောင်သင်း သူ့အတွေးကိုယ့်အမြင်(ရွှေနံ့သင်းစာအုပ်တိုက် ၂၀၀၈)**

# ဝါးခယ်မမြို့နယ် ထောက်ရာကုန်းကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဝါးခယ်မ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ထောက်ရာကုန်းကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၂၅ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူ၊ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ခံအင်ဂျင်နီယာများက ထောက်ရာကုန်းကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ထောက်ရာကုန်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် (၁၄၂ × ၁၄၂)ပေ၊ အမြင့် သုံးပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၂ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက မေလစတုတ္ထပတ်မှ စ၍ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်က ပြောပြ၍ သိရသည်။

သံသာ

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

## ဘိုကလေးမြို့နယ်တွင် ဒေသထွက် ငါးရံ့ခြောက်များ ဈေးကောင်းရရှိနေ



**ဘိုကလေး အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ဒေသထွက် ငါးရံ့ခြောက်များ ဈေးကောင်းရရှိနေကြောင်း ဘိုကလေးမြို့နယ် ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်မြို့နှင့်အခြားဒေသများက ဝယ်ယူမှုကောင်းနေခြင်းကြောင့် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဩဂုတ်လနှင့် စက်တင်ဘာလက ငါးရံ့ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀၀ မှ ၄၂၀၀၀ ထိသာ ဈေးရှိခဲ့ပြီး လက်ရှိ အောက်တိုဘာလအတွင်း ငါးရံ့ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၇၄၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ငါးခြောက်မျိုးစုံကို ရန်ကုန်နဲ့အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ လက်ရှိ ဒေသထွက် ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုကောင်းနေတဲ့အပြင် ဈေးကောင်းပါရလာတယ်။ ဈေးကတော့ ငါးရံ့ခြောက် အကြီးအသေးအပေါ်မူတည်တာပါ။ ငါးရံ့ခြောက်အသေးဆုံးက တစ်ပိဿာကို ငွေကျပ် ၂၅၀၀၀ နဲ့ အကြီးက ငွေကျပ် ၇၄၀၀၀ ထိ ဈေးပေါက်နေတာပါ။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငါးရံ့ခြောက်တွေကတော့ လက်ကျန် ငါးရံ့ခြောက်တွေပါ။ လာမဲ့ နိုဝင်ဘာလကနေစတင်ပြီး ငါးရံ့ခြောက်အသစ်တွေ ထုတ်လုပ်တော့မှာပါ။ အခုလို ဈေးလဲကောင်း အရောင်းအဝယ်လဲ သွက်လက်လာတာကြောင့် ကုန်သည်တွေနဲ့ ငါးခြောက် သိုလှောင်ထားသူတွေ အဆင်ပြေနေပါတယ်"ဟု ဘိုကလေးမြို့နယ် ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့် ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ငါးရံ့ခြောက်များကို ရန်ကုန်မြို့သို့ တစ်ပတ်လျှင် ငါးရံ့ခြောက် ပိဿာချိန် ၁၀၀ မှ ၂၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း၊ အဆိုပါ ဒေသထွက်ငါးရံ့ခြောက်များကို ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံစသည့် နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## တန့်ယန်းမြို့နယ် ကုန်းကျောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**တန့်ယန်း အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ခမ်းကျေးရွာအုပ်စု ကုန်းကျောင်းကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့် ဝန်ထမ်းများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ကုန်းကျောင်းကျေးရွာတွင် သောက်သုံးရေရရှိရေး စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ ကုန်းကျောင်းကျေးရွာ သောက်သုံးရေ ရရှိရေးအတွက် အရှည် နှစ်မိုင် ခြောက်ဖာလုံ စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေတားတမံ တည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၅ ဒသမ ၂၃ သန်းဖြင့် မြို့တံခွန်ကုမ္ပဏီက တာဝန်ယူ၍ ဇူလိုင်လ ပထမပတ်မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်း ပြီးစီးသွားသဖြင့် ကျေးရွာနေပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်တို့အတွက် ရာသီမရွေးသောက်သုံးရေရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**နံ့လာ**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# စနေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေထဲက တိုက်စစ်ကစားပုံထက်မြက်နေတဲ့ ဝုပ်အသင်း၊ လိုက်ပ်ဇစ်အသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့ကို အားပေးရမှာပါ



လက်ရှိ ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ပွဲစဉ် (၉) ကျော်လာခဲ့တာကြောင့် အသင်းတိုင်းဟာ ကစားကွက်ပိုင်းအထိုင်ကျလာသလို စုဖွဲ့မှုလဲကောင်းလာတာကို တွေ့ရမှာပါ။ ဒါပေမဲ့ ကြားရက်မှာ ဥရောပအမှတ်ပေးပြိုင်ပွဲတွေရှိနေတာကြောင့် ဒဏ်ရာရ၊ ပွဲပန်းမှုတွေရှိနေတာဖြစ်လို့ ကစားသမားအင်အားတောင့်တင်းတဲ့ အသင်းတွေကိုသာ ရွေးချယ်ရမှာပါ။ ဒါကြောင့် လာမဲ့စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက အရန်ကစားသမားအင်အားကောင်းပြီး အိမ်ကွင်းကစားပုံထက်မြက်နေတဲ့ အသင်းတွေကိုသာ အားပေးသွားရမှာပါ။

### ဝုဗ်အသင်းကို အားပေးရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ်(၁၀) မှာ အကြိုက်တွေ့မိတာကတော့ ဝုဗ်အသင်းနဲ့ နယူးကာဆယ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝုဗ်အသင်းဟာ ပြီးခဲ့တဲ့ ပရီးမီးယားလိဂ်သုံးပွဲဆက် ရလဒ်ကောင်းခဲ့တာကြောင့် လက်ရှိမှာ ကစားသမားအားလုံး ယုံကြည်မှုပြည့်ဝနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ မန်စီးတီးအသင်းလို ချန်ပီယံအသင်းကို အနိုင်ကစားခဲ့ပြီးနောက်ပိုင်း ခံစစ်ကစားပုံတိုးတက်လာခဲ့သလို တိုက်စစ်မှူး ဟီချန်ဝမ်ကလဲ ဂိုးတွေဆက်တိုက်သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဝုဗ်အသင်းဟာ ပွဲစဉ်(၉) အပြီးမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးနဲ့ ရမှတ် ၁၁ မှတ်ရယူခဲ့ပြီး အဆင့်(၁၂) မှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ ဝုဗ်အသင်းဟာ နည်းပြ အိုနေးလက်ထက်မှာ တိုက်စစ်ကစားပုံကောင်းလာတာကြောင့် ရာသီအစ ပထမဆုံးပွဲကလွဲရင် ကျန်ပွဲစဉ်အားလုံးမှာ ဂိုးရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းတိုက်စစ်မှာတော့ ဟီချန်ဝမ်က ခြေစွမ်းပြနေပြီး သွင်းဂိုး ငါးဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ နည်းပြ အိုနေးဟာ နယူးကာဆယ်လို အသင်းလိုက်ကစားအားကောင်းတဲ့အသင်းကို အနိုင်ရဖို့ထက် မရှုံးနိမ့်ရေးကိုသာ ဦးတည်ကစားဖို့များပါတယ်။

နယူးကာဆယ်အသင်းဟာ ပြီးခဲ့တဲ့အပြောင်းအရွှေ့မှာ ဟာဗေးဘန်း၊ တိုနယ်လီ၊ လီဗရာမန့်တိုတို့လို ကစားသမားကောင်းတွေ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ကိုးပွဲအပြီးမှာ ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၆ မှတ်ရရှိခဲ့ပြီး အဆင့် (၆) မှာ ရပ်တည်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီမှာ ချန်ပီယံလိဂ်ပြိုင်ပွဲကို အာရုံစိုက်နေတာကြောင့် အမှတ်ပေးပွဲတွေမှာ ရမှတ်ဆုံးရှုံးခဲ့ပြီး အထူးသဖြင့် အဝေးကွင်းပွဲစဉ်တွေမှာ ရုန်းကန်ခဲ့ရတာကို သတိပြုရမှာပါ။ လက်ရှိ အမှတ်ပေးပွဲလေးပွဲအပြီးမှာ တစ်ပွဲသာအနိုင်ရခဲ့သလို သူတို့အနိုင်ရခဲ့တာကလဲ ရှက်ဖီး(ဃ) လို ခြေစွမ်းကျဆင်းနေတဲ့အသင်းကိုဖြစ်ပါတယ်။ ဝုဗ်နဲ့ နယူးကာဆယ်ဟာ လက်ရှိ ကစားပုံထက်မြက်နေတဲ့အသင်းတွေဖြစ်ပေမဲ့ နယူးကာဆယ်က ကြားရက်မှာ ဒေါ့မွန်နဲ့ ချန်ပီယံလိဂ်ပွဲ ကစားခဲ့ရသလို အဓိက ကစားသမားတွေ ဒဏ်ရာရနေတာကြောင့် အခုပွဲစဉ်မှာ ဝုဗ်အသင်းကို အနိုင်ရဖို့ခက်ခဲမှာပါ။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ရှစ်ကြိမ်မှာလဲ နယူးကာဆယ်က တစ်ပွဲသာအနိုင်ရခဲ့တာကြောင့် အခုပွဲစဉ်မှာ အိမ်ကွင်းရမှတ်ခွဲယူမဲ့ ဝုဗ်အသင်းကိုပဲ အားပေးရမှာပါ။

### ဝုဗ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လူတန် | ၁ | - | ၁ | ဝုဗ် |
| အစ်ဗုဇ် | ၃ | - | ၂ | ဝုဗ် |
| ဝုဗ် | ၂ | - | ၁ | မန်စီးတီး |
| ဝုဗ် | ၁ | - | ၁ | အေဗီလာ |
| ဘုန်းမောက် | ၁ | - | ၂ | ဝုဗ် |

### နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၂ | - | ၀ | ဘန်လေ |
| နယူးကာဆယ် | ၄ | - | ၁ | ပီအက်စ်ဂျီ |
| ဝက်စ်ဟမ်း | ၂ | - | ၂ | နယူးကာဆယ် |
| နယူးကာဆယ် | ၄ | - | ၀ | ပဲလေ့စ် |
| နယူးကာဆယ် | ၀ | - | ၁ | ဒေါ့မွန် |

### လိုက်ပ်ဇစ်အသင်း အနိုင်ရမှာပါ

ဘွန်ဒက်လီဂါပွဲစဉ်တွေမှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ လိုက်ပ်ဇစ်အသင်းနဲ့ ကိုလုံးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လိုက်ပ်ဇစ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းအမှတ်ပေးပွဲ နှစ်ပွဲမှာ နိုင်ပွဲမရခဲ့တာကြောင့် အခုပွဲစဉ်မှာ အိမ်ကွင်းရလဒ်ဆိုးရွားမှုကို အဆုံးသတ်ဖို့ ပြင်ဆင်လာမှာသေချာပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာတော့ ဇီဗက်ဒါအသင်းကို သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ နည်းပြ မာကိုရိုစ်ကတော့ အမှတ်ပေးပွဲ ရှစ်ပွဲအပြီးမှာ ရမှတ် ၁၇ မှတ်ထိရယူနိုင်ခဲ့ပေမဲ့ အဆင့်(၅) မှာ ရောက်ရှိနေတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက် အခုလိုခြေစွမ်းပိုင်းအားနည်းတဲ့ အသင်းနဲ့တွေ့ချိန်မှာ ရမှတ်ရှာဖွေလာမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဘိုင်ယန်မြူးနစ်၊ မန်စီးတီးအသင်းတို့နဲ့ ဆက်တိုက်ကစားအပြီးမှာ ကစားပုံကျဆင်းသွားခဲ့သလို အိမ်ကွင်းမှာ ဘိုချမ်လိုအသင်းကိုတောင် နိုင်ပွဲမရခဲ့ဘဲ သရေရလဒ်သာ ကစားနိုင်ခဲ့ပြီး ယုံကြည်မှုပျောက်ဆုံးခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဒမ်စတက်အသင်း၊ ဇီဗက်ဒါအသင်းတို့ကို အနိုင်ရခဲ့တာကြောင့် ကစားသမားတွေရဲ့ယုံကြည်မှု အားကောင်းလာသလို တိုက်စစ်ပိုင်းကလဲ ပိုမိုထက်မြက်လာတာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာ အိုပန်ဒါ၊ ပေါ်လူဆင်၊ ဆိုင်မွန်တို့အတွဲကို ကိုလုံးအသင်း ခံစစ်ကြောင်းတားဆီးနိုင်မှာမဟုတ်လို့ ရှုံးပွဲကြုံဖို့များပါတယ်။

ကိုလုံးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ ဂလာဘတ်ကို သုံးဂိုးတစ်ဂိုးနဲ့ ဂိုးပြတ်အနိုင်ရခဲ့တာကြောင့် အခုရာသီ ပထမဆုံးနိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲရှစ်ပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခြောက်ပွဲရှုံးနဲ့ ရမှတ်လေးမှတ်သာ ရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် တန်းဆင်းဇုန်ထဲရောက်နေတဲ့ သူတို့အသင်းဟာ ရလဒ်ကောင်းဖို့ အစွမ်းကုန်ကြိုးစားခဲ့တာကြောင့် ပြီးခဲ့တဲ့ပွဲစဉ်မှာ နိုင်ပွဲစတင်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ လိုက်ပ်ဇစ်လိုအသင်းကို ပြီးခဲ့တဲ့ပွဲစဉ်က ခြေစွမ်းမျိုးနဲ့ကစားမယ်ဆိုရင်တောင် နိုင်ပွဲရဖို့မလွယ်ကူဘဲ ဂိုးပြတ်မရှုံးဖို့သာ ကစားရမှာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြကတော့ ၄-၂-၃-၁ ကစားကွက်နဲ့ ခံစစ်အားပြု ကစားနေပေမဲ့ လိုက်ပ်ဇစ်တိုက်စစ်ပိုင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ဖို့တော့ ခက်ခဲမှာပါ။ ဒါ့ပြင် ကိုလုံးအသင်းဟာ လိုက်ပ်ဇစ်အသင်း အိမ်ကွင်းကစားခဲ့တဲ့ ပွဲစဉ်တွေမှာ ၂၀၁၈ ခုနှစ်နောက်ပိုင်း နိုင်ပွဲမရခဲ့သလို လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုအရလဲ လိုက်ပ်ဇစ်အသင်းက အသာရနေတာကြောင့် အိမ်ရှင်အသင်းပဲ အနိုင်ရမှာဖြစ်ပြီး ဂိုးပြတ်မပြတ်သာ စောင့်ကြည့်ရမှာပါ။

### လိုက်ပ်ဇစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၂ | - | ၂ | ဘိုင်ယန်မြူးနစ် |
| လိုက်ပ်ဇစ် | ၁ | - | ၃ | မန်စီးတီး |
| လိုက်ပ်ဇစ် | ၀ | - | ၀ | ဘိုချမ် |
| ဒမ်စတက် | ၁ | - | ၃ | လိုက်ပ်ဇစ် |
| လိုက်ပ်ဇစ် | ၃ | - | ၁ | ဇီဗက်ဒါ |

### ကိုလုံးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝါဒါဘရီမင် | ၂ | - | ၁ | ကိုလုံး |
| ကိုလုံး | ၀ | - | ၂ | စတုဂတ် |
| လေဗာကူဆင် | ၃ | - | ၀ | ကိုလုံး |
| ဂျာမန်နီးယား | ၀ | - | ၁၅ | ကိုလုံး |
| ကိုလုံး | ၃ | - | ၁ | ဂလာဘတ် |

### ရီးရဲလ်မက်ဒရစ်အသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်မှာတော့ အစဉ်အလာရပြိုင်ဘက်ကောင်းတွေဖြစ်တဲ့ အယ်ကလက်စီကိုပြိုင်ဘက် ဘာစီလိုနာအသင်းနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိ ဘာစီလိုနာအသင်းဟာ ပြိုင်ပွဲစုံမှာ ရှုံးပွဲမရှိသေးပေမဲ့ တိုက်စစ်မှူး လီဝမ်ဒေါ်စကီး၊ ရာဖင်ဟာ၊ ပက်ထရီနဲ့ ခွန်ဒီတို့ ဒဏ်ရာရသွားချိန်မှာ ခံစစ်၊ တိုက်စစ်ကျဆင်းသွားတာကို တွေ့ရမှာပါ။ လက်ရှိ အမှတ်ပေးပွဲ ၁၀ ပွဲအပြီးမှာတော့ ဘာစီလိုနာအသင်းက ခုနစ်ပွဲနိုင်၊ သုံးပွဲသရေနဲ့ ရမှတ် ၂၄ မှတ်ရရှိခဲ့ပြီး အဆင့်(၃) မှာရောက်နေပေမဲ့ အဆင့်(၁)က ရီးရဲလ်မက်ဒရစ်နဲ့ တစ်မှတ်သာ ကွာဟမှုရှိတာကို တွေ့ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်ဟာ သူတို့အသင်းအတွက် အရေးကြီးနေသလို ရှုံးနိမ့်ခဲ့ရင် ရမှတ်ပြတ်တောက်မှုဖြစ်နိုင်ပြီး လက်ရှိချန်ပီယံဆုကို ကွာကွယ်ဖို့ခက်ခဲသွားနိုင်ပါတယ်။ ဒါပေမဲ့ အဓိက ကစားသမားတွေ ဒဏ်ရာရနေတာက အခုပွဲစဉ်အတွက် အားနည်းချက်ဖြစ်နေတာပါ။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ၄၉ ကြိမ်မှာတော့ ဘာစီလိုနာက ၂၂ ပွဲနိုင်၊ ၁၀ ပွဲ သရေ၊ ၁၇ ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ မက်ဆီထွက်ခွာပြီးနောက်ပိုင်း အယ်ကလက်စီကိုပြိုင်ပွဲတွေမှာ ရလဒ်ကောင်းဖို့ ရုန်းကန်နေရတာကို တွေ့ရမှာပါ။

ရီးရဲလ်မက်ဒရစ်အသင်းကတော့ အေတီကိုအသင်းကို ရှုံးနိမ့်တာကလွဲရင် အခုရာသီပြိုင်ပွဲစုံမှာ ရှုံးပွဲမရှိဘဲ ပြိုင်ပွဲတိုင်းမှာ တိုက်စစ်ပိုင်း ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဗင်နီစီးယက်စ် ဒဏ်ရာရနေချိန်မှာ ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်က တိုက်စစ်လိုက်ပါပြီး အသင်းအတွက် လိုအပ်တဲ့သွင်းဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိတိုက်စစ်ပိုင်းမှာတော့ ဗင်နီစီးယက်စ် ပြန်လည်ပါဝင်လာသလို ဘယ်လင်ဟမ်၊ ရိုဒရီဂိုတို့နဲ့ ပြိုင်ဘက်အသင်းခံစစ်ကြောင်းကို ဖိအားပေးနေတာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ ရီးရဲလ်မက်ဒရစ်က ၁၀ ပွဲအပြီး ရမှတ် ၂၅ မှတ်ရယူနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယားကို ဦးဆောင်နေပြီး အခုပွဲစဉ်မှာ အမှားလုပ်ခဲ့ရင် အဆင့်ကျဆင်းသွားနိုင်တာကြောင့် ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမှာသေချာပါတယ်။ အခုပွဲစဉ်မှာ ကော့တိုက်နဲ့ မီလီတာအိုတို့ကလွဲရင် ကျန်ကစားသမားအားလုံး ကစားနိုင်မှာဖြစ်လို့ အဓိက ကစားသမားတွေ ဒဏ်ရာရနေတဲ့ ဘာစီလိုနာကိုတော့ ထိန်းချုပ်ကစားနိုင်ဖို့ များနေတာကို တွေ့ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ တိုက်စစ်ထက်မြက်နေတဲ့ ရီးရဲလ်မက်ဒရစ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

### ဘာစီလိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | ၁ | - | ၀ | ဆီဗီလာ |
| ပေါ်တို | ၀ | - | ၁ | ဘာစီလိုနာ |
| ဂရန်နာဒါ | ၂ | - | ၂ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၁ | - | ၀ | ဘီလ်ဘာအို |
| ဘာစီလိုနာ | ၂ | - | ၁ | ရှက်တာဒိုးနက် |

### ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | ၀ | - | ၃ | ရီးရဲလ်မက်ဒရစ် |
| နာပိုလီ | ၂ | - | ၃ | ရီးရဲလ်မက်ရစ် |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၀ | ဗိုဆာဆူနာ |
| ဆီဗီလာ | ၁ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| ဘရာဂါ | ၁ | - | ၂ | ရီးရဲလ်မက်ဒရစ် |

ML

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၇၄၃၁ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၇၄၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၅၃၈၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၇၄၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကျဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့၊ ပဲမျိုးစုံ တိုးချဲ့စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲမျိုးစုံဧက ၅၅၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၅၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ လျာထားချက်ထက် ဧက ၂၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၄၉ ဧက၊ ပဲတီစိမ်းဧက ၁၉၅၉၀၊ ထောပတ်ပဲ ၁၆၅ ဧက၊ စွန်တာပြာ ၁၅၉၅ ဧက၊ ပဲလွမ်း ၇၀၁ ဧက၊ ပဲစင်းငုံ ၃၄၈၆၈ ဧက၊ ပဲကြီး ၄၆၃ ဧက စုစုပေါင်း ၅၇၄၃၁ ဧက ဖြစ်ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရန်လျာထားမှုအနေဖြင့် မတ်ပဲ ၉၉ ဧက၊ ပဲတီစိမ်း ၁၇၄၂၄ ဧက၊ ထောပတ်ပဲ ၁၆၃ ဧက၊ စွန်တာပြာ ၁၄၁၅ ဧက၊ ပဲလွမ်း ၅၉၅ ဧက၊ ပဲစင်းငုံ ၃၅၂၁၆ ဧက၊ ပဲကြီး ၄၆၉ ဧက စုစုပေါင်း ၅၅၃၈၁ ဧက ဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၄၁၀၉ ဧက စိုက်ပျိုးရန် လျာထားကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# နမ္မတူမြို့နယ် နားကွဲကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နမ္မတူ အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားကွဲကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၄ သန်းဖြင့် ဆောင်ရွက်သည့် နားကွဲကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ကျောက်မဲခရိုင် နမ္မတူမြို့နယ် နားကွဲကျေးရွာ၌ အရှည်တစ်မိုင် ၁ ဒသမ ၅ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ မြေသားကုန်ထုတ်လမ်း သဲဖြူနှံခင်းခြင်းလုပ်ငန်းကို နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇူလိုင် ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်း ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာမှထွက်ရှိသောစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်ထံမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

**ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**






# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်






၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## ဝန်ထမ်းအလိုရှိသည်

1. စာရင်းကိုင် (ကျား/မ) (2) ဦး
2. အရောင်းစာရေးမ (1) ဦး
3. စက်ရုံကြီးကြပ် (1) ဦး
4. မြို့တွင်း Driver (2) ဦး
5. Marketing Driver (2) ဦး
6. အထွေထွေဝန်ထမ်း (ကျား/မ) (5) ဦး

- အမှတ်စဉ် (1), (2), (3) အတွက် ဘွဲ့ရဖြစ်ရမည်။ စကားပြောဆိုပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူ ဖြစ်ရမည်။ အလုပ်ကို အမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။ စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- အမှတ်စဉ် (4), (5) အတွက် လိုင်စင်သက်တမ်း (3)နှစ်နှင့်အထက်ရှိရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။
- စိတ်ပါဝင်စားပါက CV Form, အိမ်ထောင်စုဇယားမိတ္တူ၊ ထောက်ခံစာ၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ယာဉ်မောင်းလိုင်စင်မိတ္တူတို့နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

*** အိမ်နေ/အိမ်စားများလည်းလျှောက်ထားနိုင်ပါသည်။ ***

ဆက်သွယ်ရန်။ ။ အမှတ်(14)၊ 85 လမ်း၊ 28×29၊ မန္တလေးမြို့။
02-4069291 , 09-5069199

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်နေ ဦးမင်းသိန်း-ဒေါ်ရွှေရီ(ခ)ဒေါ်စန်းစန်းမြင့် တို့၏ သမီးဖြစ်သူ **မသီရိမွန် (ခ) သီရိ (၉/ခမစ(နိုင်)၀၄၆၅၄၂)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငွေရေးကြေးရေးနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးမင်းသိန်း (၉/မရတ(နိုင်)၀၂၅၄၅၆)**
**ဒေါ်ရွှေရီ(ခ)ဒေါ်စန်းစန်းမြင့်(၉/မရတ(နိုင်)၀၂၅၄၅၈)**

## အမည်မှန်

မန္တလေး၊မဟာအောင်မြေမြို့နယ်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော ဦးမင်းမင်းဖိုး(၅/စကန(နိုင်)၁၅၅၅၈၅)၏သား မောင်စိုးနိုင်ထွန်း၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ မောင်စိုးပြည့်သန့် ဖြစ်ပါကြောင်း။

**မောင်စိုးပြည့်သန့်(၅/အတန(နိုင်)၁၂၇၄၉၃)**

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်(၆၁၀)နေ နွယ်နွယ်ခိုင် (ဘ) ဦးကျောက်တေး (၉/အမဇ(နိုင်)၀၄၀၈၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-927461)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၀၀၄၄၈၇**

## ပျောက်ဆုံးကြောင်း

ဝက်လက်မြို့နယ်နေ မင်းခန့်ကိုကို(ဘ)ဦးသိန်းမြင့်(၅/ဝလန(နိုင်)၂၁၇၉၆၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-078973)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၄၇၂၉၂၉၁၅**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်...

❖ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကို အဓိကတည်ဆောက်ကြရ...

❖ နိုင်ငံရေးတည်ငြိမ်မှု၊ ရင့်ကျက်မှု၊ စီးပွားရေးတိုးတက်မှုများသည် ပညာတတ်ပေါကြွယ်ဝမှုနှင့်တိုက်ရိုက်အချိုးကျနေ...

❖ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါကြွယ်ဝရေးကို ဦးတည်ကြိုးပမ်းကြရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၁၈ ရက်တွင်ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**စာမျက်နှာ ၂၂ ကော်လံ ၄ ☆**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး၊ H.E. Mr. Iskander Azizov ကို လက်ခံတွေ့ဆုံစဉ်။**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

